www.burmeseclassic.com

# ဓာတ်ပုံကပြောသော
# မြိတ်သမိုင်းမှတ်တိုင်များ

မောင်မြချမ်း (မြိတ်)



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

လူငယ်အားမာန်ဖော်ပြည့်စုံရာ
စာစဉ်(၁)

BURMESE CLASSIC

ခေတ်ပုံကပြောသော

# မြိတ်သမိုင်း

မှတ်တိုင်များ

မောင်ပြေချမ်း(မြိတ်)
ပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံး (၃၀၄/၈၉) (ဂ)
စာမူခွင့်ပြုချက်အမှတ် (၃၁၇/၈၉) (၇)

မျက်နှာဖုံးပန်းချီ
ဝိတိုး

မျက်နှာဖုံးဒိုက်
စာပေလုပ်သား

ပထမအကြိမ်
၁၉၈၉ ခုနှစ် စက်တင်ဘာလ

တန်ဖိုး
၄၅-ကျပ်

အုပ်ရေ
၁၀၀၀

ရန်ကုန်မြို့၊ ၁၅၅၊ လိပ်ပြာကန်လမ်း၊ ပဟန်းရှိ စစ်သည်တော်စာပေမှ
ဦးသန်းဆွေ (၀၁၄၇၃)က ထုတ်ဝေပြီး၊
ရန်ကုန်မြို့၊ အမှတ်(၂၁၁) ၃၉-လမ်းရှိ စာပေလုပ်သားပုံနှိပ်တိုက်တွင်
ဦးလွင်စိုးယဉ် ယား‌ယိ(၂၄၀)က ရိုက်နှိပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

* စာရေးသူ၏ နိဒါန်းစကား
ဦးယျောဇဉ် .... (မောင်ဆုရှင်)

## ပထမပိုင်း

၁။ တနင်္သာရီနှင့် ဖွားအောင်သာ — ၁၂
၂။ သေးမားဆယ်နှစ်လုံး — ၂၀
၃။ ရှင်ကိုယ်တော်စေတီ — ၂၂
၄။ ဇေတဝန်စေတီ — ၂၇

## ဒုတိယပိုင်း

၅။ မြန်မာတို့က မာရိတ်၊ တနင်္သာရီနှင့်ဖွဲ့စာရာတီကို သိမ်းပိုက်ခြင်း — ၃၂
၆။ မြိတ်မြို့နှင့်အကွ တနင်္သာရီနယ်အား ပြိတ်သျှတို့ သိမ်းယူခြင်း — ၃၂
၇။ တနင်္သာရီတိုင်း — ၃၃
၈။ မြိတ်မြို့ — ၃၇
၉။ မြိတ်သျှကိုလိုနီခေတ် အားရးအခင်းများ — ၄၀
(က) ပုလ္လရှုးအရေးနှင့်မြိတ် — ၄၀
(ခ) ပိုက်စကူးကျောင်းနှင့် ပထမကျောင်းသားသပိတ် — ၄၂
(ဂ) တို့ဗမာအစည်းအရုံး — ၄၄
၁၀။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံသို့ ဂျပန်စစ်ခြေလှမ်းနှင့် ဂျပန်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်တို့ ရောက်ရှိလာခြင်း — ၅၀

www.burmeseclassic.com


၁၁။ မြိတ်အားရှလူငယ် .... ၆၁

၁၂။ စစ်ပြီးစ မြိတ်အခြေအနေ .... ၇၁

၁၃။ ဗိုလ်ချုပ်အောင်ဆန်း မြိတ်သို့ခရီးတစ်ခေါက် .... ၃၉

၁၄။ လွတ်လပ်ရေးနှင့် မြိတ်မော်ကွန်းကျောက်စာတိုင် .... ၈၂

၁၅။ လွတ်လပ်စ မြိတ်အ ခြေအနေနှင့်ပြည်တော်သာခေတ် .... ၉၁

၁၆။ အိမ်စောင့်အစိုးရနှင့် ကထွေထွေရွေးကောက်ပွဲ .... ၁၀၃

၁၇။ တော်လှန်ရေးကောင်စီနှင့် နောက်ပိုင်းအခြေအနေများ.... ၁၀၅

၁၈။ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီ
အဆင့်ဆင့် တာဝန်ယူခဲ့သူများ .... ၁၁၅


## တတိယပိုင်း


၁၉။ အရှင်သီပေါမင်းတရားကြီး၏ သမီးတော်လေးပေါ — ၁၂၈

၂၀။ ကျောက်နံရံပေါ်က ပန်းချီကားချပ် — ၁၃၁

၂၁။ မြိတ်မြို့ ကမ်းနားလမ်း — ၁၃၂

၂၂။ မီးပုံးပျံဦးကျောင်းရှင် .... ၁၃၈

၂၃။ တောင်ကုန်းပေါ်က တစ္ဆေခြောက်သည့်အိမ်ကြီး .... ၁၄၁

၂၄။ မြိတ်မိခင်နှင့် ကလေးကျန်းမာရေး — ၁၄၄

၂၅။ မြိတ်ဗလကြွံခိုင်ရေးအဖွဲ့ — ၁၄၉

၂၆။ ၎က်သိုက်၎က် .... ၁၅၀

၂၇။ မြိတ်လေဆိပ် — ၁၅၂

၂၈။ မိး .... ၁၅၅

၂၉။ မြိတ်စည်ပင်သာယာဈေးကြီး .... ၁၆၄

၃၀။ လင်းပင် ထိပ်တစ်ဒွေး — ၁၆၇

၃၁။ 'ယု'မဂ္ဂဇင်း — ၁၆၉

၃၂။ ဆလုံလူမျိုး — ၁၇၀

၃၃။ ကြေခြင်ရေချိုး .... ၁၇[illegible]

၃၄။ ပသျှူးလူမျိုး .... ၁၇၄

၃၅။ ရေလယ်ခေတီးတော် — ၁၈၂

www.burmeseclassic.com

## ဥပဒေ့ဗျာ ဇာ၃ဉ်

ဤမှတ်တမ်းကို ရေးသားပြုစုသော ဦးသန်းမြင့်(ကလောင်အမည် "မောင်ပြေချမ်း")နှင့် သိကျွမ်းရင်းနှီးခဲ့သည်မှာ နှစ်ပေါင်း အတန်ကြာပါပြီ။ စာပေ အဖွဲ့အစည်းကိစ္စနှင့် လည်းကောင်း၊ နှစ်စဉ် စာဆိုတော်ရာသီတွင် မြို့နယ် စာပေဟောပြောပွဲများ ကိစ္စနှင့် လည်းကောင်း ဖြစ်ပါသည်။

မြိတ်မြို့မှာ စီးပွားရေးလုပ်ငန်း အချက်အချာမြို့ ဖြစ်သော်လည်း စာပေယဉ်ကျေးမှုနှင့်ပတ်သက်သော စိတ်ပါဝင်စား နိုးကြားမှု ရှိသည့် မြို့နေ ပုဂ္ဂိုလ်များလည်းပေါများပါသည်။ ကိုယ်ထူကိုယ်ထစာကြည့်တိုက်ကလေးတစ်ခုလည်း မြို့ပိုမြို့ဖများ ထူထောင်ထိန်းသိမ်းစောင့်ရှောက်ထားသည်။ "မြိတ်မဂ္ဂဇင်း" ဟူ၍လည်း နှစ်စဉ်လိုလိုပင် မှန်မှန်ထုတ်ဝေ၍ မြို့၏ စည်းလုံးညီညွတ်မှုကို ဖန်တီးပေးပါသည်။

ဦးသန်းမြင့်(မောင်ပြေချမ်း) သည် မြိတ်မဂ္ဂဇင်း၊ အဆက်ဆက်၌ ပါဝင်ရေးသားသူတစ်ဦးဖြစ်ပြီး မဂ္ဂဇင်း ဖြစ်မြောက်အောင် ကြိုးပမ်းသေ သူများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရပါသည်။ မြိတ်မြို့ပေါ်ရှိ ထင်ရှားသော ဘုရားပုထိုးများ အကြောင်းကိုလည်း စုဆောင်းမှတ်သား၍ "မြိတ်မြို့ ကြက်သရေဆောင် လေးကျွန်းဆိမ်းစေတီတော်မြတ်ကြီး သမိုင်း"ကိုလည်းကောင်း၊ "အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဍုမ တောကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ"ကို လည်းကောင်း ပြုစုခဲ့သူဖြစ်ပါသည်။

ယခု ထုတ်ဝေလိုက်သော သမိုင်းမှာ ရှားရှားပါးပါး ဓာတ်ပုံမှတ်တမ်းများပါဝင်၍ မြိတ်မြို့သူမြို့သားများ၊ တနင်္သာရီတိုင်းသူ တိုင်းသားများ ဂုဏ်ယူဖွယ် မှတ်တမ်းတစ်စောင်ဖြစ်သည်ဟု ကျွန်ုပ်ကိုဖတ်မိသူ

www.burmeseclassic.com

www.burmeseclassic.com

တိုင်း သဘောပေါက်ကြပါလိမ့်မည်။ ထို့ထက် ဂုဏ်ယူစရာကား မော်ကွန်းမှတ်တမ်း ထိန်းသိမ်းမှု လုပ်ငန်းတွင် အကြောင်းကြောင်းကြောင့် အရှိန်မရလှသေးသော ကျွန်တော်တို့နိုင်ငံတွင် ဒေသမှတ်တမ်း တစ်ခု ဖြစ်ထွန်းလာ၍ ပြန့်ချိနိုင်သောကြောင့်ဖြစ်ပါသည်။

"ခေတ်ပုံကပြောသော ဗြိတ်သမိုင်းမှတ်တိုင်များ" စာအုပ်သည် "ဂေဇက်တီးယား"ဟု ခေါ်သော ကိုလိုနီခေတ်က ပြုစုခဲ့သည့် မြို့နယ်သမိုင်းစာအုပ်မျိုးနှင့်အလားတူသည့်ပြင် လွန်ခဲ့သော ဆယ်စုနှစ်ခန့်က မြို့နယ်အလိုက်ပြုစုခဲ့ကြပြီး ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်မလာနိုင်ခဲ့ကြသည့် မြို့နယ်သမိုင်းစာအုပ်များနှင့်နီးစပ်ဆက်နွှယ်သောစာအုပ်မျိုးဖြစ်ပါသည်။ ဤစာအုပ်ကပင်လျှင် အခြားသော သုတေသီများ၊ စာပေပြုစုသူများအဖို့ ဒေသအလိုက် မှတ်တမ်းမှတ်ရာများပြုစုရေးသားကြရန် ရင်းနှီးစွာ "လက်တို့"၍ အားပေးလှုံ့ဆော်ရာရောက်လိမ့်မည်ဟုလည်းမျှော်လင့်ရပါသည်။

ဤစာအုပ်ကိုဖတ်မိသူသည် မြန်မာ့သမိုင်း တစ်စိတ်တစ်ဒေသကို ပြန်ပြောင်းအောက်မေ့ဆင်ခြင်မိစရာဖြစ်၍ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် တိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်ရေးဟူသော မြန်မာနိုင်ငံသားတို့၏ မပျက်သော အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ထားများ ပွားများစရာ ဖြစ်လိမ့်မည် မှာ မလွဲဟု ထင်ပါသည်။

စာတစ်စောင်ပေတစ်ပွဲ ပေါ်ထွက်ရေးမှာ အရင်းမူလအားထုတ်သူအပြင် ကူညီစောင့်ရှောက် ဝိုင်းဝန်းအားပေးကြသူတို့၏ ပံ့ပိုးမှုပါဝင်မှ ဖြစ်နိုင်သည်ဖြစ်ရာ စာရေးသူ "မောင်ပြေချမ်း" အပြင် ဤမှတ်တမ်း ဖြစ်မြောက်ရေး၌ ပါဝင်ကြသော ဇာတ်ခုံရှေ့၊ ဇာတ်ခုံနောက် ပုဂ္ဂိုလ်ကြီးငယ် ကျား မ မရွေး ဖြစ်သော ကူဖော်လောင်ဖက်အားလုံးတို့အား လေးစားဂုဏ်ပြုသင့်ပုံကို ဥယျာဉ်(တိုက်တွန်းစကား) ပါးရှင့် ပြုစေလိုပါကြောင်း။

မောင်ဆုရှင်

စာပေဗိမာန်၊ ရန်ကုန်
၁၉၇၉၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏နိဒါန်းစကား

အတိတ်ဟူသည် မေ့စကောင်းသော အရာ မဟုတ်သော်လည်း ကြာလျှင် မေ့လုပ်တတ် မေ့တတ်သည် လူ့သဘော လူ့မနေ့တို့ကြောင့်ပင် သမိုင်းဇာတ်တို့မှာ အိုမင်းရင့်ရော်၍ အချိန်ကြာလေ မှုန်ဝါး မေ့ပျောက်သွားတတ်လေပြင်၏။

ကျွန်တော့်အဖေဆုံးသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀။ အမေဆုံးခဲ့သည်မှာ လွန်ခဲ့သော ၁၈-နှစ်ခန့်ဗြ ဖြစ်၏။ ကျွန်တော့်အသက်ရွယ်နှင့် မနေ့တစ်နေ့က ဖြစ်ပျက်များဟု၍ အောက်မေ့နေပါသေးသည်။ တင်ဆင့်တက်၍ အဘိုးအဘွားများကိုစိတ်ကူးကြည့်သည်။ မပီပြင်တော့၊ ဝိုးဝါး၍နေကြပြီ။ အဖေအမေတို့ကို ကျွန်တော်ယနေ့တိုင် ဘာကြောင့် အမှတ်ထင်ထင် ရှိနေခဲ့ပါသနည်း။ သုံးသပ်ကြည့်မိပါသည်။ အဖေအမေတို့ကို လွယ်လွယ်နှင့် မမေ့နိုင်သည်မှာ အဖေအမေတို့၏ ဓာတ်ပုံများက ကြားခံလျက် အထောက်အကူပြုနေသောကြောင့်ဟု ကျွန်တော်သတိထားလာမိသည်။ သို့ကလို အဘိုးအဘွားတို့၏ ဓာတ်ပုံများသာရှိခဲ့ပါမူ အဘိုးအဘွားတို့ကိုလည်း လွယ်လွယ်နှင့်မေ့နိုင်စရာမရှိဟု သုံးသပ်မိပါသည်။ ယခု ကျွန်တော့်တွင် အဘိုးအဘွားတို့၏ ဓာတ်ပုံများ မရှိ။ ကြားခံပစ္စည်း ဓာတ်ပုံများ၊ ပေါင်းကူးသဖွယ် ဖြစ်သော ဓာတ်ပုံများ၏တန်ဖိုးကို အများကြီးနောက်ကျမှ သိရသည်။

လူငယ်သည် မျှော်လင့်ချက်အပေါ်တွင် အသက်ရှင်နေပြီးလူကြီးမှာမူ ပြောင်းပြန် အောက်မေ့သတိရချက် အပေါ်တွင် အသက်ရှင်နေသည်ဟု ကြားဖူးနားဝရှိခဲ့ပါသည်။ အရွယ်ကျနေပြီဖြစ်သော ကျွန်တော်အဖို့ မျှော်လင့်ချက်အပေါ်တွင် အသက်ရှင်နေသည်ထက် ပြန်ပြောင်း အောက်မေ့သတိရချက်ပေါ်တွင် အသက်ရှင်နေသည်ဟုဆိုလျှင် ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တွင် ကျောင်းနေစဉ်က လူငယ်တို့ဘာဝ ချစ်ဦးသူ တစ်ဦးရှိခဲ့ဖူးပါသည်။ ထိုစဉ်က သူပေးအားသော ရုပ်ပုံလွှာလေးကို ပြန်လည် ကြည့်ရှုမိတိုင်းအတိတ်ကအရိပ်တို့သည် ပီတိသောမနသဖြစ်စရာများ၊ စိုးထိတ်ရင်ဖိုစရာများ တလိမ့်လိမ့်တက်လာနေသဲဖြစ်၏။

ဩော် ...ကြားခံပစ္စည်း ခေတ်ပုံ၏ တန်ဖိုးကား ကြီးမားလှပါတကား။ ထိုမှတဆင့်လွန်၍ ခေတ်ပုံစာအုပ်ကို တစ်မျက်နှာချင်း လှန်လှော ကြည့်မိသည်။ ထိုအခါ ရုပ်ပုံကားချပ်များက ပြောနေသော မြိတ်နှင့် ဆိုင်ရာ သမိုင်းချင်းရာများတို့ ပြန်လည်မြင်ယောင်၍ အမှတ်ရလာသည်။ လက်လှမ်းမမီသည်များကို ရှာဖွေလေ့လာခဲ့ရသည်။ ကြည်နူးစရာတွေ့ဒွံရုံများ၊ မနှစ်မြို့စရာ အနိဋ္ဌာရုံများ၊ ကြေကွဲဝမ်းနည်းစရာ အဖြစ်အပျက်များပင် ဖြစ်၏။

လွှပ်ရှားမှုအတွေ့တွေ့တွင်ပါဝင်ခဲ့သူများအနက် တစ်ချို့မှာမလွန်ဆန်နိုင်သော ထေခြင်းတရားနောက်သို့ကောက်ကောက်ပါအောင် လိုက်ပါသွားကြပြီ။ တစ်ချို့မှု သွားကျိုးဆံဖြူ ငယ်မူပြန်လျက် ဇရာ၏ အထုအဆောင်းကို ကောင်းကောင်းကြီးခံရင်း သေရွာသို့ တာလှမ်းချင်းလှမ်းနေကြဆဲ။ တစ်ခါက တိုင်းပြည်အတွက် အသက်ကို ပဓာနမထားဘဲပေးအပ်သည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြ သောထိုပုဂ္ဂိုလ်ကြီးများ၏ကျေးဇူးကို မျက်မှောက်ခေတ်လူငယ်များ သိမှသိပါလေစ။ သူတို့သိစေရန် မည်သူကအရေးတယူလုပ်၍ ပြောပြပါလိမ့်မည်နည်း။

ဟို-တစ်ခေတ်အခြေအနေများကို ယခုမျက်မှောက်ခေတ် လူငယ်လူရွယ်လေးတွေသိအောင် ခေတ်ပုံများကိုကြားခံပစ္စည်းထား၍ပေါင်းကူးသဖွယ် တစ်ပြအသိပေးသွားနိုင်မည်ဆိုပါလျှင် သူတို့လည်း ဗဟုသုတရ၍ အတုယူစရာရှိက အတုယူနိုင်မည်။ စာရေးသူအနေဖြင့်လည်း အုတ်တစ်ချပ်သဲတစ်ပွင့်ပင်ဖြစ်ပါစေ၊ စာပေတာဝန်ကို အဘိုအသင့် ကျေပွန်ပြီ ဟု မှတ်ယူရပါသတည်း။

မောင်မြေချမ်း(မြိတ်)

ရက်စွဲ။ ၁၉၈၈-ခုနှစ်၊ မေလ(၂၄)ရက်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပုံက ပြောသော
မြတ်သနိုင်းမှတ်တိုင်များ

# ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com



## တနင်္သာရီနှင့် ဗွားအောင်သာ

ကောဇာသက္ကရာဇ် ၇၅-ခုနှစ်၊ ယောနကတိုင်း၊ သာဂရမြည်ကျမိုင်းမြို့တော်တွင် ကျုပိုင်း အမည်ရှိသော မင်းသည် ထီးနန်း အုပ်ချုပ်မင်းလုပ်တော်မူရာ ထိုမင်း၌တောင်နန်းမတော် မိဖုရားက ဗွားမြင်သော သားတော်တစ်ကျိပ်နှင့် မြောက်နန်းမတော်မိဖုရားမှ ဗွားမြင်သော သားတော် တစ်ကျိပ်တို့ရှိလေသည်။

သားတော်တို့အရွယ်သို့ ရောက်ကြသော် မည်းတော် မယ်တော်တို့၏ခွင့်ပြုချက်အရ သက္ကရာဇ် ၁၁၇-ခုနှစ်တွင် မော်လမြိုင်မြို့ ကော့ဒ်န်းအရပ်၌ ရမ္မာပူရ၊ ရမ္မာဝတီ နှစ်မည်ရှိမြို့ကို တည်လျက် နောင်တော်ကြီးက စိုးစံမင်းလုပ်တော်မူလေသည်။

ထိုနောက် တစ်ကျိပ်သော မင်းသားတို့သည် မြို့သစ်ရွာသစ် တည်ထောင်ရန် တောင်အရပ်သို့ လှေကတ္တူတို့ဖြင့် ခရီးဆက်ကြပြန်ရာ စည်ဖျက်နှာကဲ့သို့ မြေပြန့်မြေသန့်ကိုတွေ့ရသည်နှင့် သက္ကရာဇ် ၁၄၅-ခုနှစ်တွင် ကြက္ကလင်းမြို့သစ်ကို တည်ထောင်ပြီး အကြီးဆုံးသော သားတော်က ထီးနန်းကို အုပ်ချုပ်လေသည်။ တစ်ကျိပ်သောမင်းသားတို့သည် ထိုမြို့တွင် စဉ်ဆက်မပြတ် စိုးစံခဲ့ကြလေသည်။

ထိုတစ်ကျိပ်သောမင်းသားတို့တွင် အငယ်ဆုံးဖြစ်သော မြမ္ဗဒီမင်းသည် နောင်တော်များ၏ အရိုက်အရာကို ဆက်ခံစိုးစံ၍ နှစ်နှစ်ရှိသောအခါ မြို့သစ် တည်ထောင်ရန် အကြံရှိလာပြန်သောကြောင့် သက္ကရာဇ် ၂၆၃-ခုနှစ်တွင် ထောင့်ကွာမြို့ကို တည်ထောင်ခဲ့လေသည်။ ထိုထောင့်ကွာမြို့တွင် မြမ္ဗဒီမင်းမှ ၄၅ မင်းပေါင်း ၄၉-ဆက် တို့သည် နှစ်ပေါင်း ၂၅၀ တိုင်တိုင် ထီးနန်းစိုးစံတော်မူခဲ့ကြရာ နောက်ဆုံးမင်းမှာ ဗြဲစက္ကပိတ်မင်းဖြစ်လေသည်။ ထိုမင်းသည် သက္ကရာဇ် ၄၀၄-ခုနှစ်တွင် မော်တမ်းဇလုံး အရှေ့မြောက် နှစ်မိုင်အကွာ၌ ဘန်ရှောင်မြို့ကိုလည်းကောင်း၊ သက္ကရာဇ် ၄၀၈-ခုနှစ်တွင် သိန္နေ့ရွာအထက်၌မော်ရှန်းကြီးမြို့ကိုလည်းကောင်း တည်ထောင်ခဲ့၍ အထက်မြစ်ညာမှနဂါးမင်းငြိနှင့်မိတ်ဖြစ်ကာ သက္ကရာဇ် ၅၁၄-ခုနှစ်တွင် အောင်သာဝရမြို့ကို တည်ခဲ့လေသည်။

ထိုဗြဲစက္ကပိတ်မင်းမှ မင်းဆက် ၅-ဆက်၊ နှစ်ပေါင်း ၁၁၇-နှစ်တိုင် ထီးနန်းစိုးစံခဲ့ကြပြီး သက္ကရာဇ် ၆၃၀-ခုနှစ်တွင် ကျုမိုင်းမင်းဆက်ကုန်ဆုံးလေတော့သည်။ ထိုအခါ သမီးတော်တစ်ပါးသာရှိသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မွှေးမတ်ပညာရှိတို့က အရှေ့ဘက်သို့ သာဂရမြည်သို့ သွားရောက်ကြပြီး မင်းလျာကို တောင်းခံကြရာ သာဂရမြည့်ရှင် လင်းဇင်းမင်းကြီးက မိမိသားတော် သုံးပါးအနက် အလယ်သားတော် ကောဒယ်ရာဇာကို ပေးသနားလိုက်သဖြင့် အောင်သာဝရ မြို့၌ခေတ္တထီးနန်းစိုက်ပြီး ခရင်းသေအရပ်တွင် မြို့သစ်ထူထောင်လေသည်။ သို့သော် ထိုမြို့သစ်မှာ မြစ်ရေများလွှမ်းမိုး၍ မအောင်မမြင် ဖြစ်နေသည်နှင့် တဘောင် ကိန်းခန်း အရ "မအောင်သာ" အမည်ရှိသော အမျိုးသမီးတစ်ဦးအား စတေးလိုက်မှပင် သက္ကရာဇ် ၆၃၅-ခုနှစ်၌မြို့သစ်ကိုတည်ထောင်၍အောင်မြင်သည်။ မြို့အမည်ကို တနသာရီမြို့ဟု တွင်စေပြီး ယခုနကတိုင်း အမည်ကို ပျောက်စေ၍ တနင်္သာရီတိုင်းဟု တွင်စေသည်။

ထိုသို့ တနင်္သာရီမြို့သစ်တည်ရာတွင် မအောင်သာ၏ ဇာတ်လမ်းမှာ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်ပေတော့သည်။

မြန်မာနိုင်ငံတွင် ရှေးအထက်ကျော် ကာရိကပင် ပညာရှိကြီးများ ဟောချက်ထုတ်ခဲ့သော ပညာရပ်များမှာ ဖြစ်သည့်...

သိုက်

တဘောင်

အတိတ်

နိမိတ်

ဘဝေါ

ဩဘာ

ကောလာဟလ

မင်္ဂလာ

စနည်း

ဟူသည်တို့ရှိခဲ့ရာ ယခုကဲ့သို့မြစ်ရေများလွှမ်းမိုး၍ မြို့တည်မရဖြစ်နေချိန်တွင် ပညာရှိပုဏ္ဏားမတ်တို့က နည်းကောင်း တဘောင်ကိုရယူရန် မြို့တွင်းသို့ လှည့်လည်ကြစဉ် ဆင်ပြွတ်ခါးအနီးဘက်လေးသူငယ်တစ်စုတို့က "အောင်ပါလေ ကျောက်စေးပု တိုင်းအမည်သာလိမ့်လေး...... သေဘို့ အာဏာပေးတယ် ခန်းဖြောက်လို့ပြေး" ဟူသော တဘောင်သီချင်းဖြင့် သီဆိုကခုန်နေကြသည်ကို တွေ့မြင်ရသဖြင့် မင်းကြီးထံ အကျိုးအကြောင်း လျှောက်ထားကြပြီး အရပ်ရပ်ကွက်ထဲတွင် အမည်စာရင်းများ ကောက်ယူကြလေသည်။ မြို့တွင်း၌ သန်းခေါင်ယံအချိန် စည်ခေါင်း လှည့်လည်မည်၊ "အောင်"ပါသော အမည်ကိုခေါ်လျှင် မထူးကြနှင့်၊ ခေါ်သံကြားရ၍ထူးမိလျှင် ထူးသူကို ကျောက်တိုင် စတေးမည်ဟု ကြိုတင် ကြေညာထားလေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ယိုးဒယားတံခါး အနီးတွင် ပွဲစားကြီးတစ်ဦး နေထိုင်လျက်ရှိရာ ထိုပွဲစားကြီးတွင် မအောင်သာ အမည်ရှိ သမီးတစ်ဦး ရှိလေသည်။ မအောင်သာမှာအပျိုတစ်ဦးမဟုတ်ဘဲ လင်နှင့်သားသမီးနှင့်ဖြစ်၏။ မအောင်သာသည် ယင်းသို့ကြေညာသံ ကြားသည့်နေ့မှ စ၍ ဝမ်းမြောက်ရွှင်လန်းစွာ နေ့တိုင်းနှင့်မတူ တစ်မူထူးခြားကာ ဆံပင်ကို သပ်ယပ်စွာ ဖီးသင်ခြင်း၊ သနပ်ခါး အမွှေးနံ့သာများကို ခါတိုင်းထက် ထုံမွှန်းလိမ်းကျံခြင်း၊ ဆံပင်ကိုဖားလျားချ၍ ရှန်နီကို ခေါင်းတွင်ပေါင်းပြီး ပန်းကိုဖောက်ထိုးပန်ခြင်း၊ မည်သူတစ်ဦးတစ်ယောက်မျှမခေါ်ပါပဲလျက်"ရှင်" "တော်"ဟု ထူးနေတတ်ခြင်း စသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ပြောင်းလဲလာသည်သာမကသေးဘဲ ၎င်း၏အပြုအမူ ထူးခြားပုံကို မိဘနှင့်လင်ယောကျ်ားတို့က မေးမြန်းသောအခါ မိမိအား မိန်းမတစ်ယောက်ကလာခေါ်နေကြောင်း ပြောပြသည်။ ထိုအခါ လင်ယောကျ်ားနှင့် မိဘမောင်ဘွားတို့က မအောင်သာအား တစ်စုံတစ်ရာ မဖြစ်စေရန် အိပ်ခန်းထဲ၌ပိတ်၍ထားလိုက်ကြ၏။ မအောင်သာက မိမိအား မိန်းမတစ်ယောက်ကနှစ်ယောက်ဖြစ်လာပြီး မရမကလာခေါ်နေကြောင်း ဟစ်အော်ပြောဆို၍ အိပ်ခန်းတံခါးကို ထုရိုက်ဖွင့်မစသည်။ ထိုည သန်းခေါင်ယံ အချိန်သို့ရောက်သောအခါ မြို့ဝန်၊ ထောင်မှူးနှင့်အာဏာသားတို့က မြို့ထဲသို့ လှည့်လည်၍ ယခင်ကကြိုတင်သတိပေးထားချက်အတိုင်း "အောင်" ပါသောအမည်ကိုခေါ်ကြလေတော့သည်။ ထိုသည်နှင့် ယိုးဒယားတံခါး၊အနီးသို့ရောက်၍ခေါ်ကြပြန်ရာ မအောင်သာက "ရှင်" "တော်"ဟုထူးပြီး အိပ်ခန်းတံခါးကို တအားကန်ထုရိုက်သည့်အပြင် နှုတ်မှလည်း ကျယ်လောင်သောအသံကိုပြုလေသဖြင့် မြို့ဝန်တို့က အိပ်ခန်းတံခါးကို ဖွင့်စေရလေတော့သည်။ မြို့ဝန်မင်းတို့အား တွေ့ရသော မအောင်သာမှာ "ကျွန်မကျောက်တိုင်စတေးပါ"ဟု အထပ်ထပ်အခါခါလျှောက်ထားနေရုံမျှမကကျောက်တိုင်စတေးမည့်နေရာသို့အရောက်တွင်လည်း တူးထားသောတွင်းထဲသို့အတင်းပင်ခုန်ဆင်းကာ "ကျောက်တိုင်ကို ထိုးချလိုက်ပါ"ဟုပြောဆိုနေပြန်သဖြင့် နောက်ဆုံးတွင် ကျောက်တိုင်ကြီးကိုချ၍စတေးကာစိုက်လိုက်ကြရလေတော့သည်။

ယင်းကျောက်တိုင်မှာ ယနေ့တိုင် တနင်္သာရီမြို့တွင် အောင်ကရဓတည်ရှိနေပေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

တနင်္သာရီမြို့ရှိ ရှေးမင်းများ၏နန်းတော်ရာနှင့် ဘုရင့်ကျောင်းတော်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှူးအောင်သာကျောက်တိုင်




www.burmeseclassic.com

www.burmeseclassic.com




ဗူးအောင်သာကျောက်တိုင်တွင်ရေးထိုးထားသောစာများ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကိုယ်တော်စေတီ

ရှင်ကိုယ်တော်စေတီသို့ အသွားလမ်း



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀-ပြည့်နှစ် မေလ ၁၅ ရက်နေ့တွင် မြန်မာပြည် ဘုရင်ခံ "ဆာချားလ်စ်အလက်ဇန်ဒါအင်းနစ်"တနင်္သာရီမြို့သို့ ရောက်ရှိလာစဉ်က ၎င်းရောက်ရှိကြောင်း ကြေးပြားချပ်ပေါ်တွင် မော်ကွန်းတင်၍ ယင်းကြေးပြားချပ်ကို ကျောက်တိုင်အောက်ခြေတွင် သံခါးပေါ်ပြင့် မြှုပ်လုပ်မှတ်တမ်းတင်ခဲ့သည်။

သို့သော် သက္ကရာဇ် ၁၃၀၃-ခုနှစ်သို့ ရောက်သောအခါ မြန်မာအစိုးရကိုယ်စား၊ တနင်္သာရီမြို့သို့ရောက်ရှိခဲ့သည့် ဗိုလ်ထွန်းစိန်က ၎င်းကြေးပြားကို ဖြုတ်ပယ်ပြီး ကျောက်တွင် မိမိတနင်္သာရီမြို့သို့ ရောက်ရှိကြောင်း မှတ်တမ်းတင်ရေးသားသော ထိုစာတမ်းကို မြှုပ်ထားသည့်အပြင် မြင်နိုင်စေရန် ထိုနေရာ၌ပင် ပြန်လည်တင်ဆင်ထားရှိခဲ့သည်။

ထိုကြေးပြားတွင် ရေးသားမှတ်တမ်းတင်ခဲ့သည့် အကြောင်းရပ်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကြေးပြားအဟောင်းမှတ်စု

မြန်မာပြည် ဘုရင်ခံမင်းကြီး ဆာချားလ်စ် အလက်ဇန်ဒါအင်းနစ် သခင်ဘုရားသည် တနင်္သာရီမြို့တော်သို့ ၁၉၃၀-ခု၊ မေလ ၁၅-ရက်နေ့ ကြွချီတော်မူပြီးလျှင် ဤကျောက်တိုင်တော်ကို ရှုစားတော်မူခြင်း၊ အထိမ်းအမှတ် ဖြစ်ပါသည်။

ကြေးပြားအနောက်မှတ်စု

၁၃၀၃-ခု၊ နယုန်၊ တန်ခူး လဆန်း ၁၂-ရက်၊ သောကြာနေ့၌ တို့ဗမာအစိုးရ ကိုယ်စား ဗိုလ်ထွန်းစိန်သည် တနင်္သာရီမြို့တော်သို့လာရောက်၍ အောင်ပွဲအထိမ်းအမှတ် ပြုပြီးလျှင် ဤကျောက်တိုင်တော်ကို အသစ် စာတမ်းတင်ဆင်ခဲ့သည်။

---

အရေးတော်ပုံအောင်ပါပြီ။

---

(အင်္ဂလိပ်ဘာသာဖြင့်)

တနင်္သာရီ ရာဇဝင်းသည် ညောင်ပြည်ကြီးကို ထူထောင်၍ သက္ကရာဇ် ၇၃၅-ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တနင်္သာရီမြို့သစ်ကို ထပ်မံတည်ထောင်တော်မူသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## သေးမားဆယ့်နှစ်လုံး

သေးမားဆိုသည်မှာ ယိုးဒယား အခေါ်အခေါ်အားဖြင့် "သိမ်" ကိုခေါ်ကြောင်း မှတ်သားရပါသည်။

ဘာဟီးကရာဇာမင်းသည် ဒွေရဝတီပြည်ကြီးကို အမှီပြု၍ သက္ကရာဇ် ၃၃၅-ခုနှစ်၊ ကဆုန်လဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့တွင် တနင်္သာရီမြို့သစ်ကို ထပ်မံ တည်ဆောက်ခဲ့ပြီးနောက် ထိုတနင်္သာရီမြို့သစ်၏ နယ်နိမိတ်ကို အောက်ပါအတိုင်း သတ်မှတ်ခဲ့လေသည်။

| | |
|---|---|
| - အရှေ့မြောက်သို့ သွားသော် | ခမောင်းသွယ်ချောင်းအထိ။ |
| - အရှေ့သို့လာသော် | ဝင်းဖလုံးအထိ။ |
| - အရှေ့တောင်သို့လာသော် | သာလင်မြို့အထိ။ |
| - တောင်သို့လာသော် | ကဆိုင်းလအထိ။ |
| - အနောက်သို့လာသော် | ကွမ်းသီး ကွမ်းရွက်ကျွန်း အထိ။ |
| - မြောက်သို့လာသော် | မလိလေး ကျွန်း၊ ငှက် သိုက်၊ ပဲဘိခါး၊ ကျောက်ထရန်၊ ပြည်ခြား၊ မီးလောင်ချောင်း အထိ။ |
| | ဖြစ်လေသည်။ |

ထိုမင်းသည် မိမိပိုင် နယ်မြေနယ်နိမိတ်အတွင်း သေးမား(သိမ်) ဆယ့်နှစ်သုံးကို တည်ထားကောင်းမှုပြုခဲ့ရာ ယင်း(သိမ်)များမှာ အောက်ပါအရပ်ဒေသများ၌ ဖြစ်လေသည်။

| | |
|---|---|
| ၁။ ပလောမြို့တွင် | တစ်သိမ်။ |
| ၂။ ပခလာကဲ့မြို့တွင် | တစ်သိမ်။ |
| ၃။ မြိတ်တောင်ဘွင် | တစ်သိမ်။ |
| ၄။ သေးမားတောင်ဘွင် | တစ်သိမ်။ |
| ၅။ တောင်ဖီလာတွင် | တစ်သိမ်။ |
| ၆။ ကသင်ဘန်းတွင် | တစ်သိမ်။ |
| ၇။ တညက်တွင် | တစ်သိမ်။ |
| ၈။ သမုတ်တွင် | တစ်သိမ်။ |
| ၉။ လုန်းခရမ်းတောင်တွင် | တစ်သိမ်။ |
| ၁၀။ ပြင်ခန်းတွင် | တစ်သိမ်။ |
| ၁၁။ ပန်းသုံးတောင်တွင် | တစ်သိမ်။ |
| ၁၂။ သန္တုပ်တွင် | တစ်သိမ်။ |
| | ၌ ဖြစ်လေသည်။ |

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်သေးမားတွင် အပါအဝင်ဖြစ်သော မြိတ်တောင် သိမ်သည် နောင်တွင် ပျက်စီးယိုယွင်းလာသောကြောင့် မြို့စာရေး မောင်ပန်းက တာဘာရုပ်ခံ၍ ပုဏ္ဏားဘုံသီး၊ မသောက်၁၊ မအိပ်၊ မောင်ဒဗ အရပ်သူအရပ်သား၊ ရွာသားတစ်စုနှင့် ပြုပြင်ရာ သက္ကရာဇ် ၁၁၉၁ ခုနှစ်ကဆုန်လဆန်း ၁၃ ရက်နေ့တွင် နံရံအုတ်ရိုး အင်္ဂတေကိုင်၍ ပြီးစီးလေသည်။ ထိုကုသိုလ်အတွက် ကျောက်ထက်အက္ခရာတင်ခဲ့သော ဆုတောင်းကား ...

"ဤကောင်းမှု၏ အကျိုးကြောင့် အနာဂတေ၊ နောင်သောအခါ၌ ပညာမိက် ပညာဝိက ဘုရားဆုကို သဝ ါမိ ဖြစ်ရပါလို၏။ ဇဟူနံ၊ များစွာကုန်သော ဇနာနံ၊ လူနတ်အပေါင်းတို့ကို ဝေရေမိ ကယ်ဆယ်ရလိုပါ၏"

ဟူ၍ဖြစ်ပြီး ထိုကျောက်စာကို ရေးထိုးသူ ကျောင်းထိပ် တံခွန်တိုင်ကြီးတကာ နောင်ပုတ်၊ (ကိုပုတ်)ကလည်း "အာယုဝဏ္ဏ သုခံဗလံ ဘဝေယ ဤကောင်းမှုကြောင့် ရလိုပါ၏။ ဆိုသောဆုကို ကျောက်ထက် အက္ခရာတင်ခဲ့သည်။

နောင်နှစ်ပေါင်း ၇၉-နှစ် ကြာသောအခါ ထိုသိမ်မှာ ယိုယွင်းလာပြန်သောကြောင့် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ဈေးတန်းရပ်နေ အခွန်ခန်မင်း ဦးရွှေဇင်က ထပ်မံပြုပြင်ခဲ့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ကိုယ်တော်စေတီ

ကေဒယ်ရာဇာမင်းက သက္ကရာဇ် ၆၃၅ ခုနှစ်တွင် တနင်္သာရီမြို့ကို တည်ခဲ့သည်။ သက္ကရာဇ် ၆၃၉၃ ခုနှစ်တွင် သန္တပ်ရွာကိုဆင်ထုတ်မြို့အမည် သမုတ်၍ သတော်ဆိပ်မြို့ တည်ခဲ့သည်။ ရှေးဟောင်းကျောက်စာတွင် သန္တပ်ကို သမ်ပုတ်ဟု ရေးသားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယို သတော်ဆိပ်မြို့ကို သမုဒ္ဒရာကမ်းမြို့ဟူ၍လည်း ခေါ်ဝေါ် ကြသေးသည်။

သက္ကရာဇ် ၆၃၁ ခုနှစ် ရှင်ကိုယ်တော်စေတီတည်သည့် အချိန်တွင် ဆင်ထုတ်မြို့ မရှိသေးသော်လည်း အလှူရှင်ကားသည့် သန္တပ်ရွာကြီး ကား ရှိပြီးဖြစ်လေသည်။

ယိုသမိုင်းဝင် ရှေးဟောင်းမြို့ကြီးကား ယခုအခါ တောနောက် လယ်ရွာအဖြစ် လျော့ကျတည်ရှိလျက်ရှိပြီး ရှင်ကိုယ်တော် စေတီမှာလည်း ပုံတွင် ဖူးတွေ့ရသည့်အတိုင်း ယိုယွင်းလျက်ရှိပြီဖြစ်လေသည်။

ထိုရှင်ကိုယ်တော်စေတီ တည်ရှိရာ တောနောက်လယ်ရွာမှာ မြိတ် အနောက်မြို့နယ် (ယခု ကျွန်းစုမြို့နယ်)တွင်ဖြစ်ပြီး မြိတ်မြို့မှ ၁၀မိုင်ခန့် သာဝေးလေသည်။ မြိတ်မြို့မှ တနင်္သာရီ မြစ်ကြောင်းအတိုင်း တစ်နာရီ နီးပါးမျှ ဆန်တက်သွားပြီး ဆံလှတောင်ရွာခေါ် ပြင်းငယ်ရွာနှင့် မျက် နှာချင်းဆိုင် တစ်ဘက်ကမ်းရှိ သဇင်ချောင်းတွင်းသို့ ဝုတ်မောင်း ဝင်သွား ရသည်။

တောနောက်သယ်ရွာဆိပ်ကမ်းအတက်ဝတွင် ရှင်ကိုယ်တော်ဘုရား သို့ဟူသော ဆိုင်းဘုတ်နှင့် စေတီတော်တည်ရှိရာ တောင်ပေါ်သို့ တက် ရောက်ရသည့် တန်ဆောင်းကိုတွေ့ရသည်။

ရှင်ကိုယ်တော်စေတီနှင့် ပတ်သက်၍ ဂျီပီအင်ဒရူးက အောက်ပါ အတိုင်း ရေးသားထားသည်ကို တွေ့ရှိရသည်။

The earliest record is an inscription recently found near the Shinkodaw pagoda, about ten miles from Mergui. It is dated 631 B.E (1269 A.D.), and records a gift to the pagoda by Nga Pon, the royal usurer of Tayokpye-min 'the king who fled from the Chinese," who reigned at Pagan from 1248 to 1285 A.D.

From Burma Gazetter
Mergui District
Volume. A
Page 5, Line 4
by
Mr. G. P. Andrew, I.C.S.

www.burmeseclassic.com

www.burmeseclassic.com



ဓေတာဝန်တောင်ပေါ်ကိုရှာလာပုံ



ယနေ့တွေ့မြင်ရသည့် ဓေတာဝန်ရွာဆိပ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မောဝန်တောင်ငယ်



ရှင်ကိုယ်တော်စေတီသို့တက်ရာ တန်ဆောင်းဆိပ်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား ပညာဝန် ဦးဖိုးကျားက "မှတ်သားဖွယ်ရာ တစ်ချက်ကား မြိတ်မြို့မှ ၁၀ မိုင်အကွာ အနောက်တောင်ဆီ၌ ရှင်ကိုယ်တော်ဘုရားရှိရာ ၎င်းဘုရား အနီးမှကျောက်စာတစ်ခုကိုတွေ့ရှိရ၏။ (ဤကျောက်စာကို ယခု မြိတ်မြို့ရုံးကြီး၌ သိမ်းဆည်းသိုမှီးထားသည်) ၎င်းကျောက်စာမှာ တရုတ်ပြေးမင်း၏အမှုထမ်း ငပိုဆိုသူက ဘုရားအား ဒါနကောင်းမှုပြုကြောင်း ရေးမှတ်ထားသော ကျောက်စာဖြစ်သည်။ ကန်ထားသော သက္ကရာဇ်မှာ ၆၃၁ ခုဖြစ်၍ အတန်ရှည်ကြာလေပြီ ဟူ၍ဖော်ပြသည်။

ဦးလူဖေဝင်းကမူ ကျောက်စာမှာ မြန်မာတိုင်းရင်း ကျောက်စာပုံ နံပါတ် ၂၂၅ မူလတည်ရာဌာန မြိတ်မြို့အနီး သမ်ပုပ်ရွာဖြစ်၍သက္ကရာဇ် ၆၃၁-ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် သူကြွယ်ငဝမ်းပြည့်သင်သည် လိုဏ်ဂူဘုရားတည်ပြီး ထိုဘုရား၌ ကျွန်၊ လယ်ယာများကိုလှူဒါန်းကြောင်း ရေးမှတ်ထားသည်ဟု မှတ်တမ်းတင်ခဲ့လေသည်။

လင်းမောင်၏မှတ်တမ်းအဆိုင်း ဒဂုံ ရော၊ တနင်္သာရီတိုင်း စာအုပ်တွင် ကိုလိုနီခေတ်က ယခုမြိတ်မြို့နှင့် ၁၀မိုင်ကွာ ရှင်ကိုယ်တော်ဘုရားအနီးတွင် ကမ္ပည်းကျောက်စာတစ်ခုတွေ့ရသည်။ ယင်းကျောက်စာမှာသက္ကရာဇ် ၆၃၁ နေ့စွဲထိုးထားပြီး နရသီဟပတေ့မင်း၏ အမှုတော်ထမ်း ငပုန် ဆိုသူက စေတီလှူဒါန်းခဲ့ကြောင်းပါရှိသည်။ နရသီဟပတေ့မင်းမှာတရုတ်ပြေးမင်းဟုထင်ရှားခဲ့၍ ပုဂံတွင် အေဒီ ၁၂၄၈ မှ ၁၂၈၅ အထိ စိုးစံခဲ့သူဖြစ်သည် ဟု ဖော်ပြထားသည်။

စာရေးသူကိုယ်တိုင် ရှင်ကိုယ်တော်စေတီအား သွားရောက် လေ့လာရာမှ တခြားသိမှတ်ဖွယ်ရာ အချက်တစ်ချို့မှာ ထိုရှင်ကိုယ်တော်စေတီသို့တက်ရာ တောင်တွင် အမြင့်ပေ ၁၅၀ ခန့်ရှိမည်ဟု ခန့်မှန်းရသော ထိုတောင်၏တစ်ဝက်ခရီး၌ အရှေ့ဘက်သို့ မျက်နှာမူ၍ တည်ထားသော လိုဏ်ဂူဘုရားစေတီတစ်ဆူကို ဖူးတွေ့ရသေးသည်။ ထိုစေတီမှာ ဇော်စည်သူမင်းကြီး၏ကောင်းမှုတော်ဖြစ်ကြောင်း၊ ရွာခံတို့၏ ရှင်းပြချက်အရ သိရှိရသည်။

တောနောက်လယ်ရွာတွင် ယခင်က မသိတောင်ကျောင်းဟုခေါ်သော တောနောက်လယ်ရွာ ကျောင်းကြီး တစ်ကျောင်းတည်းသာ ရှိခဲ့သော်လည်း ဟုမ္မရွာနှင့်ဗိုင်အာခီအကွဲတွင် ထိုကျောင်းကြီးမှာ ဗိုင်အာခီကိုးကွယ်သော ကျောင်းကြီး ဖြစ်လာပြီး ဟုမ္မရွာတို့က မြိတ်မြို့ ကျောင်းဂိုဏ်းဝင် ကုန်းဘောင်ကျောင်းကြီးတစ်ကျောင်းကို ဆောက်လုပ်ကိုးကွယ်ခဲ့ကြသည်။

www.burmeseclassic.com



ရွာကွင်းသို့ လျှောက်၍ လေ့လာကြရာတွင် မျက်စိတစ်ဆုံး မြင်နေရသည့် လယ်ကွင်းပြင်ကြီး၌ စေတီပျက်များ၊ ထိလပ်ပိုး၊ ဥ ဘုရား၀တ်၊ ရွှေကျောင်း၊ ဘုရား၀တ်နှင့် တနသ်ာရီ တည်ရင်း ၁၂သိမ်တွင် အပါအဝင်ဖြစ်သော သိမ်တစ်လုံးကို လှမ်းမြင်ရသည်။ ရှေး မြို့ရိုးတိုင်များကိုလည်း တွေ့ရသည်။ ထိုနေရာသည် တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သော ဆင်ထုတ်မြို့(ခေါ်) သန္တုပ်ရွာအဖြစ် တည်ရှိခဲ့မည်ဖြစ်ပြီး ယခု တောနောက်လယ်ရွာမှာ ထိုစဉ်က ဆင်ထုတ်မြို့၏ မြို့စွန်မြို့ဖျား သိမ်ပုတ်ရွာအဖြစ် တည်ရှိပေလိမ့်မည်။ ထို တောနောက်လယ်ရွာရိုး လမ်းမကြီးဘေးတွင် ရေကန်ကြီးနှင့်တကွ ရှေးဟောင်းသင်္ချိုင်းမြေကို တွေ့ရသည်။ ရွာလယ်လမ်းတစ်နေရာတွင် ရဲ့ာန်းပု(ခေါ်) ဖွားပန်းပု နတ်ကွန်းတစ်ခုကို တွေ့ရသည်။ ရွာခံတစ်ချို့၏ ပြောကြားချက်အရ ဖွားပန်းပုမှာ ကေါစည်သူ မင်းကြီး၏ မိဖုရားတစ်ပါးဖြစ်ပြီး တိုင်းခန်းလှည့်လည်၍ ထိုနေရာသို့ ရောက်သောအခါ ဖွားပန်းပုမှာ မကေါစည်သူမင်းကြီးနှင့် ရွေ့ဆက်လိုက်ပါခြင်း မပြုဘဲ ဤနေရာတွင် ကျန်နေခဲ့မည်ဆိုသဖြင့် မကေါစည်သူမင်းကြီးက ကျွပ်မျက်ခဲ့သည်ဟု သိရလေသည်။

ကောဒယ်မင်းမှစ၍ ၅၃ပါးသော မင်းတို့သည် ၂၅၄နှစ်ကြာ နန်းစိုးစံကြလျက် သက္ကရာဇ် ၇၉၃ ခုနှစ်သို့ ရောက်လျှင် ထိုမင်းတို့၏ နောက်ဆုံးမင်းဖြစ်သော ကျောက်ဘွား မြစောစံမင်းလက်ထက်တွင် ယိုးဒယားပြည် ဆင်တစ်သန်းရှင်၏ သားတော် ပြရာခသ္တန်တိဘာ မင်းက စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် တနင်္သာရီမြို့ကို တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ ထိုအခါ ဆင်ထုတ်မြို့မှာ သင်္ဘောများ ဝင်ထွက် သွားလာခြင်း မပြုနိုင်လောက်အောင် သောင်များထွန်းပြီး ရေတိမ် လာသောကြောင့် ပြရာမသ္တန်တိဘာမင်းက သက္ကရာဇ် ၁၀၉၃ခုနှစ်တွင် ခယ်းတာင် နေရာသို့ ပြောင်းရွှေ့ပြီး သင်္ဘောဆိပ်တည်လေသည်။ ခယ်တောင်နေရာမှာ ယခုအခါ မြိတ်မြို့ဖြစ်လေသည်။

○

www.burmeseclassic.com



## ဇေတဝန်စေတီ

ဆင်ထုတ်(ခေါ်) သန္တုပ်၊ ယခု တောနောက်လယ်ရွာမှ သူကြွယ်တစ်ဦးသည် ကန်စည်ကုန်သွယ်ရောင်းဝယ်ခြင်းဖြင့် သာယာဝတီ၊ ရတနာပူရ စသော တိုင်းပြည်ကြီးများသို့ မကြာခဏရောက်ခဲ့ဖူးသည်။ ရတနာပူရခေါ် အင်းဝနေပြည်တော်ကြီးတွင် ပထမ မြို့တည် နန်းတည် ဖြစ်တော်မူသော ဘဝရှင်မင်းတရားကြီးက ဇေတဝန် ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းရာ ထိုသူကြွယ်ကြီးမှာ အင်းဝသို့ရောက်တိုင်း ဇေတဝန်ကျောင်းတိုက်သို့ သွားရောက်၍ တရားတော်များကို နာကြားလေ့ရှိသည်။ ထိုသို့ နာကြားရဖန်များလာသောအခါ စေတနာ သဒ္ဓါတရားတိုးပွားလာပြီး ဇေတဝန်ကျောင်း ဆရာတော်ဘုရားကြီးအား တပည့်တော်တို့ တနင်္သာရီ ယိုးဒယားပြည်သို့ ကြွလိုက်တော်မူပါဟု လျှောက်ထားလေသည်။ ထိုသို့ ပင့်လျှောက်ချက်အရ ဆရာတော်ဘုရားကြီးသည် အသက်အရွယ်ကြီးရင့်၍ မိမိကိုယ်တိုင် မကြွမလိုက်နိုင်ခဲ့သော်လည်း လင်္ကာပေသာလ သိက္ခာကာသေလစန္ဒ ဝိနယနှင့် ပြည့်စုံတော်မူသော ကိုယ်တော်ကြီး တစ်ပါးကို ထည့်လိုက်လေသည်။ သူကြွယ်ကြီးမှာလည်း အားရဝမ်းသာ ဖြစ်လျက် နေရပ်သို့ ပြန်လည် ဆိုက်ရောက်သောအခါ ဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ယခု ဇေတဝန်ဟုခေါ်သော မြစ်ကမ်းအနီး တောင်ခြေရင်းတွင် ကျောင်းဆောက်ကို ကျွယ်ခဲ့လေသည်။

ဇေတဝန်စေတီမှာ မြိတ်မြို့မှ တနင်္သာရီမြို့သို့အသွား တနင်္သာရီမြစ်၏ လက်ဝဲဘက်ကမ်းတွင် တည်ရှိပြီး မြိတ်မြို့မှ (၁၀)မိုင်ကျော်မျှ ကွာဝေးလေသည်။

တောင်ထိပ်တွင် သက္ကရာဇ် ၁၇၅ ခုနှစ်က ကျိုစည်သူမင်း တည်ထားတော်မူသော စေတီရှစ်ဆူရှိခဲ့ရာ ယင်းစေတီတော်ကို ဇေတဝန် ဆရာတော်က ရပ်သူရွာသား အများနှင့် အသစ်တစ်ဖန် ပြန်လည် မွမ်းမံတော်မူခဲ့သဖြင့် ယနေ့တိုင် ထိုစေတီတော်ကို ဇေတဝန်စေတီဟု အများက ခေါ်ဝေါ် ပူဇော်ခဲ့ကြသည်။

ပေ ၂၀၀ ခန့်မြင့်သော တောင်ထိပ်တွင် တုံးဖွေးဖွေးနှင့် ထည်ဝါသော ဇေတဝန်စေတီကို အဝေးကပင် ဦးခိုက်ဖူးမြော်ရသည်။ ထိုတောင်ခြေတွင်



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ရွာရှိ၍ ဇေတဝန်ဆိပ်ဦးတွင် ဘုရားဝတ်များ တည်ထားကိုးကွယ်ခဲ့သည်။

ရှေးက ဇေတဝန် တောင်ငယ်မှာ ထိုဇေတဝန် တောင်ကြီး၏ အနောက်မြောက်ဘက်သေးဖာလုံခန့် ဝေးသောနေရာတွင်တည်ရှိပြီးလူတို့ သွားလာခြင်းမပြုကြတော့သဖြင့် ခြုံနွယ်ဒိတ်ပေါင်း သစ်ကြီးဝါးကြီးတို့ ဖြင့်အုပ်ဆိုင်း၍နေသည်။ လူတို့ သွားလာခြင်းမရှိကြသည်မှာ သိုက်ရှိသည်။ အစောင့်ကြမ်းသည်ဟု ယုံကြည်နေကြခြင်းကြောင့် ဖြစ်လေသည်။ မူလ ဇေတဝန်တောင်မှာ ထိုတောင်ငယ်ကို ခေါ်ခြင်းဖြစ်သည်ဟု ရွာခံတို့က ပြောဆိုကြသည်။ ဆရာကြီး ဦးကြီးစိန်၏ မြိတ်ရာဇဝင်တော်ကြီးတွင်လည်း ဗဟာပ်ချောင်းအနီး ဇေတဝန်တောင်ဟု ပါရှိသည့်အပြင် လက်တွေ့တွင်လည်း ထိုတောင်ငယ်အနီး၌ ဗဟာပ်ချောင်းက ကွေ့ပိုက်ကာ စီးဆင်းနေသည်ကို တွေ့ရှိရသဖြင့် ထိုတောင်ငယ်သည်ပင် ဒေသခံတို့ ပြောဆိုနေကြသည့်အတိုင်း ဇေတဝန်တောင်ဖြစ်နိုင်စရာ ရှိပေသည်။

ဇေတဝန်ဘုရားပွဲတော်ကြီးကို သက္ကရာဇ် ၆၄၄ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်နေ့က စတင်ကျင်းပခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်လေတော့သည်။ ပွဲတော်ရက်များအတွင်း ရပ်ဝေးရပ်နီးမှ ဘုရားပွဲလာလူတို့ကြီးမှာ ဆိပ်ဦးနှင့် ရွာရိုးတစ်လျှောက် စည်ကားလှပေသတော့သည်။

○

www.burmeseclassic.com



တနင်္သာရီမြို့



ဆိပ်ဦးဘုရားတွင်းမှရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း၄၀ကျော်က ဆိပ်ဦးပွဲတော်ရက်



လွန်ခဲ့သောနှစ်ပေါင်း ၄၅နှစ်က ဇေတဝန်ရွာဆိပ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပုံက ပြောသော

မြန်သမိုင်း မှတ်တိုင်များ

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

မြန်မာတို့က မာရိတ်၊ တနင်္သာရီနှင့် ဒွါရာဝတီကို သိမ်းပိုက်ခြင်း။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မာရိတ်(ခေT) မြိတ်မြို့ကိုသိမ်းပိုက်ပြီး သက္ကရာဇ် ၁၁၂၁-ခုနှစ်၊ တပေါင်းလဆန်း(၅) ရက်နေ့အထိ မြိတ်မြို့တွင် စခန်းချတော်မူသည်။ ထိုနောက် တနင်္သာရီမြို့ကို ဆက်လက်သိမ်းပိုက်သည်။ သက္ကရာဇ် ၁၁၂၁-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်(၁၇၅၉)တွင် တနင်္သာရီမှ ယိုးဒယားမြို့သို့ ဆက်လက်ချီတက်လေသည်။ ထိုသို့ချီတက်ရာတွင် ခပေါင်း၊ တုန်းရွာ၊ လောရွာ၊ ဆလင်းကင်း၊ ဆလင်းရွာ၊ မယ်နံ့ရွာ၊ ထနီးရွာ၊ ကွမ်းသောင်၊ ကွမ်းမြို့စသည်တို့ကို ဖြတ်ကျော်၍ချီတက်ခဲ့ရသည်။ ကွမ်းမြို့သို့မရောက်မီ တောင်နှစ်လုံးကြား တွင် ယိုးဒယားတို့နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ သက္ကရာဇ် ၁၁၂၁-ခုနှစ်၊တပေါင်းလပြည့်ကျော်(၁၀)ရက်နေ့တွင် ကွမ်းမြို့အနီးရှိ ယိုးဒယားတို့ကို အောင်နိုင်၍ ကွမ်းမြို့တွင် တစ်ညအိပ် စခန်းချတော်မူသည်။ ထိုမှ ဗက်ဗူရီ(ဖြတ်ဗီ)ကို ချီတက်သိမ်းပိုက်သည်။ ထိုနောက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် မြန်မာတပ်များသည် သက္ကရာဇ် ၁၁၂၁ ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်နေ့တွင် ဒွါရာဝတီကို ဆိုက်ရောက်သိမ်းပိုက်တော်မူခဲ့လေသည်။

ဆင်ဖြူရှင်မင်း လက်ထက် (၁၇၆၃-၇၆)
စဉ့်ကူးမင်း လက်ထက် (၁၇၇၆-၈၂)
ဘိုးတော်ဘုရား လက်ထက်(၁၇၈၂-၁၉)
ဘကြီးတော်မင်း လက်ထက်(၁၈၁၉-၇၃)

တိမင်းများလက်ထက်တွင် မြိတ်မြို့၌ မြန်မာမြို့ဝန်(၁၈)ဦး ခန့်ထား အုပ်ချုပ်စေခဲ့လေသည်။

မြိတ်မြို့နှင့်တကွ တနင်္သာရီအား ဗြိတိသျှတို့ သိမ်းယူခြင်း။

(၁၈၁၉-၁၈၇၃)မြန်မာဘုရင် ဘကြီးတော်လက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွား၍ ထိုစစ်ပွဲ၏ ရန္တပိုစာချုပ်အရ မြန်မာတို့က ရခိုင်နှင့်တနင်္သာရီနယ်များကို ဗြိတိသျှလက်သို့ ပေးအပ်

www.burmeseclassic.com

www.burmeseclassic.com



ဘလောင်းမင်းတရား [illegible]

www.burmeseclassic.com

www.burmeseclassic.com

တနင်္သာရီတိုင်း




www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။ ထိုစဉ်က မြိတ်မြို့တွင်အုပ်ချုပ်လျက်ရှိသော မြန်မာမြို့ဝန်မှာ ဦးမြတ်လေးဖြစ်လေသည်။ ၁၈၂၄-ခုနှစ် အောက်တိုဘာလ(၆)ရက်နေ့မှစ၍ မြိတ်မြို့နှင့်တကွ တနင်္သာရီတိုင်းအလုံးမှာ ဗြိတိသျှအစိုးရပိုင်နယ် ဖြစ်လာတော့သည်။

●

## တနင်္သာရီတိုင်း

ဗြိတိသျှအစိုးရက ၁၈၂၅-ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့မှ စတင်၍ မစ္စတာမိန်းဂီး ဆိုသူအား တနင်္သာရီနယ်များဖြစ်သော ထားဝယ်နယ်နှင့် မြိတ်နယ်တို့ကို စတင်အုပ်ချုပ်ရန် ဝန်ရှင်တော်မင်းကြီး အဖြစ် ခန့်အပ်ခဲ့လေသည်။

၁၈၃၄-ခုနှစ်၊ ဝန်ရှင်တော်မင်းကြီး မစ္စတာဘလန်ဒယ်လ် လက်ထက်၌ တနင်္သာရီနယ်ကို ဘင်္ဂလားအစိုးရ လက်အောက်ခံအဖြစ်သို့ သွတ်သွင်းအုပ်ချုပ်လေသည်။ အင်္ဂလိပ်တို့သည် ၎င်းတို့သိမ်းပိုက်ထားသော အောက်မြန်မာနိုင်ငံအား "ဗြိတိသျှ ဘားမား" (ခေါ်) အင်္ဂလိပ်ပိုင်အောက်မြန်မာပြည်ဟု ခေါ်ဝေါ်စေပြီးလျှင် ဦးစွာ အိန္ဒိယဘုရင်ခံချုပ်က တိုက်ရိုက်အုပ်ချုပ်လေသည်။

ထိုနောက် သက္ကရာဇ် ၁၈၅၂-ခုနှစ် ပုဂံမင်းလက်ထက်တွင် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားပြန်သည်။ ထိုစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က ပဲခူးနှင့် ရန်ကုန်မြို့များကို သိမ်းယူသည်။ ၁၈၆၂-ခုနှစ်သို့ ရောက်သောအခါ၊ ရခိုင်နှင့် တနင်္သာရီတိုင်းများကို ပဲခူးတိုင်း၊ ဧရာဝတီတိုင်း တို့နှင့် ပေါင်းစပ်၍ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရသော တိုင်းအဖြစ်ဖွဲ့စည်းကာ ၁၈၆၂-၆၇-ခုနှစ်အထိ ကော်မရှင်နာ မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ရာကအုပ်ချုပ်ခဲ့ပြီးနောက် ဆက်လက်၍ မဟာဝန်ရှင်တော်မင်းကြီး များအဖြစ် ခအောက်ပါပုဂ္ဂိုလ်တို့ကိုခန့်ထားအုပ်ချုပ်စေခဲ့လေသည်။

| | | | |
|---|---|---|---|
| ၁။ | မေဂျာဂျင်နရယ် အဲလ်ဘတ်ဖိုက်ချ် | ၁၈၆၇-၇၁ | |
| ၂။ | ကာနယ် ဆားဒါး | ၁၈၇၁- | (ခေတ္တ) |
| ၃။ | ဆာ အက်ရှလီအီဒင် | ၁၈၇၁-၇၅ | |
| ၄။ | ဆာ ရေးဗားသွန်မဆင် | ၁၈၇၅-၇၈ | |
| ၅။ | ဆာ ချားလ်စ်အက်ချီဆင် | ၁၈၇၈-၈၀ | |
| ၆။ | ဆာ ချားလ်စ်ဘားနတ် | ၁၈၈၀-၈၃ | |



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ခရိုင်တွင် မူလက မြိတ်မြို့နယ်၊ ပလောမြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် ဟူ၍ (၄)မြို့နယ်သာ ရှိခဲ့သော်လည်း မဟာဝန်ရှင်တော်မင်းကြီး ဆာ အက်ရှလီ အီဒင် လက်ထက် ၁၈၇၂-ခုနှစ်သို့ ရောက်သောအခါ အင်္ဂလိပ်အစိုးရက ပုလိပ် အရာရှိ တစ်ဦးအား ဝိတိုရိယအငူသို့ စေလွှတ်၍ ငြိမ်ဝပ်ပိပြားရေး အတွက် အုပ်ချုပ်စေခဲ့ရာ ထိုအချိန်မှစ၍ မလိဝမ်းမြို့နယ်တစ်ခု ထပ်မံတိုးပွားလာခဲ့သည်။ ထိုနောက် ၁၈၉၀-ခုနှစ်တွင် မလိဝမ်းဒေသမှ ရုံးကို ဝိတိုရိယအငူသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သဖြင့် မလိဝမ်းမြို့နယ်အစား ကော့သောင်းမြို့နယ်ဟု သတ်မှတ်ခဲ့ပြန်သည်။ ထို့ကြောင့် မြိတ်ခရိုင်တွင် မြို့နယ်(၅)မြို့နယ် ဖြစ်လာသည်။

ပထမဆုံး တနင်္သာရီတိုင်း၏ ရုံးစိုက်ရာမြို့မှာ ကျိုက်ခမီမြို့ ဖြစ်လေသည်။ ထိုအချိန်က တနင်္သာရီတိုင်းတွင် ကျိုက်ခမီ၊ ထားဝယ်နှင့် မြိတ်ခရိုင်များ ပါဝင်ခဲ့သည်။

ထိုနောက် တနင်္သာရီတိုင်းကို သထုံခရိုင်၊ မော်လမြိုင်ခရိုင်၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်များဖြင့် ပါဝင် ဖွဲ့စည်းလာခဲ့သည့်အချိန်တွင် မော်လမြိုင်မြို့သည် တိုင်းရုံးစိုက်ရာမြို့တော်ဖြစ်လာခဲ့သည်။

၁၉၃၂-၃၃-ခုနှစ်သို့ရောက်သောအခါ မြိတ်မြို့နယ်ကိုနှစ်ပိုင်းခွဲ၍ မြိတ် အရှေ့မြို့နယ်နှင့် မြိတ် အနောက်မြို့နယ် ဟူ၍ သတ်မှတ်ခဲ့ပြန်သောကြောင့် မြိတ်ခရိုင်တွင် မြို့နယ်(၆)မြို့နယ် ရှိလာခဲ့သည်။

မြန်မာပြည် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ကရင်ပြည်နယ် ပေါ်ပေါက်လာချိန်၌ ဖားအံခရိုင်သည် တနင်္သာရီတိုင်းအတွင်းမှ ခွဲထွက်သွားပြီး ကျန်ခရိုင်များသာ တနင်္သာရီတိုင်းအဖြစ် တည်ရှိခဲ့သည်။


မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီလက်ထက် တော်လှန်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁)တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက လက်ရှိ တနင်္သာရီတိုင်းကို ၁၉၇၂ ခုနှစ် ဇွန်လ(၂၀)ရက်နေ့မှစ၍ တနင်္သာရီတိုင်း အမှတ်(၁)နှင့်တနင်္သာရီတိုင်း အမှတ်(၂) ဟူ၍ ယာယီ အစီအစဉ်အနေဖြင့် ပြုပြင် သတ်မှတ်ခဲ့သည်။

တနင်္သာရီတိုင်း အမှတ်(၁)တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ ပါဝင်ကြ၍ ယင်းခရိုင်များအတွင်းရှိ မြို့နယ်ပေါင်း(၁၀)မြို့နယ် ပါဝင်ကြသည်။ ပါဝင်သော မြို့နယ်များမှာ မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့်ရေးမြို့နယ်တို့သည် မော်လမြိုင်ခရိုင်တွင်ဖြစ်၍ သထုံမြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှာ သထုံခရိုင်မြို့နယ်များ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြိတ်မြို့



www.burmeseclassic.com

www.burmeseclassic.com

မြိတ်အရှေ့မြို့နယ်ပြည်သူ့ကောင်စီရုံးဖွင့်လှစ်ထားသော
ဗြိတိသျှအစိုးရတို့ခေတ်ကလုပ်ခဲ့သည့်အဆောက်အအုံကြီး



မြန်မာမြို့စနိုင်မြိတ်လေဆိပ်အိမ်တော်ဟု
မြိတ်သူတော်သီတို့လက်ထောင်သော
ဗြိတိသျှခေတ်တစ်ခုလုံးငှာ
တောင်အကောင်အထည်ပေါ်ခဲ့ရာအဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com 

တနင်္သာရီတိုင်း အမှတ်(၂)တွင် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ ပါဝင်ကြ၍ ယင်းခရိုင် အတွင်းရှိ မြို့နယ်ပေါင်း(၁၀)မြို့နယ်တို့ ပါဝင်ကြသည်။ ပါဝင်သောမြို့နယ်များမှာ ထားဝယ်ခရိုင်တွင် ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ် နှင့် ရေဖြူ မြို့နယ်တို့ ဖြစ်ကြသည်။ မြိတ်ခရိုင်တွင် မြိတ်အရှေ့မြို့နယ်၊ မြိတ်အနောက်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ ပလောမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်များ ဖြစ်လေသည်။

တနင်္သာရီတိုင်း အမှတ်(၁)၏ ရုံးစိုက်ရာ ဒေသအဖြစ်ဖြင့် မော်လမြိုင်မြို့ကို လည်းကောင်း၊ တနင်္သာရီတိုင်း အမှတ်(၂)၏ ရုံးစိုက်ရာဒေသအဖြစ်ဖြင့် ထားဝယ်မြို့ကို လည်းကောင်း သတ်မှတ်ခဲ့လေသည်။

၁၉၇၃-ခုနှစ် နောက်ပိုင်းတွင် တနင်္သာရီတိုင်း(၁)သည် မွန်ပြည်နယ် ဖြစ်လာသည်။ တနင်္သာရီတိုင်း အမှတ် (၂) သည် သာလျှင် တနင်္သာရီတိုင်းအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

ခရိုင်အဆင့်များ ပယ်ဖျက်ပြီးနောက် မြို့နယ်များ အဖြစ်သာ ပေါင်းစပ်ဖွဲ့စည်းခဲ့သည့် အလျောက် တနင်္သာရီတိုင်းတွင် ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ မြိတ် အရှေ့မြို့နယ်၊ မြိတ် အနောက်မြို့နယ်၊ တနင်္သာရီမြို့နယ်၊ ပလောမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်း မြို့နယ် စသည်ဖြင့် (၁၀)မြို့နယ် ပါဝင်ခဲ့သည်။

၁၉၈၈-ခုနှစ် နှစ်စပိုင်းတွင် နိုင်ငံတော် အစိုးရက မြိတ်အရှေ့မြို့နယ်အား "မြိတ်မြို့နယ်" ဟူ၍လည်းကောင်း၊ မြိတ်အနောက်မြို့နယ်အား "ကျွန်းစုမြို့နယ်"ဟူ၍ လည်းကောင်း ပြောင်းလဲ သတ်မှတ်ခဲ့လေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## မြိတ်မြို့

မြိတ်မြို့သည် တနင်္သာရီမြစ်နှင့် ကျောက်ဖြူမြစ် အကြား မြိတ်ကျွန်း၏အနောက်ဘက် ပင်လယ်ကမ်းခြေတွင် တည်ရှိလေသည်။ မြိတ်မြို့နှင့် မျက်နှာချင်းဆိုင်တွင် မြိတ်မြို့မှ ကိုက် ၈၀၀-ခန့် ကွာဝေးပြီး ၂၂၈ ပေမြင့်သည့် ပထက်တောင်သည် လည်းကောင်း၊ ကိုက် ၁၂၈၀-ခန့် ကွာဝေး၍ ၇၈၉-ပေ မြင့်သော ပထော်တောင်သည် လည်းကောင်း၊ အနောက်ဘက် ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေဒဏ်မိုးဒဏ်ကို အတားအဆီးသဖွယ် ကာကွယ်ပေးထားသကဲ့သို့ ရှိနေ၍ ပထော်ပထက်တောင်နှင့် မြိတ်ဆိပ်ကမ်းအကြားတွင် ပင်လယ်ကူးသင်္ဘောများ၊ စက်လှေကြီးများ၊ မြိတ်ဒေသအတွင်း သွားလာသော လှေ၊ စက်လှေတို့ အတွက် လုံခြုံစွာဆိုက်ကပ်နိုင်သည့် အခနအထားတွင်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်လေသည်။

မြိတ်မြို့၏အရှေ့ဘက်တွင် လေယာဉ်ပျံကွင်းတည်ရှိ၍တောင်ဘက်တွင် ယောကြီးချောင်းဝချောင်း ရှိလေသည်။ ထိုယောကြီးဝချောင်းတွင် ရွှေဘူးမြစ်နှင့် ရှမ်းချောင်းမြစ်မကြီး၊ တုတ်ချောင်းတို့ ပေါင်းဆုံကာ တနင်္သာရီမြစ်ဘဲသို့ စီးဝင်သည်။ မြိတ်မြို့၏ မြောက်ဘက်တွင်မူ ကလွင်ကျေးရွာရှိ၍ ၎င်းရွာ၏မြောက်ဘက်တွင် တဖန် မြိတ်ကျွန်း၏အရှေ့ဘက်မှစီးဆင်းလာသော ပင်းကိုမြစ်၊ ကျောက်ဖျာမြစ်နှင့် သမုတ်မြစ်တို့ပေါင်းဆုံကြပြန်သည်။ အရှေ့မှ အနောက်သို့တန်းလျက်ရှိသော ကျောက်ဖျာမြစ်သည် ပင်လယ်ဝနှင့်တစ်စပ်တည်း ဆက်စပ်လျက်ရှိလေသည်။

မြိတ်မြို့အား သက္ကရာဇ် ၈၉၅(အေဒီ-၁၅၃၃) ခုနှစ်တွင် မြရာမသန့်တိသမင်းက တည်ဆောက်ခဲ့၍ မြို့အမည်ကို "မာရိတ်မြို့"ဟု ခေါ်တွင်စေသည်။

သက္ကရာဇ် ၁၁၂၁-ခုနှစ်တွင် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ စစ်ချီလာ၍ တနင်္သာရီနယ်အသုံးကို သိမ်းယူတော်မူသည်။ ထို့နောက် မာရိတ်မြို့အား အောက်ပါ မြန်မာမြို့ဝန်များကို ခန့်ထား၍ အုပ်ချုပ်စေလေသည်။

| | | | |
|---|---|---|---|
| ၁။ | ဓမ္မရာဇာ | ၁၇၇၀ | |
| ၂။ | ဥတ္တမရာဇာ | ၁၇၇၂ | ဆင်ဖြူရှင်မင်း လက်ထက် |
| ၃။ | မင်းခေါင်ရာဇာ | ၁၇၇၃ | (၁၇၆၃-၇၆) |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၄။ | ဦးဒိန့်ကျော် | ၁၇၇၅ | |
| ၅။ | ဓော်တော်ကြီး | ၁၇၇၈ | |
| ၆။ | ရွှေတောင်ငယ် | ၁၇၈၀ | စဉ့်ကူမင်း လက်ထက် (၁၇၇၆-၁၇၈၂) |
| ၇။ | ရွှေးဗိုလ် | ၁၇၈၃ | |
| ၈။ | နတ်စုဗိုလ် | ၁၇၈၅ | |
| ၉။ | ရွှေးဗိုလ် | ၁၇၈၈ | |
| ၁၀။ | လှင်းဇင်းဗိုလ် | ၁၇၉၀ | |
| ၁၁။ | ဦးလွန်းကြီး | ၁၇၉၆ | |
| ၁၂။ | ပဲတောင့်စားမင်း | ၁၇၉၈ | |
| ၁၃။ | သီရိကျော်ထင် (သစ်ခေတာဝန်) | ၁၈၀၆ | ဘိုးတော်ဘုရားလက်ထက် |
| ၁၄။ | မောင်လွန်း | ၁၈၁၂ | (၁၇၈၂-၁၈၁၉) |
| ၁၅။ | ပဲတောင့်စားမင်း | ၁၈၁၃ | |
| ၁၆။ | မင်းရန်ကူး | ၁၈၁၅ | |
| ၁၇။ | မောင်စာမတ် | ၁၈၁၇ | |
| ၁၈။ | မောင်မြတ်လေး | ၁၈၁၉ | |
| | | ၁၈၂၄ | ဘကြီးတော်မင်းလက်ထက် (၁၈၁၉-၁၈၃၇) |

သက္ကရာဇ် ၁၁၂၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက်နေ့တွင် မြို့ဝန် ဦးဒိန့်ကျော် လက်ထက်၌ "မာရိတ်မြို့" အမည်ကို ဖျက်၍ "မြိတ်မြို့"ဟု တွင်စေခဲ့သည်။

နောက်ဆုံးမြို့ဝန် ဦးမြတ်လေးလက်ထက်တွင် တနင်္သာရီနယ်အား ဗြိတိသျှတို့ တိုက်ခိုက်သိမ်းယူခဲ့ပြီး မြိတ်မြို့ကို အောက်ပါအတိုင်း ဗြိတိသျှတာဝန်ခံများက အုပ်ချုပ်ခဲ့လေသည်။

| | | | |
|---|---|---|---|
| ၁။ | မစ္စတာ အိပ်ချ်ဂျီဘာဘ်တန် | ၈-၁-၁၈၈၀ မှ | ၁၀-၉-၁၈၉၄ |
| ၂။ | ကပ္ပတိန် အေဘီပရိချာဒ် | ၁၁-၉-၁၈၉၄ မှ | ၁၃-၈-၁၈၉၆ |
| ၃။ | မစ္စတာ အာရ်စီစတီဗင်ဆင် | ၁၄-၈-၁၈၉၆ မှ | ၂၈-၁၂-၁၈၉၆ |
| ၄။ | မစ္စတာ အယ်လီအိပ်ချ်ဆောင်းဒါးစ် | | ၂၉-၁၂-၁၈၉၆ မှ ၅-၄-၁၈၉၇ |
| ၅။ | မစ္စတာ အာရ်စီစတီဗင်ဆင် | ၆-၄-၁၈၉၇ မှ | ၂၈-၂-၁၈၉၉ |
| ၆။ | မစ္စတာ အက်ပ်အေမိုးရ် | ၂၇-၂-၁၉၀၀ မှ | ၂၆-[illegible]-၁၉၀၀ |
| ၇။ | မစ္စတာ ဒီရိုစ် | ၂၇-၁၁-၁၉၀၀ မှ | [illegible]-၁၉၀၂ |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၈။ | မစ္စတာ ဂျီအီအာရ်ဂရင်းဘရောင်း | ၂၁-၁-၁၉၀၂ မှ | | ၂၂-၈-၁၉၀၄အထိ |
| ၉။ | မစ္စတာ အိပ်ချ်အက်စ်ရင်းရဝ်ထ် | ၂၃-၈-၁၉၀၄မှ | | ၂၅-၁၂-၁၉၀၄ |
| ၁၀။ | မစ္စတာ ဂျီအီအာရ်ဂရင်းဘရောင်း | ၂၆-၁၂-၁၉၀၄ မှ | | ၄-၅-၁၉၀၆ |
| ၁၁။ | မစ္စတာ တီဂျေမက်ကာလင်ဖ် | ၂၆-၅-၁၉၀၆ မှ | | ၂၀-၈-၁၉၀၈ |
| ၁၂။ | မစ္စတာ စီအာရ်ပီလ်ဂျင်ဆင် | ၂၆-၉-၁၉၀၈ | မှ | ၁၉၁၀ |
| ၁၃။ | | ၁၉၁၀ | မှ | ၁၉၁၂ |
| ၁၄။ | | ၁၉၁၂ | မှ | ၁၉၁၄ |
| ၁၅။ | | ၁၉၁၄ | မှ | ၁၉၁၆ |
| ၁၆။ | ဂျေအက်စ်ဖာနီဗယ် | ၁၉၁၆ | မှ | ၁၉၁၈ |
| ၁၇။ | | ၁၉၁၈ | မှ | ၁၉၂၀ |
| ၁၈။ | မစ္စတာ စတီဗင် | ၁၉၂၀ | မှ | ၁၉၂၂ |
| ၁၉။ | မေဂျာဘွမ်ခင် | ၁၉၂၂ | မှ | ၁၉၂၄ |
| ၂၀။ | | ၁၉၂၄ | မှ | ၁၉၂၆ |
| ၂၁။ | | ၁၉၂၆ | မှ | ၁၉၂၈ |
| ၂၂။ | | ၁၉၂၈ | မှ | ၁၉၃၀ |
| ၂၃။ | | ၁၉၃၀ | မှ | ၁၉၃၂ |
| ၂၄။ | မေဂျာရစ်ကောလစ် | ၁၉၃၂ | မှ | ၁၉၃၄ |
| ၂၅။ | | ၁၉၃၄ | မှ | ၁၉၃၆ |
| ၂၆။ | ဦးရွှေဘော် | ၁၉၃၆ | မှ | ၁၉၃၈ |
| ၂၇။ | မစ္စတာ ရိုဗီတန် | ၁၉၃၈ | မှ | ၁၉၄၀ |
| ၂၈။ | မစ္စတာ ရနီး | ၁၉၄၀ | မှ | ၁၉၄၅ |

မဟာဝန်ရှင်တော် မင်းကြီး မေဂျာဂျင်နရယ် အဲလ်ဘတ်ဖိုက်ချ်သည် (၁၈၆၇-၇၁)လက်ထက် ၁၈၆၈ခုနှစ်တွင် (ယခု မြိတ်အရှေ့မြို့နယ်ပြည်သူ့ကောင်စီရုံး) ရုံးအဆောက်အဦးကြီးကို ဆောက်လုပ်ခဲ့သည်။

မဟာဝန်ရှင်တော်မင်းကြီး ဆာရေးဗားသွန်မဆင် (၁၈၇၅-၇၈) လက်ထက် ၁၈၇၆ခုနှစ်တွင် မြိတ်စာပို့လုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

မဟာဝန်ရှင်တော်မင်းကြီး ဆာ ချားလ်စ်ဘားနတ်(၁၈၈၀-၈၇) လက်ထက် ၁၈၈၇ခုနှစ်တွင် မြိတ်မြို့ မြူနီစီပါယ်အဖွဲ့ကို ဖွဲ့စည်း အကောင်အထည်ဖော်ခဲ့သည်။

မြိတ်မြို့ ကမ်းနားလမ်းကို အင်္ဂလိပ်အရေးပိုင် စစ္စတာဘွန်ခင် လက်ထက် ၁၉၂၂-၂၄ခုနှစ်တွင် တည်ဆောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မြိတ်သျှ ကိုလိုနီခေတ် အရေးအခင်းများ

### (၁) ဟုမ္မရူးအရေးနှင့်မြိတ်

အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်အချိန်တွင် တိုင်းပြည်အေးချမ်း သာယာမှု၊ တိုင်းသူပြည်သားတို့ အသင့်အတင့် ချောင်ချိမှုတို့ကြောင့် မြန်မာတို့မှာ အင်္ဂလိပ်လက်အောက်တွင် ရောင့်ရဲတင်းတိမ်နေခဲ့ကြသည်။ အမှန်စင်စစ် အင်္ဂလိပ်တို့သည် ၎င်းတို့၏ အင်္ဂလန်ပြည်၌ 'ဒီမိုကရေစီ' စနစ်ဖြင့် အုပ်ချုပ်သော်လည်း မြန်မာပြည်ကိုမူကား 'ကိုလိုနီ' စနစ်ဖြင့် အုပ်ချုပ်လေသည်။

မြန်မာပြည်တွင် ဟုမ္မရူးနှင့် ဒိုင်အာခီ အုပ်ချုပ်ရေး စနစ်များ အားပြိုင်လာချိန်၌ဆရာတော်ဦးဥတ္တမသည်မြန်မာပြည်အတွက် ဟုမ္မရူးအုပ်ချုပ်ရေးစနစ် တောင်းရန်လှည့်လည်ဟောပြောပြီး အမြို့မြို့တွင် သံဃာ့သာမဂ္ဂီအဖွဲ့များ ဖွဲ့စည်းရာ မြိတ်မြို့လုံးဆိုင်ရာ အကျိုးတော်ဆောင်မှာ တောကျောင်းဆရာတော်ဘုရားကြီး ဦးပဒုမ ဖြစ်လေသည်။ ထို့အတူ ရွှေနေ ဦးစောမောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ထားဝယ်ရုပ် ဦးဖေလှိုင်က အကျိုးတော်ဆောင် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သော ဝံသာနုကောင်စီကိုလည်း ဖွဲ့စည်းတည်ထောင်ကာ မြိတ်မြို့ တောကျောင်း၊တိုက်တွင်ပင် အသင်းတည်ရာအဖြစ် ထားရှိလေသည်။ နောင်တွင် ထားဝယ်ရုပ် ဦးဘညွန့်နှင့် ဦးဆန်းတို့လည်း ဥက္ကဋ္ဌများ အဖြစ် ပါဝင် ဆောင်ရွက် လာကြသည်။ ထိုအချိန်တွင်ပင် ထားဝယ်ရုပ် ဒေါ်သီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြိတ်ကုမ္ပာရီ အမျိုးသမီးအသင်းလည်း ပေါ်ပေါက်လာခဲ့လေသည်။ ယင်းဝံသာနု ကောင်စီနှင့် ကုမ္ပာရီအမျိုးသမီးအသင်းကို မြို့ရောနယ်ပါအနှံ့ ဖွဲ့စည်းခဲ့ကြသည်။

၁၉၂၁ခုနှစ် ဇူလိုင်လတွင် အမျိုးသား ပညာရေးခေါင်းဆောင်ကြီးများ နှင့် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာချုပ် ဦးဖိုးကျားတို့ မြိတ်မြို့သို့ ရောက်ရှိလာကြပြီး ဝံသာနုတရားများကို ဟောပြောလေသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်အစိုးရသည် အင်္ဂလိပ်-မြန်မာ ... တဝက်ခံ အုပ်ချုပ်သည့်စနစ်ဖြစ်သော 'ဒိုင်အာခီအုပ်ချုပ်ရေးစနစ်'ကို ၁၉၂၃ခုနှစ်တွင် မြန်မာပြည်သို့ ပေးခဲ့လေသည်။ ၎င်းအုပ်ချုပ်ရေးစနစ်ကို ... မကျေနပ်သူ အများနေဖြစ်သော ဟုမ္မရူးလိုလားသူများနှင့် ... လိုလားသူ အနည်းစုတို့ သဘောထား ကွဲလွဲလာကြသော ... ဆံ...



www.burmeseclassic.com

www.burmeseclassic.com



သာမဂ္ဂီအဖွဲ့သည် ဟမ္မစွဲဘက်မှ ရပ်တည်ခဲ့လေသည်။ ထို အကဲ့အပြ သဒေဘာထား၊ ကွဲလွဲမှုကိစ္စမှာ အဖွဲ့အစည်း၊ အတွင်းသို့သာ ရပ်တန့်မနေ တော့ဘဲ သူငယ်ချင်း၊ မိတ်ဆွေ၊ လင်နှင့်မယား၊ မိဘနှင့်သားသမီး ညီအစ်ကို မောင်နှမများမှအစ ဆွေမျိုးများအထိ ကူးစက်ခဲ့ပြီး တကာနှင့်တကာမ ဆရာတော် သာသာတော်များအထိ ကူးပြန့်ခဲ့လေတော့သည်။

## (၂) ဟိုက်စကူးကျောင်းနှင့် ပထမကျောင်းသားသပိတ်။

မြိတ်မြို့ အစိုးရအထက်တန်းကျောင်းမှာ(ယခု မြိတ်မြို့ ပြည်သူ့ ရဲ တပ်ဖွဲ့မှူးရုံး)နေရာတွင် ဖြစ်လေသည်။ထိုစဉ်က ကျောင်းအုပ် ဆရာကြီးမှာ ကုလားလူမျိုးခရစ်ယာန် ဘာသာဝင် မစ္စတာ သီဟိုဖိလပ်(စ်)ဆိုသူဖြစ်သည်။ ထိုကျောင်းအုပ်ကြီးမှာ ဗမာများအပေါ် အထင်အမြင်သေးသူ ဖြစ်၍ မကြာခဏဆိုသလို ဗမာ ကျောင်းသားများနှင့် ပဋိပက္ခဖြစ်လေ့ရှိသည်။ တစ်ညတွင် ကျောင်းသားများက ဆရာကြီးနေအိမ်ကို ခဲများဖြင့်ပစ်ပေါက် ကြသည်။ ထိုကိစ္စတွင် ကျောင်းအုပ်ဆရာကြီးက ဗမာ ကျောင်းဆရာများ မြှောက်ပေး၍ဖြစ်ရသည်ဟု စွပ်စွဲကာ ဗမာကျောင်းဆရာများအား နယ်သို့ ပြောင်းပေးရန် သက်ဆိုင်ရာသို့တင်ပြလေသည်။ ထိုကြောင့်သက်ဆိုင်ရာက ဆရာ ဦးဘိုးစိန်အား ဦးစွာရွှေတောင်မြို့သို့ ပြောင်းရွှေ့အမှုထမ်းစေသည်။ သို့သော် ဦးဘိုးစိန်မှာ လိုက်နာပြောင်းရွှေ့ခြင်းမရှိဘဲ အလုပ်မှနုတ်ထွက်ခဲ့ လေသည်။ ထိုနောက် ဆရာဦးလှိုင်ဟုတ်၊ ဆရာဦးဘိုးလှိုင်နှင့် ဆရာဦးသက် ဖေတို့အား တစ်ဦးပြီးတစ်ဦး ပြောင်းရွှေ့စေခဲ့လေသည်။

နယ်ချဲ့ဗြိတိသျှကရက် အင်္ဂလိပ်အစိုးရက မြန်မာပြည် ပညာရေးကို ချုပ်ခြယ်ရန် ယူနီဗာစီတီကျောင်း ဥပဒေမူသစ်ကို ကိုင်လိုက်သဖြင့် ရန်ကုန် ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့က ၁၂၈၂ခုနှစ် တန်ဆောင်းမုန်းလပြည့် ကျော် ၁၀ရက် (၅-၁၂-၁၉၂၀)နေ့တွင် သပိတ်လက်နက် စွဲကိုင်ခဲ့လေ သည်။ ထိုသပိတ် လက်နက်ကြောင့်ပင် အောင်ပွဲဆင်နိုင်ခဲ့သော ကာလ မှာ နှစ်ပေါင်း(၆၀)ကျော်သို့ပင် တိုင်ခဲ့ပြီးဖြစ်လေသည်။

ရန်ကုန် သပိတ်မှောက် သတင်းများအရ မြိတ်မြို့အစိုးရ ဟိုက်စကူး ကျောင်းမှ ကျောင်းသားကြီး ၂၀ကျော်တို့မှာ ၁၉၂၀ခုနှစ် ဒီဇင်ဘာလ ကျောင်းပိတ်ရက်အတွင်း ဈေးတန်းရပ် ဝတ်တိုက်ကျောင်းဖုဘုရား[illegible] ဇရပ်တစ်ဆောင်၌ စုဝေးကြပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



[redacted]

မြန်မာတစ်နိုင်ငံလုံးတွင် မြို့မိမြို့ဖများ၏ အားပေး ထောက်ခံမှုဖြင့် အမျိုးသားကျောင်းများဖွင့်ကြလျက်၊ အမျိုးသားပညာရေးနှင့်အမျိုးသား ကျောင်းများကို စနစ်တကျ အုပ်ချုပ်နိုင်စေရန် ရန်ကုန်မြို့တွင် အမျိုး သား ပညာရေးအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းခဲ့ကြသည့်အလျောက် အမျိုးသား ပညာဝန်များလည်း ပေါက်ဖွားလာရသည်။

အလားတူစွာပင် မြိတ်မြို့၌လည်း အမျိုးသားအထက်တန်းကျောင်း တစ်ကျောင်းကို ပလောကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့သည်သာမက ထိုကျောင်း နှင့် မျက်နှာချင်းဆိုင်ရှိ ညောင်ရိပ်သာကျောင်းတိုက်၌ပါ တိုးချဲ့ဖွင့်လှစ်ခဲ့ရ လေသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဦးလှဖေဖြစ်ပြီး ကျောင်း ဆရာများမှာ ဦးတိတ်ဂွမ်၊ ဦးအစ်ဘီး၊ ဦးဟင်ကီ၊ ဦးဂွမ်စိန်၊ ဦးသက်ဖေ၊ ဦးဘိုးလှိုင်၊ ဦးကျော်ဇံ လူကလေး၊ ဦးဘစိုး၊ ဦးလွန်းဖေ၊ ဦးဘသိန်း၊ ဦးလှမောင်၊ ဦးဘခင်တို့ ဖြစ်ကြလေသည်။ ထိုအမျိုးသား အထက်တန်း ကျောင်းမှာ ပလောကျောင်းတိုက်နှင့် ညောင်ရိပ်သာ ကျောင်းတိုက်တို့၌ သုံးနှစ်မျှ ကြာမြင့်ခဲ့လေသည်။

ထို့နောက် မြို့မိမြို့ဖများ၏ ထောက်ခံ အားပေးမှုနှင့် မြိတ်မြို့ မန္တလေးကျောင်းတိုက် ဆရာတော်၏ အမျိုးသား စိတ်ဓာတ် တို့ကြောင့် မန္တလေးကျောင်းဝင်းအတွင်း၊ ဆရာတော်က စွန့်ကြသော မြေနေရာတွင် မျိုးချစ်ကော်မတီများက စာသင်ကျောင်း တစ်ဆောင်ကို ဆောက်လုပ် ခဲ့ပြီး ထိုကျောင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ အဆိုပါ ကျောင်းသစ်ကြီး တွင် ရခိုင်အမျိုးသား ဦးသာထွန်းအောင်က ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန် ထမ်းဆောင်၍ ဆရာ ဆရာမများမှာ ဦးဘသော်၊ ဦးသက်ဖေ၊ ဦးသာ[illegible]ရွှေ၊ ဦး[illegible]ချစ်၊ ဦးစံတိတ်၊ ဦးစိုးရှင်(ဦးစက်ပုတ်)၊ ဦး[illegible] ပတာ၊ ဦးဘစိုး၊ ဦး[illegible]ရင်၊ ဦးဘခစ်၊ ဦးငွေဗိုင်၊ ဒေါ်[illegible]အေးတင်[illegible]ခင် သိန်းတို့ဖြစ်ကြပြီး ဦးသာထွန်းအောင်နှင့် ဦးဘသော်တို့ မြိတ်[illegible] ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့သွားရသည့်နောက်ပိုင်းတွင် ဦးသက်ဖေမှာ ကျောင်းအုပ်ဆရာကြီး ဖြစ်လာသည်။ ၎င်းအထက်တန်းကျောင်းမှာ ထိုအချိန်အထိ အစိုးရ အထောက်အပံ့ မယူခဲ့သေးပေ။

၁၉၂၈–၉ခုနှစ် လောက်တွင်မှ ထိုအမျိုးသား အထက်တန်း ကျောင်းကြီးမှာ ဖြတ်သူ အစိုးရထံမှ အထောက်အပံ့ကို လက်ခံရသည့် အခြေသို့ ရောက်ရှိခဲ့ပြီး အလယ်တန်းကျောင်း အဖြစ် ပြောင်းလဲခဲ့ရလေ သည်။ ထိုကျောင်း၏ ကျောင်းအုပ်ကြီးမှာ ဦးသက်ဖေဖြစ်၍ ဦးစံတိတ်မှာ ဒု–ကျောင်းအုပ်ကြီး ဖြစ်လာသည်။ ဆရာ ဆရာမများမှာ ဦးစွ်ရှင်၊ ဦးဘစိုး၊ ဦးဘရင်နှင့် ဒေါ်ရှိဇားတို့ ဖြစ်ကြလေသည်။

ဆရာကြီး ဦးသက်ဖေ ကွယ်လွန်သောအခါ ဦးဘဖေပီတာက ကျောင်းအုပ်ဆရာကြီးဖြစ်လာပြီး ဆရာဦးဘတင်၊ ဦးဘခင်(၂)၊ ဦးရွှေ ဟုန်၊ဦးဘိုကလေး၊ ဦးဖေအောင်၊ ဦးလှတင်နှင့် ဒေါ်ရှိဇားတို့သာ ဆက် လက် လုပ်ကိုင်ကြလေတော့သည်။ နောင်တွင် ဦးဘဖေပီတာ ပြည်မြို့ ကျောင်းသို့ ရွှေ့ပြောင်းသွားရသဖြင့် ကျောင်းကော်မတီမှ ဦးမောင်ခင် အား ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စေ၍ ၃နှစ်ခန့် အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်။ စစ်ကြီးအတွင်း ကျောင်းကို ဂျပန် ဈေးတပ်စခန်းအဖြစ် အသုံးပြုခဲ့ပြီး စစ်ပြီးခေတ်တွင်မှ ကျောင်းကြီးမှာ လုံးဝပျက်စီးသွားလေတော့သည်။

## (၃) တို့ဗမာအစည်းအရုံး

ခရစ်သက္ကရာဇ် ၁၉၃၈–၃၉(၁၃၀၀ပြည့်)တွင် အလုပ်သမားနှင့် တောင်သူလယ်သမားတို့၏ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့လေသည်။

'သခင်မျိုးဟေ့ တို့ဗမာ'
'မီးတုတ် မီးတုတ် ရှို့ရှို့'
'နေရှင်စနစ် ကျဆုံးပါစေ'
'အရေးတော်ပုံ အောင်ပါစေ'

ဟူသော ကြွေးကြော်သံများဖြင့် တစ်နိုင်ငံလုံး ပဲ့တင်ထပ်နေသောအချိန် တွင် မြိတ်လူငယ်များမှာ ငိုက်မျဉ်း၍မနေဘဲ တက်ကြွစွာ အခွင့်ကောင်း ကို စောင့်နေကြသည်။

အခါအခွင့်ကြုံလာသည်နှင့် တစ်ပြိုင်တည်း မြိတ်မီရင်စုံ တို့ဗမာ အစည်းအရုံးကို ၁၃၀၀ပြည့်နှစ် ပြာသိုလဆန်း ၅ရက်နေ့တွင် မျိုးချစ် လူငယ် ၄၀ကျော်နှင့် မျိုးချစ် သံဃာ ဂပါးတို့ မြိတ်မြို့ လမ်းဘီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားအထက်တန်းကျောင်းဖွင့်လှစ်ခဲ့ရာ ကျောင်းတိုက်(မြိတ်)




မြိတ်မြို့ဟိုက်စကူးကျောင်းသူတစ်စုအမှတ်တရ

၂၃-၃-၁၉၂၄


ရှေ့တန်း(ထိုင်) ဝဲမှယာ မမြရှင်(မြိတ်) မရှု(မြိတ်) မဂျိုဘာ(ဓ[illegible]

လယ် (ထိုင်) ။ မရွှေမြည်(ဓာတ်) မသောင်း(မြိတ်) [illegible]မြင့်(ဓာတ်)

နောက် (ရပ်) ။ မစိန်စိန်(မြိတ်) မရွှေမြည်([illegible]

www.burmeseclassic.com

www.burmeseclassic.com



မြို့ကဝိမ္မကောင်းသားတို့ သွတ်မပေးစဉ်



ကျောင်းသားကျောင်းသူများကျောင်းဝင်းပေါက်တွင်မြေချ၍
သပိတ်မှောက်နေကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com



မြိတ်အရေးပိုင်မစ္စတာစမိတ်နှင့်ဇနီး

၁၉၃၈-၁၉၄၀



မြိတ်အရေးပိုင်မစ္စတာအက်ဒ်ဝင်အိမ်ရှေ့ မစ္စတာရှိုင်တန်နှင့်ဇနီးမောင်နှံ
မြိတ်သူဌေးဦးတက်ဟိုအိမ်၌ခေါ်သည်ညစာ
၁၉၅၀-၁၉၅၂

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှလက်ရုံးတပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်၌ ညှိနှိုင်းဆွေးနွေးကာ ဖွဲ့စည်းခဲ့ကြသည်။ အဆိုပါ အစည်းအရုံး၏ အမှုဆောင်များမှာ–

| | | | |
|---|---|---|---|
| ၁။ | ဆရာတော် ဦးပညာဝံသ | နာယက | (စဆုံး) |
| ၂။ | သခင် အောင်ကြီး | ဥက္ကဋ္ဌ | (စဆုံး) |
| ၃။ | သခင် ဂင်စိန် | ဒု-ဥက္ကဋ္ဌ | (ပထမပိုင်း) |
| ၄။ | သခင် တင် | ။ | (ဒုတိယပိုင်း) |
| ၅။ | သခင် ကျော်ခင် | ဆတွင်းရေးမှူး | (ပထမပိုင်း) |
| ၆။ | သခင် ဖေသန်း | ။ | (ဒုတိယပိုင်း) |
| ၇။ | သခင် ထွန်းစိန် | အမှုဆောင် | |
| ၈။ | သခင် ဝေလင်း | ။ | |
| ၉။ | သခင် ဖိုးချိန် | ။ | |
| ၁၀။ | သခင် လှသင် | ။ | |
| ၁၁။ | သခင် စံမြိုင် | ။ | |
| ၁၂။ | သခင် ဘကျော် | ။ | |
| ၁၃။ | သခင် ဘတင် | ။ | |
| ၁၄။ | သခင် အေးရှိ | ။ | |
| ၁၅။ | သခင် ဘချစ် | ။ | |
| ၁၆။ | သခင် ထွန်းကြိုင် | ။ | |
| ၁၇။ | သခင် ဘသက် | ။ | |
| ၁၈။ | သခင် ဘရွှေ | ။ | |
| ၁၉။ | သခင် အုန်းညွန့် | ။ | |
| ၂၀။ | သခင် ဘတင် | ။ | |
| ၂၁။ | သခင် ဘသောင်း | ။ | |
| ၂၂။ | သခင် ဖေရင် | ။ | |
| ၂၃။ | သခင် ထူးရွှေ | ။ | (လက်ရုံးတပ် တာဝန်ခံ) |
| ၂၄။ | သခင်မ ဒေါ်မြသွေး | ။ | |
| ၂၅။ | သခင်မ ဒေါ်ထူးခင် | ။ | |
| ၂၆။ | သခင်မ ဒေါ်ကြည် | ။ | |
| ၂၇။ | သခင်မ ဒေါ်ဘုတ် | ။ | |
| ၂၈။ | သခင်မ ဒေါ်ပျော့ | ။ | |
| ၂၉။ | သခင်မ ဒေါ်နေရင် | ။ | |
| ၃၀။ | သခင်မ ဒေါ်အို | ။ | |
| ၃၁။ | သခင်မ ဒေါ်အေးခို | ။ | |
| ၃၂။ | သခင်မ ဒေါ်ငွေသင် | ။ | |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၃။ | သခင်မ ဒေါ်သောင် | အမှုဆောင် |
| ၃၄။ | သခင်မ ဒေါ်စိန်ချစ် | ” |
| ၃၅။ | သခင်မ ဒေါ်ပိန် | ” |
| ၃၆။ | သခင်မ ဒေါ်ခင်လေး | ” |
| ၃၇။ | သခင်မ ဒေါ်ပေါ | ” |
| ၃၈။ | သခင်မ ဒေါ်သိန်းရီ | ” |
| ၃၉။ | သခင်မ ဒေါ်တုတ် | ” |
| ၄၀။ | သခင်မ ဒေါ်ဆင် | ” |
| ၄၁။ | သခင်မ ဒေါ်အေးခင် | ” |
| ၄၂။ | သခင်မ ဒေါ်ညွှာစိ | ” |

တို့ဖြစ်ကြလေသည်။ ထိုခေတ်တွင် တို့ဗမာအစည်းအရုံးမှာ အနယ်နယ် အရပ်ရပ်သို့ ကျယ်ပြန့်ခဲ့သည်။ သခင်ဖေသန်း၊ သခင်အောင်ကြီး၊ သခင်စေလင်း၊ သခင်ပိုးချိန်၊ သခင်ထူးငွေတို့ တရားဟောခင်းမြင့်ပေါ် တက်ရောက် ဟောပြောကြသည်။ တရားဟောပွဲများတွင် သခင်ပိုးချိန် အလှည့်ရောက်၍ ဟောပြောရတိုင်း သခင်ပိုးချိန်က တို့ဗမာသီချင်းကို သီဆိုလေ့ရှိရာ ပရိသတ်များက ပါဝင်ဆိုကြသဖြင့် သိုက်မြိုက်လှသည်ဟု သိရပေသည်။

ဂျပန်တို့ ပုလဲဆိပ်ကမ်းကို ဗုံးကြဲ တိုက်ခိုက်သောအခါ အင်္ဂလိပ်အစိုးရသည် သွေးရူးသွေးတမ်းဖြစ်လာပြီး နဂိုကပင် သခင်ဆိုလျှင်နယ်ချဲ့အစိုးရနှင့် နယ်ချဲ့အလိုတော်ရိတို့က ရှ ရှာစက်ဆုတ် မျက်မုန်းကျိုးနေသည့်အလျောက် သခင်များကို ဖမ်းဆီးလေတော့သည်။ မြိတ်တွင် ပွဲဆော်ဦး အဖမ်းခံလိုက်ရသူမှာ သခင်ဖေသန်းဖြစ်လေသည်။ ထို့နောက် ဦးပဏ္ဍိစ္စနှင့် သခင်အချို့ ထပ်မံ အဖမ်းခံရပြီး အချို့မှာ လွတ်သွားကြသည်။

ထိုခေတ်က ကျောင်းသားအရေးအခင်းများနှင့် ဈေးသူဈေးသားများ သပိတ်တို့သည် တို့ဗမာအစည်းအရုံး၏ပယောဂ မကင်းခဲ့ပေ။ အရင်းရှင်တို့၏ ပနှည်းမှုနှံသမျှ မြန်မာတစ်မျိုးသားလုံးက ရှောင်ကြဉ် ကြရန် အဆိုတစ်ရပ်ဖြင့် တို့ဗမာအစည်းအရုံးက သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က မြိတ်ခရိုင်အတွင်း သွားလာပြေးဆွဲလျက်ရှိသော ပေါလ်ဘရားသားပိုင် သင်္ဘောကုမ္ပဏီမှာ ထိုဂယက်၏ဒဏ်ကို အလူးအလဲ ခံခဲ့ရလေသည်။

မြိတ်မြို့နယ်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို ရွှေကျောင်းတိုက်၌ ၂၈-၁၂-၃၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။

ထိုအဖွဲ့တွင်—

| | | |
|---|---|---|
| ၁။ | ကိုရင်မြဟန် | ဥက္ကဋ္ဌ |
| ၂။ | ကိုတင်ညွန့် | ဒု-ဥက္ကဋ္ဌ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃။ | ကိုမောင်မောင် | အတွင်းရေးမှူး |
| ၄။ | ကိုသန်းညွန့် | တွဲဘက် အတွင်းရေးမှူး |
| ၅။ | ကိုလွန်းတင် | စာရင်းစစ် |
| ၆။ | ကိုမောင်မောင်စီ | ငွေထိန်း |
| ၇။ | ကိုကျော်သိန်း | အမှုဆောင် |
| ၈။ | ကိုသာစိန် | ။ |
| ၉။ | ကိုအောင်ကြည် | ။ |
| ၁၀။ | ကိုပါ | ။ |

တို့ ပါဝင်ကြလေသည်။ ထိုသို့ဖွဲ့စည်းခဲ့ပြီး သမဂ္ဂ၏ တည်ဆု ငွှာနကို မြိဘ်မြို့ နောက်လယ်ရပ် ၄-လမ်းရှိ ကိုသက်ပေ၏မိဘများ နေအိမ်၌ ဖွင့်လှစ်ခွင့် ပြုသဖြင့် ယင်းနေအိမ်သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ကြသည်။

[illegible] ညနေပိုင်း သပိတ်ချုပ်သိမ်းပြီး ကျောင်းသားများ သပိတ်စခန်းသို့ အသီးသီး ပြန်သွားကြချိန်တွင် ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော ကိုရင်မြဟန်၊ ကိုလွန်းတင်၊ ကိုဘင်ညွန့်နှင့် ကိုသာစိန်တို့အား ပုလိပ်တို့က လူဆိုးပုဒ်မ ၂၈၃(က)အရ ဖမ်းဆီးလိုက်ကြတော့သည်။ ထိုသတင်းကို ကျောင်းသားများ ကြားသည်နှင့်တစ်ပြိုင်တည်း အရေးပေါ် ပြန်လည်စုစည်းကာ ခေါင်းဆောင်လေးဦးတို့အား ပုလိပ်တို့က လူဆိုးပုဒ်မဖြင့် ဖမ်းဆီးထားကြောင်း မြို့တွင်းသို့ လှည့်လည်ဘိုင်တမ်းကြသည်။ မြို့မိမြို့ဖများမှာ မနေသာတော့ဘဲ အရေးပိုင်ရုံးနှင့် မြို့မဂါတ်ကို ကျောင်းသားကျောင်းသူများနှင့်အတူ ပိုင်းဝန်းဆန္ဒပြရင်း၊ ကျောင်းသားခေါင်းဆောင် လေးဦးကိုလွှတ်ပေးရန် တောင်းဆိုကြသည်။ ထိုစဉ်က မြိဘ်အရေးပိုင်မှာ မြန်မာအမျိုးသား ဦးရွှေဘော်ဖြစ်ရာ အရေးအခင်းဖြစ်ခနစဉ် ရုံးမှနေအိမ်သို့ ထွက်ပြေးရန် ကြံသည်၊ ထိုအကြောင်းကို ရိပ်စားမိသော သခင်မများနှင့် စိတ်ကြွမ်း နွတ်ကြမ်းဇက်ရဲလက်ရဲရှိလှသည့် ဈေးသူတစ်စုက ပိုင်းဝန်းပိတ်ဆို့ကာ ထွက်ပေါက်မရအောင် ပြုလုပ်ကြပြီး လိုလားချက်များ တောင်းဆိုနေချိန်တွင် အရေးပိုင်မင်း ဦးရွှေဘော်၏ 'ငယ်နိုင်'မှာ သခင်မ တစ်ဦး၏ လက်ထဲသို့ ရောက်ရှိသွားကာ ကျောင်းသားလေးဦးအား လွှတ်မိန့် ပေးလိုက်ရတော့သည်။

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးအတွင်း

## မြန်မာနိုင်ငံသို့ ဂျပန်စစ်ခြေလှမ်း၊ အမြစ်
## ဂျပန်နှင့်မြန်မာ့လွတ်လပ်ရေးတပ်မတော်တို့
## ရောက်ရှိလာခြင်း

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကပင် ဂျပန် ဗဟိုစစ်ဦးစီးဌာနချုပ်သည် မလေးရှားနှင့် ဖိလစ်ပိုင်တို့ကို အဓိကထားသော စစ်ဆင်ရေး တစ်ရပ် ဆင်နွှဲရန် စောင့်မျှော်နေခဲ့သည်။ အာရှနိုင်ငံများတွင် လက်ဝါးကြီးအုပ်နေသော အင်္ဂလိပ်–အမေရိကန် နှစ်နိုင်ငံတို့၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အချက်အခြာဒေသများကို တိုက်ခိုက်ဖြိုခွင်းရန် ရည်ရွယ်ထားသည်။ နောက်တစ်ပိုင်းတွင် ဒတ်ချ်နိုင်ငံ၏လက်အောက်ခံ နယ်မြေများကို သိမ်းပိုက်မည့် ဂျာဗား စစ်ဆင်ရေးနှင့် အရှေ့တောင် အာရှ ဒေသ၏ နောက်ဘက်စခန်းဖြစ်သော မြန်မာနိုင်ငံစစ်ဆင်ရေးတို့ ဖြစ်လေသည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်ချုန်ကင်းမြို့သို့ ပေါက်ရောက်ဆက်သွယ်နေသော လမ်းမကြီးကို ပိတ်ဆို့ ဖြတ်တောက်ရန်နှင့် အိန္ဒိယပြည်ရှိ အင်္ဂလိပ်ဆင်အားကို သုတ်သင်ရန်အတွက် မြန်မာနိုင်ငံစစ်ဆင်ရေးမှာ အဓိက ဖြစ်နေသည်။

ဤသို့ဖြင့် အရှေ့တောင်ပိုင်း စစ်တိုက်ခိုက်ရေး ကာလအတွင်း အခွင့်ကောင်းရလျှင် မြန်မာနိုင်ငံတောင်ပိုင်းရှိ ရန်သူ လေယာဉ်ကွင်းများကို တိုက်ခိုက်သိမ်းပိုက်စေရန်နှင့် စစ်အခြေအနေ ကောင်းမွန်ပါက ဆက်လက်၍ မြန်မာနိုင်ငံသို့ ထိုးစစ်ဆင်ရန် ဂျပန် ဗဟို စစ်ဦးစီးဌာနချုပ်သည် အာရှ့တောင်ပိုင်းစစ်မျက်နှာ တပ်မတော်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး 'တေရာဥချိ'အား စစ်မိန့်ပေးထားခဲ့လေသည်။

အမှတ်(၁၅) တပ်မတော်စစ်သေနာပတိ 'အီဒ'သည် ၁၉၄၀ပြည့်နှစ် ဒီဇင်ဘာလ ၉–ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့သို့ [illegible] ဆင့်ကာ ရောက်ရှိလာသော ဂျပန်တပ်ဖွဲ့များကို ကွပ်ကဲ အုပ်ချုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားနိုင်ငံသို့ ဂျပန်တပ်များ တဖွဲဖွဲ ရောက်ရှိလာကြ၍ တရုတ်ပြည် နန်ကင်းမြို့မှ ပြောင်းရွှေ့လာသော အမှတ်(၃၃) တပ်မတော် လက်အောက်ရှိ ဗိုလ်မှူးကြီး 'ဦနီး'အုပ်ချုပ်သည့် အမှတ်(၁၄၃) ခြေလျင်တပ်မသည် မလေးကျွန်းဆွယ်ရှိ ယိုးဒယားနယ်မြေသို့ စစ်ချီ တိုက်ခိုက်၍ ပဘ်ဝန်၊ ဂျင်ရှိ ရန်သူ လေယာဉ်ပျံကွင်းများကို သိမ်းပိုက်ထားလေသည်။ ထိုနောက် ဇန်နဝါရီလ ၁၄-ရက်နေ့ညတွင် အမှတ်(၁၀) လေတပ်၏ အကူအညီကိုရယူကာ ဝိတိုရိယအငူကို တိုက်ခိုက်ခဲ့လေသည်။

၁၃-၁၂-၁၉၄၁ ရက် စနေနေ့နံနက် ၉-နာရီအချိန်တွင် ဂျပန်ကင်းထောက်လေယာဉ်သုံးစီး မြိတ်မြို့ပေါ်သို့ ပျံဝဲကြည့်ယင်း စနည်းနာခဲ့သည်။ ထိုနောက် နံနက် ၁၁-နာရီအချိန်တွင် ဂျပန်လေယာဉ်ပျံခြောက်စီး ရောက်ရှိလာကာ မြိတ်လေယာဉ်ကွင်းနှင့် နေရာ အနှံ့အပြား ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ ထိုနေ့မွန်းတည့် ၁၂း၃၀နာရီတွင် ဂျပန်လေယာဉ်ပျံ ၂၇စီး အုပ်လိုက်လာ၍ ဗုံးမိုးရွာချပြန်သဖြင့် မြိတ်မြို့သူမြို့သားများမှာ တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ရဖူးသော ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံကို စတင် တွေ့ရှိခံစားခဲ့ရလေတော့သည်။ ထိုစဉ်က မြိတ်မြို့ကို အုပ်ချုပ်လျက်ရှိသော မြိတ်အရေးပိုင်မှာ မစ္စတာအက်ဖ်အိချ်ရနိုးဖြစ်ရာ ၎င်းကမြိတ်မြို့နယ်မှ စစ်ဘက်ကာကွယ်ရေးအရ ဂျပန်ကုန်သည် ကျွား၊ မ၊ လူကြီး ကလေး ၂၉ ယောက်ကို ၂၁-၁၂-၁၉၄၁ ရက်နေ့တွင် အဒမ်ဆင် သင်္ဘောဖြင့် ရန်ကုန်သို့ ပို့သည်။ အထက်ပါအတိုင်း ဂျပန်များ ဗုံးချခဲ့ ပြီးနောက် ဂျပန်ဗုံးဒဏ်မှ လွတ်ကျန်နေခဲ့သည့် အဆောက်အဦးအချို့နှင့် ပုဂ္ဂလိကပိုင်မော်တော်ဘုတ်၊ မော်တော်ကားများကို မီးရှို့ဖျက်ဆီးလေသည်။ မူလက ၎င်း၏အစီအစဉ်မှာ မြိတ်မြို့အား မြေလှန်စနစ် ကျင့်သုံးခဲ့ရန် ဖြစ်သော်လည်း ဂျပန်တပ်များ ချီတက်လာပြီဟူသော သတင်းကြောင့် ၂၂-၁-၁၉၄၂ ရက်နေ့တွင် မိမိကိုယ်တိုင်နှင့် ဗြိတ်နယ်အတွင်း လုပ်ငန်းဖြင့် ရောက်ရှိနေကြသော ဗြိတိသျှလူမျိုးများ မြိတ်မြို့ကို စွန့်ခွာသွားလေတော့သည်။ ၎င်းတို့သည် ရသမျှ ပုဂ္ဂလိကပိုင် မော်တော်ဘုတ်၊ သင်္ဘောတို့ကို ရယူ၍ ဗြိတိသျှသင်္ဘော စောင့်ဆိုင်းနေသော တနသ်ာရီကျွန်းသို့ အရောက်တွင် ယင်း မော်တော်ဘုတ်၊ သင်္ဘောတို့ကို မီးရှို့ ဖျက်ဆီးခဲ့ရာ မစ္စတာ စီတာယာရေးပိုင် ပုလဲငုပ်သင်္ဘောလည်း ပါဝင်ခဲ့လေသည်။

အင်္ဂလိပ်အပြေး ဂျပန်အဝင် စပ်ကူးမတ်ကူးကာလ အုပ်ချုပ်ရေးကင်းမဲ့နေချိန်တွင် မြိတ်မြို့၏ လုံခြုံရေးကို အောက်ပါ ခေတ္တအုပ်ချုပ်ရေးအဖွဲ့ လူကြီးများက တာဝန်ယူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓေတ္တာတုပ်ချုပ်ရေးအဖွဲ့ လူကြီးများ

| | |
|---|---|
| ဦးစိုင်းရှင် | သခင်အောင်ကြီး |
| ဦးတိုက်ထွမ် | သခင် ထွန်းစိန် |
| ဦးစစ်ရှမ်း | ဦးထွန်းလှလင်း |
| ဦးဘိုးစိန် | ဆရာဦးပို |
| ဦးစိန်ဖေ | |

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွင် မြိတ်နယ်သည် အဓိကအရေးပါသည့် အခန်းတစ်ခန်းအဖြစ်ရပ်တည် ပါဝင်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော်သုံးကျိပ်ဝင်များ ယိုးဒယား နိုင်ငံ ဗန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းခဲ့ပြီး နောက် မြိတ်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ မြဝတီစစ်ကြောင်း များဖြင့် ဂျပန်များနှင့်ပူးတွဲ၍မြန်မာနိုင်ငံအတွင်းသို့ချီတက်ခဲ့ကြလေသည်။

မြိတ်စစ်ကြောင်းတွင်–

၁။ ဗိုလ်မှူးကြီး ဟီရာယာရာမ (ဗိုလ်မုတ်ဆိတ်)
၂။ ဒု–ဗိုလ်မှူးကြီး အာကိကာဝါ (ဗိုလ်ဝင်း)
၃။ ဒု–ဗိုလ်မှူးကြီး ဆာတို
၄။ ဒု–ဗိုလ်မှူးကြီး တိုကူးနကား
၅။ ဗိုလ်မှူး အိမာမူရာ (ငွေမားဗိုလ်)
၆။ ဗိုလ်မှူး အိဇာတို
၇။ ဗိုလ်မှူး အိကေဒါ (ခွေးဘိလူး)
၈။ ဗိုလ်မှူး နိုဆေး
၉။ ဗိုလ်မှူး ရန်နိုင် (သခင် ထွန်း ရှိန်)
၁၀။ ဗိုလ်ကြီး တောက်ထိန် (သခင် စံမြ)
၁၁။ ဗိုလ်ကြီး မင်းခေါင် (သခင် စောလှင်)
၁၂။ ဗိုလ် အိရာရှိကိ

တို့ ဖြစ်ကြလေသည်။ ရေကြောင်းချီတပ်တွင် အဘော်ာတစ်စင်း၌ ဗိုလ်မှူး အိမာမူရာနှင့် ဗိုလ်မှူးရန်နိုင်တို့က ဦးစီး၍လည်းကောင်း၊ နောက်တစ်စင်း တွင် ဗိုလ်မှူးအိကေဒါနှင့်ဗိုလ်ကြီးမင်းခေါင်တို့က ဦးစီး၍လည်းကောင်း၊ ကျန်တစ်စင်းတွင် ဗိုလ်ကြီးတောက်ထိန်နှင့် ကျန်လူများလည်းကောင်း လိုက်ပါ ချီတက်ခဲ့ကြလေသည်။ ထို ဗမာ့ လွတ်လပ်ရေး တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ မြိတ်မြို့သို့ ၂၇-၁-၁၉၄၂ ခုနှစ် နံနက် ၆ နာရီ နေဝန်းပေါ်ချိန် ဆိုက်ရောက်လာကြလေသည်။ မြိတ်မြို့သို့ ရောက်သော အခါ-

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီး ဟီရာယာမ | |
| ၂။ | ဗိုလ်မှူး ရန်နိုင် | တပ်ရင်းမှူး |
| ၃။ | ဗိုလ် မင်းခေါင် | တပ်ခွဲမှူး |
| ၄။ | ဗိုလ် တောက်ထိန် | တပ်ခွဲမှူး |
| ၅။ | ဗိုလ် အုန်း | မြိတ်တပ်ခွဲမှူး |
| ၆။ | ဗိုလ် ဝေလင်း | မြိတ်တပ်ခွဲမှူး |
| ၇။ | အီမာမူရာ | တပ်ခွဲမှူး |
| ၈။ | ဘီကေဘါ | တပ်ခွဲမှူး |

စသည်ဖြင့် တပ်ခွဲများ ဖွဲ့စည်းခြင်း၊ မြိတ်မြို့ကမ်းနားလမ်း (ယခု ပြည်တော်သာဟိုတယ်)တွင် စခန်းရုံးများဖွင့်၍ စစ်သားများစုဆောင်းခြင်း၊ ကမ်းနားလမ်း သဲကွက်(ယခု ပုလဲ့ရတနာ မြို့တော်ခန်းမတည်ရာ) သဲကွက်နှင့် ဘုရားငါးဆူ ကွင်းပြင်တွင် စစ်ပညာများ သင်ကြားပေးခြင်းတို့ ပြုလုပ်ကြသည့် အပြင် အောက်ပါအတိုင်း မြိတ်မြို့နယ် ဘီ အိုင် အေ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။

| | | |
|---|---|---|
| ၁။ | ဥက္ကဋ္ဌ(ခရိုင်ဝန်) | ဗိုလ် သီဟ(ဦးဗဆွေ) |
| ၂။ | ဒု-ခရိုင်ဝန် | သခင် အောင်ကြီး |
| ၃။ | ခရိုင်ရဲဝန် | ဦးထွန်းစိန် |
| ၄။ | အခွန်ဝန် | သခင် လှသင် |
| ၅။ | ငွေတိုက်၊ ဆိပ်ကမ်း ဆက်သွယ်ရေး | သခင် ဂင်စိန် |
| ၆။ | အဖွဲ့ဝင် | ဗိုလ်စိန်လှိုင် (ကျောင်းသား) |
| ၇။ | အဖွဲ့ဝင် | ဗိုလ်ကျော်သိန်း |
| ၈။ | အင်ဂျင်နီယာ | ဦးဘရွှေ |
| ၉။ | အဖွဲ့ဝင် | ဗိုလ်သာခင် |
| ၁၀။ | ထောင်မှူးကြီး | သခင် အေးရဲ |
| ၁၁။ | ဒု-ထောင်မှူးကြီး | သခင် သာစိန် |
| ၁၂။ | အဖွဲ့ဝင် | ဦးဖေရင် |
| ၁၃။ | အဖွဲ့ဝင် | ဦးဘဂွမ်း |

တို့ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်းကြောင်း၏ တပ်မှူး ဒု-ဗိုလ်မှူးကြီး တိုကူးနကား၊ စစ်ရေးချုပ် ကာဝါအူချိ၊ စစ်ရေးအရာရှိ ဝါကာဘာအုမေ၊ ရုံးအုပ် ဟိဘာကာ၊ အမှတ်(၁) တပ်ရင်းမှူး ကာတို၊ အမှတ်(၂) တပ်ရင်းမှူး နာဂါရှီ^ယို့၊ ဗိုလ်သိန်းတန်၊ ဗိုလ်သာရင်၊ ဗိုလ်ရွှေကျေးတို့ အပါအဝင် ဗမာ ရဲဘော် (၁၁)ဦး ပါဝင်သော သီးခြားတပ်မြိတ်တပ်ဆွယ် တိုကူးနကား တပ်ဖွဲ့သည် တနင်္သာရီချောင်းဖျားရှိ မို့တောင်ကြားမှ ဖြတ်ဝင်ကာ ကျ^နိုင်တော၊ သဘောလိပ်၊ ညောင်ပင်ကွင်း စသည်ရွာများမှတစ်ဆင့်တနင်္သာရီမြို့သို့ ၂-၂-၁၉၄၂ ရက်နေ့တွင် ရောက်ရှိပြီး စစ်သားသစ် ၆၀ခန့် စုဆောင်းရရှိကာ ဆက်လက်ချီတက်ခဲ့ရာ မြိတ်မြို့သို့ ၃-၂-၁၉၄၂ရက်နေ့တွင် ရောက်ရှိပြီး မြိတ်မြို့တွင် ရောက်ရှိနေသော တပ်များနှင့် ပူးပေါင်းလေသည်။

၁၃၀၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇-ရက် (၆-၂-၁၉၄၂) ရက်နေ့ နံနက် ၁-နာရီအချိန်တွင် အင်္ဂလိပ်နယ်ချဲ့တို့အား မြန်မာပြည်မှ တိုက်ထုတ်ရန်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်သား ၉၀၀ ကျော်တို့ စက်လှေ(၁၁)စီးဖြင့် မြိတ်မြို့မှထွက်ခွာသွားကြသည်။ မြို့စောင့်တပ်အဖြစ် တပ်မတော်သား ၅၀၀ ခန့် ချန်ခဲ့သည်။

ထို့နောက် ထားဝယ်မြို့မှ ဗိုလ်လကျ်ာ(သခင်လှဖေ)နှင့် ဗိုလ်သီဟ (ဦးဗဆွေ)တို့ မြိတ်မြို့သို့ ရောက်ရှိလာကြပြီး ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ကြသည်။

| | |
|---|---|
| ၁။ အုပ်ချုပ်ရေးဝန်ကြီး | ဗိုလ် သီဟ |
| ၂။ ဒု-အုပ်ချုပ်ရေးဝန်ကြီး | သခင် တင်မောင်(ခ)ဦးမှုဆာ |
| ၃။ ကာကွယ်ရေး | ဗိုလ် ထွန်းစိန် |
| ၄။ အတွင်းဝန် | သခင် အောင်ကြီး |
| ၅။ အထွေထွေဌာန | သခင် ဗသောင်း |
| ၆။ အခွန်ဌာန | သခင် လှသင် |
| ၇။ အကောက်ဌာန | သခင် ဂင်စိန် |
| ၈။ မြို့ဝန် | သခင် ကျော်စိန် |
| ၉။ ဘဏ္ဍာရေးနှင့်ရိက္ခာ | သခင် တိတ်ဂွမ် |
| ၁၀။ လမ်းပန်းဆက်သွယ်ရေး | သခင် တင် |
| ၁၁။ သစ်တောဌာန | သခင် သာရွှေ |
| ၁၂။ သတ္တုတွင်းဌာန | သခင် ဗကျော် |
| ၁၃။ ကျန်းမာရေးဌာန | သခင် လွယ်မှိုင် |
| ၁၄။ မြန်ကြားရေးဌာန | သခင် ဘိုနီ |

www.burmeseclassic.com

www.burmeseclassic.com



ဘီအိုင်အေခေတ်ဗိုလ်မှူးရန်နိုင်

www.burmeseclassic.com

www.burmeseclassic.com







၁၉၄၂ ခုနှစ် ဘီအိုင်အေခေတ်ရှုခင်းအမြင်အရာ

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



BIA - သင်တန်း (ထားဝယ်)

ဝဲမှ ယာ (ထိုင်) ဗိုလ် ___ ၊ ဗိုလ်စိုးဝေ၊ ဗိုလ်ထွန်းရင်၊ ဗိုလ်အုန်းကြည်၊ ဒါရိုက်ဂိုကို ဦးမား ဂျာမရီတာ၊ ဗိုလ်ချိန်ဖို၊ ဗိုလ်ကြာစိန်၊ ဗိုလ်ရောင်း၊ ဗိုလ်အောင်စင်

ဝဲမှ ယာ (နောက်) ဗိုလ်အုန်းတင်၊ ဗိုလ်သိန်းမြင့်၊ ဗိုလ်ထွန်းသစ်၊ ဗိုလ်ကံညွန့်၊ ဗိုလ်သန်းစိန် ဗိုလ်ဝါဟစ်(ခ)မောင်သိန်း၊ ဗိုလ်ကျော်ဝင်း(အီဗရာဟင်) ဗိုလ်စောဟန် ဗိုလ်သာမျိုးရင်၊ ဗိုလ်ပေါ်သုံး(ခ)မအောင်၊ ဗိုလ်လှစိန်၊ ဗိုလ် ___

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၅။ ပညာရေးဌာန | သခင် လှမောင် |
| ၁၆။ ကျေးလက်အုပ်ချုပ်ရေး | သခင် ရွှေဟုန် |
| ၁၇။ အကျဉ်းထောင် | သခင်ဘချစ်၊ သခင်အေးရုံ |

တို့ဖြစ်ကြပြီး အမိန့်တော်ရအရေးပိုင်များ ဦးထွန်းတင်က ဥပဒေညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်၍ မြန်မာအမည်ခံ ဂျပန်စစ်ဗိုလ်များဖြစ်ကြသည့် သခင်ချောနှင့် သခင်ဘင်ဘို့က အုပ်ချုပ်ရေးကို ကြီးကြပ်ကွပ်ကဲလေသည်။

## မြိတ်အာရှလူငယ်

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်စက အစောဆုံး ဖွဲ့စည်း ခဲ့သော အာရှလူငယ် အစည်းအရုံးမှာ လူငယ်များ၏ ဗလငါးတန် ပွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သည်မှန်သော်လည်း နောင်တွင် ဖက်စစ်တော်လှန်ရေးကိုပါ များစွာ အထောက်အကူပြုခဲ့လေသည်။

၁၉၄၂ခုနှစ် ဇူလိုင်လအတွင်းတွင် မြိတ်မြို့၌ အာရှလူငယ်အစည်းအရုံးကို မြိတ်မြို့ ထားဝယ်စုရပ် ဗိုလ်ထွန်းစိန်၏နေအိမ်တွင် ဖွဲ့စည်း ခဲ့လေသည်။ ထိုအဖွဲ့တွင်-

| | |
|---|---|
| ၁။ ဗိုလ်ထွန်းစိန် | ဥက္ကဋ္ဌ |
| ၂။ ဦးတိုးမြင့် | ဒု-ဥက္ကဋ္ဌ |
| ၃။ ဦးချင်တိတ် | |
| ၄။ သခင် ဗဖသန်း | |
| ၅။ သခင် ကျော်ခင် | |
| ၆။ ဦးဘိုးရှိန် | |
| ၇။ ဦးထွန်းရှိန် | |
| ၈။ ဦးအောင်သန်း | |

တို့ ပါဝင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ထိုသို့ဖွဲ့စည်းခဲ့သော်လည်း ရန်ကုန်ဌာနချုပ်မှ ဒေါက်တာ ဆင်ဘိုးနှင့် မြိတ်ခရိုင် အာရှ လူငယ် စည်းရုံးရေးမှူး ကိုလှထွန်းတို့ ရောက်ရှိလာသောအခါ အစည်းအရုံးအတွင်း အောက်ပါ အမျိုးသမီးများကိုပါ ထည့်သွင်း ဖွဲ့စည်းခဲ့လေသည်။

၁။ ဒေါ်ချိုရွှေ
၂။ ဒေါ်ရှိဇား
၃။ ဒေါ်မေကြည်
၄။ ဒေါ်မေမေတင်
၅။ ဒေါ်အေးကြည်
၆။ ဒေါ်အေးညွန့်
၇။ ဒေါ်တင်လှိုင်
၈။ ဒေါ်မြစိန်
၉။ ဒေါ်ထားလတ်
၁၀။ ဒေါ်သိန်းရီ
၁၁။ ဒေါ်စိန်ပု

တို့ ဖြစ်လေသည်။

ဒေါက်တာဘမော်ဦးဆောင်သည့် မြန်မာနိုင်ငံအစိုးရကို ပြင်ဆင်ဖွဲ့စည်းပေးသည့်အခါ မြိတ်ခရိုင်ဝန်မှာ သခင်လွန်းဘော် ဖြစ်လာသည်။ ထိုအချိန်တွင် ဗိုလ်သီဟ(ဦးဗဆွေ)မှာ ကင်ပေတိုင် ဗိုလ်ချုပ်တာဝန်ကို ယူရပြီး ဗိုလ်ထွန်းစိန်မှာ ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ယူ ခဲ့ရ သဖြင့် မြိတ်အာရှလူငယ်အဖွဲ့ ဒု-ဥက္ကဋ္ဌဖြစ်သူ ဦးဘိုးမြင့်မှာ အာရှလူငယ် အစည်းအရုံး ဥက္ကဋ္ဌဖြစ်လာလေသည်။

မြိတ်ခရိုင်ဝန် သခင် လွန်းဘော် ပြောင်းရွှေ့သွားသောအခါ ၎င်းနေရာတွင် သခင်စံဝင်း ပြောင်းရွှေ့ရောက်ရှိလာသည်။

ထိုကာလအတွင်း မြိတ်မြို့သို့ ရဲဘော်ကျော်ဝင်း(ပခင် တနင်္သာရီတိုင်း ၂၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်ဝင်း) မြိတ်မြို့သို့ ရောက်ရှိလာပြီး မြိတ် သခင်ခေါင်းဆောင်များ၊ အာရှလူငယ် အစည်းအရုံးခေါင်းဆောင်များနှင့် တွေ့ဆုံကာ နိုင်ငံရေးရာကိစ္စများကို ဆွေးနွေးသွားခဲ့သည်။ ထိုနောက် များမကြာမီမှာပင် မြိတ်အာရှလူငယ် အစည်းအရုံးဥက္ကဋ္ဌဦးဘိုးမြင့်ထံ အဆင်သင့်စုစည်းထားရန် တားဝယ်မှ စာတစ်စောင်ရောက်ရှိလာသည်။ ထိုစာရောက်ပြီးနောက်ပိုင်းတွင် မြိတ်အာရှလူငယ်အစည်းအရုံးက သခင်များနှင့် ညှိနှိုင်းကာ စနစ်တကျ အကွက်ချ၍ စီမံဆောင်ရွက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၂ ခုနှစ်ဘီအိုင်အေခေတ်ဦး ဖွဲ့စည်းသော မြိတ်မြို့မှ ဝန်ထမ်းများ
ဘောလုံးအသင်း

ရှေ့တန်း(ထိုင်)ဝဲမှယာ ဦးသန်းမောင်၊ ဦးဘသိန်း
လယ်(ထိုင်) ဦးအေးမင်၊ ဦးဘိုနီ၊ ဦးမောင်၊ ဦးတင်မောင်၊ ဦးသာလှမ်းဖေ
နောက်(ရပ်) ဦးတာကီ၊ ဦးရွှေကြာ၊ ဦးဘစွမ်၊ ဦးတင်အောင်
ဦးဘွန်းငယ်၊ ဦးဘထွန်း၊ ဦးဘသောင်း



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်မြိတ်မြို့အစည်းကြီးရှိဆရာ၊ဆရာမများနှင့်
ဝန်ထမ်းများ အမှတ်တရ



ရွှေတန်း(ထိုင်) ဆရာမများ
ရွှေတန်း(ထိုင်)ဆရာဝန်ဒေါ်ရွှေခြည် ၊ အမည်မသိ ၊ ဂျပန်စစ်ဗိုလ်ဆရာဝန်
အမည်မသိ ၊ ဂျပန်ဆရာဝန်အိမ်ရှိ၊ဘဘ ၊ ဆရာဝန်ဒေါ်ရွှေကြည်
ဘဘဝန်(ရပ်)ဆရာဝန်ဦးလှငယ်ရှိန်(အလယ်)

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်သုံး ငွေစက္ကူများ










www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com

[illegible]



[illegible]



www.burmeseclassic.com

www.burmeseclassic.com

မြစ်ကြီးနားခရိုင်ရွာအမျိုးသမီးသမဂ္ဂအမှုဆောင် ဒေါ်မြမြခင်အဖွဲ့
ကျေးရွာများသို့စည်းရုံးရေးဆင်းစဉ် (မြို)



မြစ်ကြီးနားခရိုင်ရွာအမျိုးသမီး သမဂ္ဂအဖွဲ့
ဒုတိယဥက္ကဋ္ဌ ဒေါ်ငွေခင်မှာအဖွဲ့
ကျေးရွာများသို့စည်းရုံးရေးဆင်းစဉ်(မြို)



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စောစောပိုင်းကပင် မြိတ်အာရှလူငယ် အစည်းအရုံးကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြသော ဂျပန်ကင်ပေတိုင်သည် ယခုကဲ့သို့ အာရှလူငယ် အစည်းအရုံး၏ လုပ်ရှားမှုအစီအစဉ်များကို အကောင်အထည် မဖော်ရသေးမီ ဂျပန်တို့သိရှိသွားသဖြင့် သခင်များနှင့် အာရှလူငယ် ခေါင်းဆောင်များအား ဖမ်းဆီးလေတော့သည်။

တော်လှန်ရေးအစီအစဉ်အရ ရန်ကုန်မြို့မှ လိုက်ပါလာပြီး မြိတ်အက်စ်အက်စ်ကေ ငါးကုမ္ပဏီတွင် အလုပ်သမားအဖြစ် ဝင်ရောက် လုပ်ကိုင်နေသူ ဗိုလ်လှမြင့်မှာ မြိတ်မှ ခေါင်းဆောင်အချို့နှင့် အဆက် အသွယ်ရယူရန် ကြံစည်ဆဲ ဂျပန်၏ဖမ်းဆီးခြင်းကို ခံသွားရလေသည်။ ထိုအချိန်တွင် မြေပူရာကင်းမှောက် ဆိုသကဲ့သို့ ရဲအမှုထမ်း ကိုထွန်းရွှေကိစ္စကလည်း ဝင်လာသည်။ တစ်နေ့ ကိုထွန်းရွှေမှာ အလုပ်တာဝန်ဖြင့် ကော့သောင်းမြို့မှ မြိတ်မြို့သို့လာရစဉ် ရေအေးငှက်သိုက်ကျွန်းအနီး၌ ရေငုပ် သင်္ဘောတစ်စီး တွေ့ခဲ့ရကြောင်း မြိတ်မြို့သို့ရောက်သည်နှင့် ဂျပန်ကင်ပေတိုင်သို့ သွားရောက် သတင်းပို့ခဲ့မိသည်။ သူ၏ သတင်းပေးချက်အရ မြိတ်မှဂျပန်တစ်စိတ်တစ်ပိုင်းကို စေလွှတ်လိုက်ရာ လမ်းတွင် မဟာမိတ်တို့၏ ဗုံးဒဏ်ကြောင့် တပ်စိတ်တစ်စိတ်လုံး နစ်မြုပ် သေဆုံးသွားရသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုထွန်းရွှေအား မသင်္ကာဖြစ်၍ ဖမ်းဆီးစစ်ဆေးသည့်အပြင် သခင်ခေါင်းဆောင်များနှင့် အာရှလူငယ် အစည်းအရုံး ခေါင်းဆောင်များကို ထပ်မံဖမ်းဆီးပြန်ရာ သခင်အောင်ကြီးနှင့်ကိုလှကြည်တို့ အဖမ်းခံလိုက်ရသည်။ ဂျပန်တို့သည် အကျဉ်းစခန်းအတွင်း၌ သူလျှိုဟု ယူဆရသူများကို နည်းအမျိုးမျိုးဖြင့် စစ်ဆေးခဲ့ကြသည်။ ထိုအထဲတွင် ဗိုလ်လှမြင့်နှင့် ကိုထွန်းရွှေတို့မှာ ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို အလူးအလဲ ခံလိုက်ကြရပြီး ကိုယ်တွင်းကိုယ်တူးလျက် ဂျပန့်ဓားအောက်တွင် အသက်ပျောက်ခဲ့ရရှာသည်။ ကိုလှကြည်မှာ ငယ်ရွယ်သေးသူဖြစ်၍ ပြင်ပတွင် ကောင်းမွန်စွာ နေထိုင်ပါမည်ဟူသော ခံဝန်ချက်ဖြင့် အပတ်စဉ် ကင်ပေရုံး၌ လက်မှတ်ရေးထိုးစေခြင်းဖြင့် လွှတ်ပေးခဲ့သည်။ ထိုနောက် သခင်အောင်ကြီးလည်း လွှတ်မြောက်လာသည်။

မှတ်ချက်။ ။(ဂျပန်တို့ ကင်ပေတိုင်ရုံး ဖွင့်လှစ်ခဲ့သည့် အဆောက်အဦမှာ မန္တလေးကျောင်းအနီး ဦးချို့ကီ၏နေအိမ် အဆောက်အဦဟောင်း ဖြစ်လေသည်။ ယင်းအဆောက်အဦကိုဖြိုတောက်၍ ခေတ်မီတိုက်ကို ဆောက်လုပ်ခဲ့သည်။)



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့သို့ ဂျပန်တို့ သုံးနှစ် ခြောက်လ ၂၁-ရက် နေထိုင် အုပ်ချုပ်ခဲ့သည့်ဒေသချိန်တွင် ၁၃၀၆ခုနှစ် နတ်တော်လဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့ (၁၅-၁၁-၁၉၄၄) ညနေ ၆နာရီအချိန် အမေရိကန် မဟာမိတ် လေယာဉ်များက ထားဝယ်စုရပ်ကွက်နှင့် ကန်ကြီးရပ်ကွက်များကို မီးလောင်ဗုံးများ ချခဲ့သည်။ နတ်တော်လဆန်း ၁၃-ရက် တနင်္လာနေ့ (၂၇-၁၁-၁၉၄၄)နံနက် ၁၀နာရီအချိန် နောက်လယ်ရပ်ကွက် ကမ်းနားပိုင်းကို ဗုံးချပြန်သည်။ ထိုနောက် နတ်တော်လဆုတ် ၂ရက် သောကြာနေ့ (၁-၁၂-၁၉၄၄)နံနက် ၉နာရီအချိန် အလယ်ကျွန်းရပ်ကွက် ဦးနေထွန်းအောင် အိမ်နားတွင် ဗုံးချ၍ပေါက်ကွဲရာ ဗုံးခိုကျင်းအတွင်းလူ(၁၁)ဦး ကျင်းပိတ် သေဆုံးခဲ့ရသည်။ ၁၃၀၇ ခုနှစ် ကဆုန်လဆုတ် ၉-ရက် သောကြာနေ့(၄-၅-၁၉၄၅)တွင် မြစ်ငယ်ရပ်၊ကွက်သစ်ရပ်၊တပ်ပြင်ရပ်၊ ဘုရားကြီးလမ်းတစ်လျှောက်သို့ လည်းကောင်း၊၊ ကဆုန်လဆုတ် ၁၀-ရက် စနေနေ့(၅-၅-၁၉၄၅)တွင် အလယ်ကျွန်းရပ်ကွက်သို့ လည်းကောင်း၊ မဟာမိတ်တို့က စစ်သေနတ်များ၊၊ ဗုံးများဖြင့် ပစ်ခတ်ခဲ့သည်။ ကဆုန်လဆုတ် ၁၂၊၁၃ရက်နေ့များတွင် ဗုံးမချဘဲပျံ့ဝဲယုံသာ ပျံဝဲခဲ့သော်လည်း ကဆုန်လကွယ် ၁၅-ရက် (၁၀-၅-၁၉၄၅) ရက်နေ့တွင်မူ တပ်ပြင်တစ်ရပ်ကွက်လုံး ဗုံးချမီးလောင်စေခဲ့လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## စစ်ပြီးစ မြိတ်အခြေအနေ

၁၉၄၅ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်ဧကရာဇ်မင်းမြတ်က လက်နက်ချကြောင်း ကမ္ဘာသို့ကြေညာလိုက်သဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးမှာ အဆုံးသတ်သွားလေတော့သည်။

အချိန်ကာလကို ပြန်လည်တွက်စစ်လျှင်–

- ၁၈၂၄ ခုနှစ်မှ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့ အထိ နှစ်ပေါင်း (၁၁၇)နှစ်မှာ မြိတ်သျှ ကိုလိုနီ ဖြစ်ခဲ့သည်။ (၁၁၇နှစ် ၃လ ၁၉ရက်)

- ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့ အထိ သုံးနှစ်ကျော် လေးနှစ်နီးပါးမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန် စစ်အုပ်ချုပ်ရေး လက်အောက်သို့ ရောက်ခဲ့ရသည်။ (သုံးနှစ် ခြောက်လ ၂၁ရက်)

- ၁၉၄၅ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့မှ ၁၉၄၈ခုနှစ် ဇန်နဝါရီ ၃ရက်နေ့အထိ သုံးနှစ်နီးပါးမှာ ဗြိတိသျှနယ်ချဲ့ သံပနောင့်အောက်သို့ တစ်ကျော့ပြန်လည် ရောက်ရှိချိန် ဖြစ်လေသည်။ (နှစ်နှစ် လေးလ ၂၂ ရက်)

၁၉၄၅ခုနှစ် စက်တင်ဘာလ ၁ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့ စစ်အုပ်ချုပ်ရေးအရာရှိ မစ္စတာ ကျေအီးကော်နာနှင့် တပ်သား ၅၀၀ကျော်တို့ စစ်သင်္ဘောတစ်စီးဖြင့်မြိတ်မြို့သို့ ရောက်ရှိလာသည်။ယခုတစ်ကြိမ်မြိတ်မြို့ နယ်ချဲ့တို့ ရောက်လာခြင်းမှာ ဂျပန်တို့အား စစ်အောင်နိုင်၍ ဒုတိယအကြိမ် အဖြစ် ပြန်လည်ဆိုက်ရောက်လာခြင်းဖြစ်ရာ မြိတ်မြို့ ဘုရားငါးဆူ ကွင်းပြင်၌ ဂျပန်တို့ လက်နက်ချပွဲတစ်ခုပ်ပြုလုပ်ခဲ့သည်။ ထိုနောက် မြိတ်မြို့တွင် အုပ်ချုပ်ရေးယန္တရားကြီး ပုံမှန်လည်ပတ်နိုင်ရန် စစ်မှပြန်မိမိ အင်္ဂလိပ်အစိုးရ

www.burmeseclassic.com



လက်အောက်တွင် အမှုထမ်းခဲ့ကြဖူးသည့်ဝန်ထမ်းများအား စစ်မြေးလစာ ကြိုတင်လစာများပေးလျက် ဌာနဆိုင်ရာ တာဝန်များ ပေးအပ် ထမ်းဆောင်စေလေသည်။ မစ္စတာဂျေအီးကော်နာမှာ စစ်အုပ်ချုပ်ရေးအတွက် ခေတ္တလာရောက်ရသူဖြစ်သဖြင့် ၁၉၄၅ခုနှစ် အောက်တိုဘာလတွင်ထပ်မံ ရောက်ရှိလာသော မြိတ်မြို့အရေးပိုင်အဖြစ် အုပ်ချုပ်မည့် မစ္စတာအမ်အေမေဘာရီသို့ လုပ်ငန်းဆောင်တာအရပ်ရပ်ကို လွှဲပြောင်းပေးပြီး မြိတ်မြို့မှ ပြန်လည်ထွက်ခွာသွားလေသည်။

အမ်အေမေဘာရီသည် မိမိတစ်ဦးတည်း ရောက်ရှိလာခြင်း မဟုတ်ဘဲ မြိတ်မြို့အုပ်ချုပ်ရေးအတွက် တွဲဘက်အရေးပိုင်အဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်ဖြစ်သူ ဦးထွန်းသောင်၊ ရာဇဝတ်ဝန်ထောက်ကြီးအဖြစ် ဦးဘငြိမ်းနှင့် ခရိုင်ဆရာဝန်ကြီးအဖြစ် မေဂျာကျော်ဇော်တို့ပါ ပါရှိခဲ့လေသည်။

အမ်အေမေဘာရီသည် မြိတ်မြို့သို့ရောက်မဆိုက် ဒါဘာပွဲကို မြိမ့်မြိမ့်သဲ ကျင်းပခဲ့သည်နှင့်အမျှ တစ်ဘက်တွင်လည်း ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၅ရက်နေ့မှ စတင်က၍ စစ်တရားခံများကိုဖမ်းဆီးခြင်းပြုတော့ရာ ဂျပန်အစိုးရလက်ထက်မှ ခရိုင်ဝန်ဟောင်း ဦးစံဝင်းအား ထိုစဉ်ကခေါ်မြေများကို လှူဒါန်းဖြင့် ထိုးသတ်ရန် အမိန့်ပေးခဲ့သည်ဟုဆိုကာ ပုဒ်မ ၃၀၂အရ ထားဝယ်မြို့၌ ဖမ်းဆီးခဲ့ပြီး ၂၇-၁၀-၄၅ရက်နေ့တွင် မြိတ်အကျဉ်းစခန်းသို့ ပို့ခဲ့သည်။ အလားတူပင် ဗိုလ်ထွန်းစိန်ကိုလည်း ပုဒ်မ ၃၀၂အရ မြိတ်မြို့၌ ၁၆-၂-၄၆ရက်နေ့တွင် ဖမ်းဆီးခဲ့လေသည်။ သို့သော် ထိုပုဂ္ဂိုလ်နှစ်ဦးမှာ နောင်တွင် နိုင်ငံရေးသမားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အမိန့်ဖြင့် လွတ်လာကြသည်။

●

### အမျိုးသမီးသမဂ္ဂအဖွဲ့

၁။ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေး၊
၂။ ကျန်းမာရေး၊
၃။ ပေါင်းသင်းဆက်ဆံရေး၊
၄။ မြန်မာစာပေထွန်းကားရေး၊
၅။ အမျိုးသမီးများဂုဏ်ကို ကာကွယ်စောင့်ရှောက်ရေး၊
၆။ အမျိုးသမီးအဖွဲ့ကို ဖြစ်စေ၊ တစ်ဦး တစ်ယောက်ကို ဖြစ်စေ၊ ဖြစ်ပေါ်လာသော ကိစ္စရပ်များကို စုပေါင်း ဆောင်ရွက် တာဝန်ယူရေး။

www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးလှုပ်ရှားချက်များဖြင့် အမျိုးသမီး သမဂ္ဂ အဖွဲ့အစည်း တစ်ရပ်ကို ၁၃၁ဝဂုနှစ် သီတင်းကျွတ်လဆန်း(၇)ရက် ဗုဒ္ဓဟူးနေ့(၂-၄-၄၆)တွင် မြိတ်မြို့ ကမ်းနားလမ်း ဖဆပလအဖွဲ့ရုံး၌ ဗိုလ်ထွန်းစိန်၊ ဦးဘိုးရှိန်၊ ဦးစိုးရင် တို့ ကြီးမှူး၍ ဖွဲ့စည်းပေးခဲ့သည်။ ယင်းမြိတ်မြို့နယ်ဆိုင်ရာ အမျိုးသမီး သမဂ္ဂအဖွဲ့၏ အမှုဆောင်များမှာ–

| | | |
|---|---|---|
| ၁။ | ဒေါ်မြမြ | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ငွေခင် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဒေါ်ထားကြည် | အတွင်းရေးမှူး |
| ၄။ | ဒေါ်အေးကြည် | တွဲဘက် အတွင်းရေးမှူး |
| ၅။ | ဒေါ်ညွှာညွှာ | ငွေထိန်း |
| ၆။ | ဒေါ်မေကြည် | စာရင်းစစ် |
| ၇။ | ဒေါ်စိန်ပု | စည်းရုံးရေးမှူး |
| ၈။ | ဒေါ်မြသန်း | ဝါဒဖြန့်ချိရေးမှူး |
| ၉။ | ဒေါ်သန်းစိန် | အမှုဆောင် |
| ၁၀။ | ဒေါ်စိန်ဝါ | " |
| ၁၁။ | ဒေါ်ခင်ခင် | " |
| ၁၂။ | ဒေါ်စန်းရီ | " |
| ၁၃။ | ဒေါ်စီစီ | " |
| ၁၄။ | ဒေါ်ဟန်ကြည် | " |
| ၁၅။ | ဒေါ်သိန်းရီ | " |

တို့ ဖြစ်ကြလေသည်။ ထိုအမျိုးသမီးသမဂ္ဂ အဖွဲ့ကြီးအောက်တွင် အဖွဲ့ခွဲများ ဖွဲ့စည်းထားသေးသည် ဖြစ်ရာ အဖွဲ့ခွဲများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(က) ဈေးသူအဖွဲ့

၁။ ဒေါ်စိန်တင့်
၂။ ဒေါ်ထုတ်
၃။ ဒေါ်ထွေးညွန့်

(ခ) ရဲမေအဖွဲ့

၁။ ဒေါ်စန်းရီ
၂။ ဒေါ်ခင်စန်း
၃။ ဒေါ်ခင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ကျောင်းသူနှင့် စာပေအဖွဲ့

၁။ ဒေါ်သန်းရင်
၂။ ဒေါ်ခင်မြင့်ရီ
၃။ ဒေါ်ယုရှိ

(ဃ) အမျိုးသမီး ဆေးလိပ်အဖွဲ့

၁။ ဒေါ်တင်ကြည်
၂။ ဒေါ်ထွေး
၃။ ဒေါ်သောင်းကြွယ်

(င) အမျိုးသမီးသူနာပြုအဖွဲ့

၁။ ဒေါ်ကြင်ဟွာ
၂။ ဒေါ်ထားသင်
၃။ ဒေါ်ဆွေ

(စ) အမျိုးသမီး တုပ်ချုပ်ရေးအဖွဲ့

၁။ ဒေါ်ခင်ကြည်
၂။ ဒေါ်ခင်ရီ
၃။ ဒေါ်ပု

(ဆ) အမျိုးသမီး လခစားအဖွဲ့

၁။ ဒေါ်မေကြည်
၂။ ဒေါ်တင်နိုင်
၃။ ဒေါ်စောညွန့်

တို့ ဖြစ်ကြပေသည်။ သို့သော် အဆိုပါ အဖွဲ့ခွဲများအနက် အမျိုးသမီး တပ်ဖွဲ့တို့သာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်းနှင့်
ပတ်သက်၍
မောရစ်ကောလစ်၏ဆောင်းပါးမှ
ကောက်နုတ်ချက်


ဤလူငယ်သည် အင်္ဂလန်နိုင်ငံသို့ယခင်က ရောက်ဖူးသူမဟုတ်ချေ။ ယခုလောက် ကျယ်ကျယ်ပြန့်ပြန့် မရှိသေးသော မြန်မာ့ကိစ္စ၊ မြန်မာ့အရေးအလား၊ မြန်မာ့အတွေ့အကြုံတို့နှင့်သာ ဆက်ဆံခဲ့ဖူးသူဖြစ်သည်။ ထိုသို့သော လူငယ်သည် ထိုညစ္စည်းဝေး၌ အင်္ဂလန်နိုင်ငံ၏ မျက်နှာဖုံးဖြစ်သော ညေ့သည်တို့ကို ဧည့်ခံရာတွင် သူ့ အနေအထားသည် ချစ်ဖွယ်လည်းကောင်း၍ ရဲရင့် တည်ငြိမ်ခြင်း နှင့် လည်း ပြည့်စုံလှသည်။

ဤလူငယ်သည် အာဏာတိုက်သား လူငယ်ဖြစ်သည်ဆိုရာတွင်ဤအာဏာတိုက်သားလူငယ်သည် သူ၏နိုင်ငံကို ဥရောပ နယ်ချဲ့ ထိပ်သီးနိုင်ငံကြီး၏ လက်ဆုပ် အတွင်းမှ လွတ်မြောက်အောင် လှုပ်ခဲ့သော ၂-ရက်က အပြီးအပိုင် ထုတ်ယူနိုင်စွမ်း ရှိပါပေသည်။ ဤသို့လျှင် တဖုံတဖြ ရင်သပ် ရှုမော ဖြစ်ကြမည်မှာ မုချပင်။ သူသည် မြန်မာနိုင်ငံ၏ အာဇာနည်ဖြစ်ရုံမက ကမ္ဘာသိ၊ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်လေယာဉ်ကွင်းသို့ ဗိုလ်ချုပ်အောင်ဆန်း
ဆိုက်ရောက်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြို့ရောက်ဗိုလ်ချုပ်အောင်ဆန်းက
လာရောက်ကြိုဆိုသူများကိုနှုတ်ဆက်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မီးသတ်တပ်ခွဲဝင်များ မြို့သူ့ရဲမကာယ်ခွဲဝင်များ၏
အလေးပြုခြင်း ကိုခံယူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ် အောင်ဆန်း

## မြစ်ကြီး

## ခရီးတစ်ခေါက်

စစ်ပြီးကာလဖြစ်၍ မြို့ပြများ ပြန်လည် အသက်ဝင်စ ပြုချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက 'လွတ်လပ်ရေးမရစ်ချမယ်' 'တစ်နှစ် အတွင်း လွတ်လပ်ရေးရစေ့မယ်'ဟူသော ကြွေးကြော်သံဖြင့် ပြည်သူ့ ရဲဘော်တပ်ဖွဲ့ များအား ပြောင်ပြောင်တင်းတင်းပင် ဖွဲ့စည်းပေးခဲ့သည်။ ထိုစဉ်က မြစ်ကြီး တွင် ပြည်သူ့ ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းရာ ပြည်သူ့ ရဲဘော်များသာမက ပြည်သူ့ရဲမေများလည်း ပါဝင်ခဲ့လေသည်။

၁၅-၃-၁၉၄၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ကြီးသို့ ခရီးတစ်ခေါက် ရောက်ရှိလာခဲ့သည်။ အကြောင်းကား မြစ် ခရိုင်အတွက် ပါလီမန်အမတ် နှစ်နေရာကိစ္စဖြစ်လေသည်။ မြစ်ခရိုင် ပါလီမန်အမတ် နှစ် နေရာတွင် ဖဆပလအဖွဲ့ချုပ်မှ လျာထား သတ်မှတ်ပေးလိုက်သူ နှစ်ဦး မှာ ဦးမောင်မောင်ခင်နှင့် ဦးဘထွန်းတို့ဖြစ်သည်။ ထိုစဉ်က မြစ်ကြီးတွင် တက်တက်ကြွကြွ လှုပ်ရှားလျက်ရှိသော ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ ခေါင်း ဆောင်ဖြစ်သူ ဗိုလ်ထွန်းစိန်၏အမည်မှာ ထိုလျာထားစာရင်းတွင် ပါမလာ သောကြောင့် မကျေမနပ်ဖြစ်ကြသည်။ ဤအရေးကိစ္စကို ဖြေရှင်းရန် အတွက် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးသို့ ရောက်လာရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၅-၃-၄၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မြိတ်သို့လေတပ်မှ လေယာဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ မြိတ်မြို့သို့ ကြွရောက်လာရာ မြိတ်လေယာဉ်ကွင်းတွင် မြိတ် ပြည်သူ့ရဲဘော် အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ထွန်းစိန်က ဦးဆောင်၍ မြိတ်အရေးပိုင် အမ်အေမေဘာရီ၊ ရာဇဝတ်ဝန်ထောက်ကြီး ဦးဘငြိမ်းနှင့် ဘုရင့်ရေတပ်အရာရှိတို့က ခရီးဦး ကြိုဆိုကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပါးစပ်ဖွင့်ဟရုံမျှ ပြုံး၍ တည်ကြည်ရှင်လန်းသောမျက်နှာဖြင့် ကြိုဆိုနေကြသူများအား တစ်ဦးချင်းလက်ဆွဲနှုတ်ဆက်သည်။ အမျိုးသမီးများ အလှည့်သို့ အရောက်တွင်မူ လက်ဆွဲနှုတ်ဆက်ခြင်း မပြုဘဲ နှုတ်ဖြင့်သာ နှုတ်ခွန်းဆက်စကားဆို၍ နှုတ်ဆက်လေသည်။

ပြီးလျှင် ဆနီရောင်အလ˚ထောင့်တွင် ကြယ်ဖြူတစ်ပွင့် ပါရှိသော အလ˚ စိုက်ထူထားသည့် အာ-ရ်ဘီ ၆၇၀၂ နံပါတ်တပ်ထားသော မော်တော်ကားတွင် ကိုယ်ရံတော် ဗိုလ်ထွန်းလှနှင့် ဗိုလ်တစ်ဦး လိုက်ပါကြလျက် အစီအစဉ်အတိုင်း လေယာဉ်ကွင်းမှ နှစ်မိုင်မျှဝေးသော မြိတ်မြို့တွင်းသို့ ထွက်ခွာလာခဲ့သည်။

ထိုသို့ ဝင်လာပြီးနောက် ကမ်းနားလမ်းသို့ ချေးလမ်းမှ ဆင်း၍ ကမ်းနား (အေ)လမ်းထောင့် အရောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအရ မော်တော်ကား ရပ်ပေးရသည်။

ဗိုလ်ချုပ်သည် မော်တော်ကားပေါ်မှဆင်းကာ ခြေလျင်လျှောက်၍ လမ်းဘေး ဝဲယာတွင် စောင့်ကြိုနေကြသော လူထု အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲမေများ၏ အလေးပြုခြင်းကို ခံယူရင်း နှစ်ဖာလုံခန့် ခရီးကို လမ်းလျှောက်၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့ရုံးတည်ရာ (ယခု ဦးစိန်ဝင်း ဝပ်ရှော့အလုပ်ရုံ)အထိ လာခဲ့သည်။

ထမင်းစားပြီး သည်နှင့် ဘန်ဂလို (ညှိရိပ်သာ)သို့ သွားကာ ဖဆပလ အမှုဆောင်များ၊ ပြည်သူ့ရဲဘော် ခေါင်းဆောင်များနှင့် မြိတ်ခရိုင် ပါလီမန်အမတ် နှစ်နေရာအတွက် ဆွေးနွေးသည်။ မြိတ်ခရိုင်ပါလီမန် အမတ် နှစ်နေရာအတွက် ဦးမောင်မောင်ခင်နှင့် ဗိုလ်ထွန်းစိန်တို့အား အတည်ပြုပေးသည်။

နေ့လယ် ၁နာရီအချိန်တွင် မြို့လူကြီးများ၊ အသင်းအဖွဲ့ခေါင်းဆောင်များကို အမှတ်(၁) အစိုးရအထက်တန်းကျောင်းဝင်းတွင် ဖိတ်ကြား၍ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည ၇နာရီအချိန်တွင် ကမ်းနားလမ်း သံကွက် (ယခု ပုလဲရတနာမြို့တော်ခန်းမတည်ရာ ကွက်လပ်)၌ လူထုရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ပြီး၊ ၁၆-၃-၄၇ ရက်နေ့ နံနက် ၉နာရီအချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

၁၉-၇-၄၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ဖြစ်ကြသော သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွား စပ်စံထွန်းတို့ လုပ်ကြံခံရသည့် သတင်းဆိုးကြီးတစ်ရပ်ကို ဝမ်းနည်းကြေကွဲဖွယ်ရာ ကြားသိရသဖြင့် မြိတ်မြို့နယ်တစ်နယ်လုံး ယူကြုံးမရ ဖြစ်ကြရသည်။ မြိတ်အတွက် ပါလီမန်အမတ် နှစ်နေရာကိစ္စ ပြေရှင်းပြီးမှ မြိတ်မှ ပြန်သွားခဲ့သည်မှာ ငါးလပင်မပြည့်တတ်သေးချေ။

'တစ်နှစ်အတွင်း လွတ်လပ်ရေးရစေ့မယ်'ဟူသော သူ၏ ကြွေးကြော်သံ၊ သူ၏ကတိအတိုင်း တစ်နှစ်ပင်မပြည့်မီ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာပိုင် လွတ်လပ်သော ပြည်ထောင်စု သမ္မတ နိုင်ငံတော်ကြီး အဖြစ်သို့ ရောက်လာခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်ရေး နှင့်
## မြှတ်မော်ကွန်းကျောက်စာတိုင်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိခဲ့သည်။

မြို့တ်မြို့ ဆိပ်ငယ်ရပ်ကွက်တွင် ဘုရင်မပန်းခြံတစ်ခု တည်ရှိသည်။ ထိုပန်းခြံအတွင်း၌ ၁၃၀၃-၀၄(၁၉၄၁-၄၂)ခုနှစ်က ကျောက်တိုင်တစ်တိုင် စိုက်ထူခဲ့ကြသည်။ ယင်းကျောက်တိုင်မှာ အာဇာနည် ကျောက်တိုင်ဖြစ်၍ '၁၃၀၃-၀၄ခုနှစ် အဘဗမာပြည် လွတ်လပ်ရေးတိုက်ပွဲတွင်အသက်စွန့်သွားကြသော ဗမာ့လွတ်လပ်ရေး တပ်မတော်သားများတို့'ဟူ၍ မော်ကွန်းရေးထိုးခဲ့သည်။

အဆိုပါ ဘုရင်မပန်းခြံရှေ့ လမ်းသုံးခွတွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထို ညောင်ပင်ကြီးကို နုတ်ပစ်၍ ထိုနေရာတွင် လွတ်လပ်ရေးမော်ကွန်းကျောက်စာတိုင်ကို စိုက်ထူခဲ့ကြသည်။ ထိုလွတ်လပ်ရေးမော်ကွန်းကျောက်စာတိုင်ကို စတင်တည်ဆောက်ချိန်မှာ ၁၃၁၀ ခုနှစ် နတ်တော်လဆန်း ၁၂ရက် တနင်္ဂနွေနေ့(၁၂-၁၂-၁၉၄၈)တွင်ဖြစ်သည်။ ထိုနေ့က မြိတ်မြို့မန္တလေးကျောင်းမှ ဘုန်းတော်ကြီးသုံးပါးကိုပင့်၍ပရိတ်တရားတော်ကို ဦးစွာ နာကြားကြသည်။ ထိုနောက် နတ်ပွဲလေးပွဲနှင့် ခေါင်းနတ်၊

www.burmeseclassic.com

မြိတ်လှေတက်လမ်းရေမော်တွန်းကျောက်စာတိုင်



ဘုရင်မနိမြို့တွင်းကအောင်လနည်းကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တရုတ်မကန်မြို့အတွင်းတအအလာနည်တကျကင်တိုင်

www.burmeseclassic.com

www.burmeseclassic.com







၄-၁-၁၉၄၉ ရက်နေ့လွတ်လပ်ရေးအခမ်းအနား
လှုပ်ရှားမှုမှတ်တမ်းပုံများ

www.burmeseclassic.com

www.burmeseclassic.com



လွန်ဆွဲပွဲ



အပြေးပြိုင်

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၃ ခုနှစ်လွတ်လပ်ရေးနေ့တွင်ပန်းသခင်မြေညာဘင်ရေထွန်းလောင်ခဲ့ကြသည့်
ကမ္ဘာ့ရှိအမျိုးသမီးများ



ဝဲမှယာ၊ မသန်းမြင့်၊ မမြဝင်း၊ မသန်းမြင့်၊ မလှကြည်၊ မစိန်မြ
မမြင့်မြင့်သီ၊ မခင်ခင်သန်း

www.burmeseclassic.com

www.burmeseclassic.com





သီရိမြို့ပြည်ရုံးတော်တင်ဆိုမှုကို ကန့်ကွက်ဆန္ဒပြပွဲ ကျင်းပစဉ်
၂၆-၁၂-၄၈

www.burmeseclassic.com

www.burmeseclassic.com



ရွှေစောင့်နတ်၊ သာသနာစောင့်နတ်၊ အာကာသစိုးနတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်မှစ၍ နတ်ဒေဝါအပေါင်းတို့ကိုပူဇော်သည်။ ၁၃၁၀ ခုနှစ် နတ်တော်လဆန်း ၁၄ရက်၊ အင်္ဂါနေ့ (၁၄-၁၂-၁၉၄၈) နံနက်၄နာရီ ၂၀မိနစ်အချိန်တွင် ဦးယူ၊ ကြငှာန်း၊ ဆောက်လယ်၊ ရဝေ၊ သမြေ၊ ကုတ်ဟီးမည်သော တိုင်ကြီးခြောက်လုံး၌ ရွှေအုပ်ခြောက်ချပ်၊ ငွေအုပ်ခြောက်ချပ်စီဖြင့် လွတ်လပ်ရေး မော်ကွန်းကျောက်စာတိုင်ကို အုတ်မြစ်ချခဲ့ကြသည်။

ဦးယူတိုင်၌ အရေးပိုင်မင်း ဦးနန်းညွန့်က ရွှေသံလက်တစ်ချောင်းနှင့်ရွှေအုပ်တစ်ချပ်၊ သူဌေးလင်ဦးကိုင်က ငွေသံလက်တစ်ချောင်းနှင့်ငွေအုပ်တစ်ချပ်၊ ကြငှာန်းတိုင်၌ ဆရာဝန်ကြီး ဦးတိုးမောင်က ရွှေသံလက် တစ်ချောင်းနှင့် ရွှေအုပ်တစ်ချပ်၊ ဝန်ထောက်ကြီး ဦးတွန်းစိန်က ငွေသံလက်တစ်ချောင်းနှင့် ငွေအုပ်တစ်ချပ် စသည်ဖြင့် အုတ်မြစ်ချပြီး ကျန်တိုင်များဖြစ်ကြသည့် ဆောင်လယ်၊ ရဝေ၊ သမြေ၊ ကုတ်ဟီး စသည့်တိုင်ကြီးများတွင်လည်း ဂုဏ်သရေရှိပုဂ္ဂိုလ်များက ရွှေအုတ်ချပ် ငွေအုပ်ချပ်များဖြင့် အသီးသီး အုတ်မြစ်ချကြသည်။

မြိတ်မြို့ လွတ်လပ်ရေးကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားကို ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်စ မြိတ်အခြေအနေနှင့် မြည်တော်သာခေတ်

ဝန်ကြီးချုပ်ဦးနုမှာ ၁၇-၄-၄၇ ရက်နေ့တွင် ပင်လယ်အတွင်း နစ်မြုပ်ခဲ့သည့် အစ်အစ်ဆာဟာဗေးအခစ်ဆင်သင်္ဘောတွင် မြိတ်မင်းတိုင်ပင် အမတ်တစ်ဦး ဖြစ်သူ ဦးမောင်မောင်ခင် ပါရှိ ကွယ်လွန် သွားခြင်းကြောင့် မြိတ်မင်းတိုင်ပင်အမတ် ဖြစ်လာခဲ့သည်။

စောဘဦး၏ လမ်းညွှန်မှုအောက်တွင် မြိတ်နှင့် ထားဝယ်ခရိုင်အား ကရင်နှင့် မွန်တို့က ၎င်းတို့၏ ပြည်နယ်အတွင်းသို့ သွတ်သွင်းပေးရန် နိုင်ငံတော်အစိုးရထံ သီးခြားပြည်နယ်တောင်းသည်။ ဤသည်ကို အကြောင်းပြု၍ မြိတ်ခရိုင်လူထုကြီးက ၂၆-၁၂-၄၈ ရက်နေ့တွင် ဘုရားငါးဆူကွင်း၌ ဆန့်ကျင်ဆန္ဒပြပွဲတစ်ရပ် ကျင်းပခဲ့ကြသည်။

ပါလီမန်အမတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း ရွေးချယ် အတည်ပြုပေးခဲ့သော ဦးမောင်မောင်ခင် ကွယ်လွန်ခဲ့ပြီးနောက် မြိတ်မင်းတိုင်ပင် အမတ်ဖြစ်လာသူ ဝန်ကြီးချုပ်ဦးနုသည် အဆိုပါ အရေးအခင်းအတွက် မြိတ်မြို့သို့ ၂-၁-၄၉ ရက်နေ့တွင် ရောက်ရှိလာပြီး မြိတ်ခရိုင်ရုံးခန်းမ၌ မြိတ်ခရိုင်နယ်အသီးသီးမှ လူမျိုးပေါင်းစုံ ခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ဘက်နှင့်ဌာနဆိုင်ရာအကြီး

www.burmeseclassic.com

www.burmeseclassic.com

သီးခြားပြည်နယ်တောင်းဆိုမှု ဆန္ဒပြပွဲ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အကဲများအား တွေ့ဆုံဆွေးနွေးသည်။ ၃-၁-၄၉ ရက်နေ့တွင် မြိတ်မြို့ ဂုဏ်ရုပ်ရှင်ရုံ၌ လူထုအစည်းအဝေးကြီးတစ်ရပ် ပြုလုပ်ကာ သီးခြားနယ် ကိစ္စကို ရှင်းလင်းပြောကြားသည်။ ဝန်ကြီးချုပ်ဦးနု ပြန်သွားပြီးနောက် ၁၈-၁-၄၉ ရက်နေ့တွင် ဆာဘဦးခေါင်းဆောင်သော သီးခြားနယ် စုံစမ်းရေး အဖွဲ့ဝင်များ မြိတ်မြို့သို့ ရောက်ရှိလာရာ မြိတ်လူထုကြီး၊ တစ်ရပ်လုံးက ကမ်းနားလမ်းတစ်လျှောက် နေရာယူ၍-

'သီးခြားနယ် အလိုမရှိ'
'စုံစမ်းရေးကော်မရှင် အလိုမရှိ'
'တိုင်းရင်းသားတွေ ညီညွတ်ကြ'
'နှားကွဲလျှင် ကျားဆွဲမည်'
'နယ်ချဲ့စနစ် ပျက်စီးပါစေ'

ဟူသော ပိုစတာကိုင်ဆောင်ကြလျက် နှုတ်မှလည်း ကြွေးကြော်ကြသည်။

ထိုစုံစမ်းရေးအဖွဲ့မှာ မြိတ်ခရိုင်ဝန် နေအိမ်တွင် ရုံးခန်းဖွင့်လျက် ၁၉၄၉ခုဇန်နဝါရီလ ၁၉၊ ၂၀ ရက်နေ့များတွင် မြိတ်နှင့်ထားဝယ်ခရိုင် အား ကရင်ပြည်နယ် အတွင်းသို့ သွတ်သွင်းခြင်းအား အလိုရှိ - မရှိ။ တနင်္သာရီတိုင်းက ရာမညတိုင်းအဖြစ် ပြောင်းလဲရန် လို - မလို၊ ဟူသော အချက်ကို အဓိကထားး၍ စုံစမ်းလေသည်။ ထိုကိစ္စတွင် ဒေသခံတို့က မလို လားကြောင်း တင်ပြကြသည်။

၁၉၄၉ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့သို့ ရောက်သောအခါ ရွာပါးစရိတ် ဖြတ်တောက်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ ရုံးဝန်ထမ်းများ သပိတ်မှောက်ကြသည်။ သပိတ်စခန်းကို တောကျောင်းတိုက်၊ မင်းကျောင်း တိုက်၊ အရှေ့ကျောင်းတိုက်နှင့် ရွှေကျောင်းတိုက်တို့တွင်ထားရှိပြီး သပိတ် ခေါင်းဆောင် ဝန်ထမ်းများ ဖြစ်ကြသည့် အင်စပိတ်တော် ဦးဘအေး၊ ဘီလစ်ကြီး ဦးအေးကြွယ်၊ စာရေးကြီး ဦးသာရွှေ၊ တရားရုံးစာရေးကြီး ဦးသာထူးအုံနှင့်ကျောင်းဆရာကြီးဦးတင်ဘွန်းတို့က ဦးဆောင်ခဲ့ကြသည်။ ထိုသပိတ်ကြောင့်ပင် ရွာပါးစရိတ် ဖြတ်တောက်ရေးကို ပြန်လည် ဖျက် သိမ်းလိုက်သဖြင့် ၂၀-၅-၄၉ ရက်နေ့တွင် သပိတ်လှန်လိုက်ကြသည်။

၁၉၅၁ခုနှစ် ဇက်အောင်ဘာလ ၁၅ရက် စနေနေ့ နံနက် ၂နာရီ အချိန်တွင် မြိတ်မြို့အား ကေအင်ပီအို သောင်းကျန်းသူတို့ ဝင်ရောက် စီးနင်း တိုက်ခိုက်ကြသည်။ ထိုတိုက်ပွဲတွင် မြိတ်ခရိုင်ဝန် ထိပ်ဆင်ဒွေး ကျဆုံးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


မြိတ်ခရိုင် ပြည်တော်သာအဖွဲ့အား တနင်္သာရီတိုင်းမင်းကြီး သီရိပျံ့ချီဦးမိုးမြင့်ကိုယ်တိုင် မြိတ်မြို့သို့ ကြွရောက်လျက် ၁-၁၀-၅၂ ရက်နေ့တွင် ဖွဲ့စည်းပေးခြင်းအားဖြင့် မြိတ်ခရိုင် ပြည်တော်သာအဖွဲ့ကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုအဖွဲ့ကြီးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးအုန်းဖေ | ခရိုင်ဝန် | ဥက္ကဋ္ဌ |
| ၂။ | ဦးချစ်စိန် | မြို့ဝန်ထောက်ကြီး | အတွင်းရေးမှူး |
| ၃။ | မစ္စတာခဗလျူအာရ်တု(သ်) | ခရိုင် ရဲပိုလ်မှူး | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာ ဂျီရှီ | ခရိုင် ဆရာဝန်ကြီး | ။ |
| ၅။ | ဦးစိန်ဖေ | ခရိုင် အင်ဂျင်နီယာ | ။ |
| ၆။ | စိုက်ပျိုးရေးနယ်အုပ် | | ။ |
| ၇။ | သမဝါယမမြို့အုပ် | | ။ |
| ၈။ | သစ်တောဝန်ထောက် | | ။ |
| ၉။ | ပညာအုပ် | | ။ |
| ၁၀။ | မြေစာရင်းဝန်ထောက် | | ။ |
| ၁၁။ | နယ်ပိုင်ဝန်ထောက် | ကော့သောင်း | ။ |
| ၁၂။ | မြို့ပိုင် | မြိတ်အရှေ့ပိုင်း | ။ |
| ၁၃။ | မြို့ပိုင် | မြိတ်အနောက်ပိုင်း | ။ |
| ၁၄။ | မြို့ပိုင် | ပလော | ။ |
| ၁၅။ | မြို့ပိုင် | တနင်္သာရီ | ။ |
| ၁၆။ | မြို့ပိုင် | ဘုတ်ပြင်း | ။ |
| ၁၇။ | လက်ထောက်ခရိုင် မီးသတ်အရာရှိ | | ။ |
| ၁၈။ | ထောက်ပံ့ရေးအရာရှိ | | ။ |
| ၁၉။ | တိရစ္ဆာန်ဆေးကုအင်စပိတ်တော် | | ။ |
| ၂၀။ | ဦးဘထွန်း | ဖဆပလအဖွဲ့ဥက္ကဋ္ဌ မြိတ်အရှေ့ပိုင်း | ။ |
| ၂၁။ | ဦးအေးမောင် | ။ မြိတ်အနောက်ပိုင်း | ။ |
| ၂၂။ | ဦးဘိုးသိန်း | ။ တနင်္သာရီ | ။ |
| ၂၃။ | ဦးဘဦး | ။ ပလော | ။ |
| ၂၄။ | ဦးကျော်အေး | ။ ဘုတ်ပြင်း | ။ |
| ၂၅။ | ဦးသာရွှေ | ။ ကော့သောင်း | ။ |
| ၂၆။ | တိုက်ပိုင်ရဲပိုလ် | မြိတ်မြို့ | ။ |

မြိတ်ခရိုင် ပြည်တော်သာ အဖွဲ့ကြီးသည် ၁၉၅၂-၅၃ ခုနှစ်အတွင်း၌ ထောင်ဝင်းအတွင်း ဝန်ထမ်း အိမ်ထောင်စုများ နေထိုင်ရန် အဆောက်အဦများဆောက်လုပ်ပေးခဲ့ခြင်း။ ပြည်သူ့ဆက်ဆံရေးအရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ရုံးနှင့် အစိုးရစာကြည့်တိုက်ကို ဆောက်လုပ်ပေးခဲ့ခြင်း။ သီးသန့်ရဲဌာနဝင်းအတွင်း သောက်သုံးရန် ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ခြင်း။ သီးသန့်ရဲဌာနဝင်းကို သံဆူးကြိုးကာရံပေးခြင်း။ ကျောင်းသား ၅၀၀ဆံ့ အစိုးရ အထက်တန်းကျောင်း တစ်ဆောင် ဆောက်လုပ် ပေးခဲ့ခြင်း။ လေယာဉ်ကွင်းအဝင်လမ်းမကြီးကို ပြုပြင်လုပ်ဆောင်ပေးခဲ့ခြင်း။ ပလော မြို့တွင် ကျောင်းသား ၈၀၀ ဆံ့ အစိုးရ အထက်တန်း ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်ပေးခဲ့ခြင်း။ မြိတ်မြို့ ဆေးရုံဝင်းအတွင်း အဝီစိ ရေတွင်းတစ်ဘွင်း တူးဖော်ပေးခြင်း။ မြိတ်မြို့ ကမ်းနားလမ်း ရေဆိပ် ကျောက်တံတား(ပြည်တော်သာ တံတား) တစ်ခုကိုလည်း ဆောက်လုပ် ပေးခဲ့ရာ ထိုတံတား ဆောက်လုပ်ရေးကို မြိတ်မြို့ မြူနီစီပါယ် ဥက္ကဋ္ဌ ဦးအန်နီကိုယ်တိုင် ကြပ်မတ်ခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ၆-၅-၅၃ ရက်နေ့တွင် အုတ်မြစ်ချပေးခဲ့သည်။ ထို့အပြင် မြိတ်ခရိုင် အတွင်းရှိ ကျေးရွာများတွင်လည်း လတ်တလော လူထုအကျိုးရှိစေမည့် လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပေသည်။

၁၉၅၂-၅၃ ခုနှစ်အတွင်း မြိတ်ခရိုင်၌ အပြီးသတ် လုပ်ဆောင် ပေးနိုင်ခဲ့သည့် ပြည်တော်သာ လုပ်ငန်းရပ်များမှာ...

| | |
|---|---|
| ၁။ စာသင်ကျောင်း | ၄၂-ကျောင်း |
| ၂။ လမ်း | ၁၉-ခု |
| ၃။ တံတား | ၇၅-ခု |
| ၄။ ရေတွင်း | ၂၈-လုံး |
| ၅။ အိမ်သာ | ၂၅-လုံး နှင့် |
| ၆။ အခြားလုပ်ငန်းရပ် | ၅၈-ခုတို့ ဖြစ်လေသည်။ |

○

www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်သာခေတ်
## မြိတ်ခရိုင်မှဆုရပုဂ္ဂိုလ်များ

ဝိသေသ ပြည်ထောင်စု ပုဂ္ဂလဆုရသူ
ဦးယုဆိုင်

ဦးယုဆိုင်အား ၁၂၇၈-ခုနှစ်တွင် မြိတ်မြို့၊ ထားဝယ်စုရပ်၌ အဘ တန်စစ်၊ အမိ ဒေါ်အေးမြိုင်တို့မှ မွေးဖွားခဲ့ပါသည်။

၎င်းသည် ငယ်စဉ်က မြိတ်မြို့၊ အစိုးရ ဟိုက်စကူးကျောင်းတွင် ခြောက်တန်းအထိသင်ခဲ့၍ ထိုမှတစ်ဆင့် ရန်ကုန်မြို့မ အမျိုးသားအထက် တန်းကျောင်းတွင် ရှစ်ဆင့် အောင်မြင်သည့်အထိ သင်ခဲ့ပါသည်။ ထိုမှ တစ်ဖန် ပီနန်မြို့ အေ၊ စီ၊ အက်(စ်)ကျောင်းတွင် အထက်တန်းကျောင်းထွက် လက်မှတ်ရ စာမေးပွဲကို ၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာဘာသာ ဘာသာနှင့် သင်္ချာဘာသာတို့တွင် ဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့ပါသည်။ ၁၉၃၄-ခုနှစ်၊ အောက်တိုဘာလတွင် L. C. C စာမေးပွဲတွင်လည်းနိုင်စက်၌ ရိုးရိုးအောင်၍ စာရင်းကိုင်ပညာတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

www.burmeseclassic.com

ပြည်ထောင်သားဆောင်ပြိုင်ရှိမှ
ဆုရရှိသူများ



ဝီဒေသ ပြည်ထောင်စု ပုဂ္ဂလဆုရရှိ ဦးယုချိုင်



ယခု ဘော်စဝ်ဒုက္ခ ဦးယုခိုင်

www.burmeseclassic.com

www.burmeseclassic.com



အကြီးကောင်း ဉာဏ်ကောင်း ပုဂ္ဂလဆုရရှိသူ ဦးလွန်းဖေ



လူအင်အား အကူအညီ ပုဂ္ဂလဆုရရှိသူ ဦးအံ့နီ



ငွေအကူအညီ ပုဂ္ဂလ ဆုရရှိသူ ဦးစစ်ဖေ

www.burmeseclassic.com

www.burmeseclassic.com



၎င်းသည် မြို့မကျောင်းတွင် ၁၉၃၁-ခုနှစ်၌ ပထမဆုံးအကြိမ် ကျောင်းသားကောင်စီရွေးရာ ဘုရင့်နောင်အဖွဲ့မှ ကိုယ်စားလှယ်အဖြစ်ဖြင့် အရွေးခံခဲ့ရပါသည်။ မြို့မရဲတပ် စတင်တည်ထောင်ရာတွင် ကွယ်လွန်သူ ဆရာ ဦးလန်မိုးနှင့်ပူးတွဲ၍ တာဝန်ယူခဲ့သူ ဖြစ်ပါသည်။ မြို့မ သတ္တမတန်း စာမေးပွဲတွင် ပထမထူးရခဲ့ပါသည်။ မြို့မ စကောက်အသင်းတွင်လည်း ရို့ဘာစကောက်ဖြစ်ခဲ့ဖူးပါသည်။

ဦးယုဆိုင်သည် ၁၉၃၅-ခုနှစ်မှစ၍ ကူးသန်းရောင်းဝယ်မှုကို စတင်ခဲ့ရာ ထိုအချိန်၌ ရန်ကုန်မြို့ ဘုန်းကြီးလမ်းတွင် မြိတ်ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီနှင့် အောင်သိန်းကြူ ရေဘာခြံကို ဦးစီးလုပ်ကိုင်လျက်ရှိပါသည်။ ရန်ကုန်ဘဏ်တွင်လည်း ဒါရိုက်တာတစ်ဦး ဖြစ်ခဲ့သည်။

၎င်းအနေနှင့် မြိတ်အသင်း ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ မြန်မာပြည်ကြက်တောင်ရိုက်အသင်းချုပ် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့မကျောင်းသူ ကျောင်းသားဟောင်းများ အသင်း အမှုဆောင်အဖြစ် လည်းကောင်း၊ ရန်ကုန်မြို့ ကုန်သည်ပွဲစားများသမဂ္ဂ ဒု-ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီလူကြီး အဖြစ် လည်းကောင်း၊ မြန်မာပြည် အိုလံပစ်အသင်း အမှုဆောင်အဖြစ် လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၅၅-၅၆ ခုနှစ်၊ ရန်ကုန်ခရိုင် လူမှုဝန်ထမ်းအသင်း အမှုဆောင်အဖြစ်လည်းကောင်း လူမှုဝန်ထမ်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ဦးယုဆိုင်သည် (၁) ၁၉၅၂-၅၃ ခု၊ ပြည်တော်သာမြို့နယ် ပုဂ္ဂလ ပထမဆု၊ (၂) ၁၉၅၂-၅၃ ခု၊ ပြည်တော်သာခရိုင် ပုဂ္ဂလ ပထမဆု၊ (၃) ၁၉၅၂-၅၃ ခု၊ ပိသေသပြည်ထောင်စု ပထမဆု၊ (၄) ၁၉၅၄ ခု၊ လွတ်လပ်ရေးအောင်ပွဲနေ့ ရွှေလက်ပတ်နာရီ တစ်လုံး၊ (၅) ၁၉၅၆ ခု၊ လွတ်လပ်ရေးအောင်ပွဲနေ့ ငွေကျော်ထင်ဘွဲ့၊ (၆) ဆင့်သံဂါယနာ သာသနာ ၂၅၀၀ပြည့် ငွေတံဆိပ်ဆု၊ (၇) တနင်္သာရီ သာသနာ့ရိပ်သာ အဖွဲ့မှချီးမြှင့်သော ၁၉၅၆ ခုနှစ် ငွေတံဆိပ် ရွှေကွပ်ဆုများကိုရရှိပါသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## လူအင်အားအကူအညီ ပုဂ္ဂလဆုရသူ

### ဦးအံ့နီ

ဦးအံ့နီသည် ၁၂၆၀-ခုနှစ် တပေါင်းလဆန်း ၁၀ရက် (၁၈၉၉-ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်နေ့)တွင် မြိတ်မြို့ ဆိပ်ငယ်ရပ်နေ အဘ ဦးကောင်တောင်နှင့် အမိ ဒေါ်အိမ်စာတို့မှ မွေးဖွားခဲ့ပြီး၊ရန်ကုန်မြို့ အစိုးရ အထက်တန်းကျောင်း၌ အင်္ဂလိပ်-မြန်မာ ၈-တန်းအထိ ပညာသင်ကြားခဲ့ ပါသည်။ ဦးအံ့နီသည် သတ္တုတွင်းများနှင့် ကြက်ပေါင်စေးခြံများ ပိုင်ဆိုင်သူတစ်ဦးဖြစ်သည့် အားလျော်စွာ ၎င်းလုပ်ငန်းကို ဦးစီး လုပ်ကိုင် လျက် ရှိပါသည်။ ပြည်တော်သာ လုပ်ငန်းများကို စိတ်ပါဝင်စားသဖြင့် ဆောင်ရွက် လုပ်ကိုင်ခဲ့ရာ ၁၉၅၂-၅၃ခုနှစ်တွင် ပြည်တော်သာ ပြည် ထောင်စု(ပုဂ္ဂလဆု)၌ တတိယဆုကို ရရှိခဲ့သူတစ်ဦးဖြစ်ပါသည်။

မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရပြီးသည့်နောက် ဦးအံ့နီသည် သာသနာရေး၌ လည်းကောင်း၊ ရပ်ရွာတိုးတက်ရေး၌ လည်းကောင်း၊ များစွာ စိတ်ပါဝင်စားသည့်အားလျော်စွာ မြိတ်မြို့၏ ကျက်သရေဆောင် ဖြစ်သော လေးကျွန်း ဆီမီးစေတီတော်ကြီးအသင်းကို ဖြစ်မြောက်အောင် တိုက်တွန်းတည်ထောင်ပြီး၍ ၎င်းအသင်း၌ အတွင်းရေးမှူးတစ်ဦး အဖြစ် ဆောင်ရွက် ခဲ့ လေသည်။ ၎င်းနောက် မြိတ်မြို့၌ ကျွင်းပြေမြို့ ဖြစ်သော နှစ်ကျိတ်ရှစ်ဆူ (ဗုဒ္ဓဘာသာ) အသင်းကြီး တွင်လည်း အတွင်းရေး မှူးအဖြစ် ဆောင်ရွက် လုပ်ကိုင်လျက် ရှိပါသည်။ ထိုနောက် မြိတ်မြို့၏ တိုးတက်ရာ တိုးတက်ကြောင်း ဖြစ်စေရန် မြိတ်မြို့ရေဆိပ် ကျောက်တံတား ကြီးတစ်ခုကို ဦးစီး၍ ဆောက်လုပ် ဆောင်ရွက်ခဲ့ပါသည်၊ အဆိုပါရေဆိပ် တံတားကို ၁၉၅၃ခုနှစ် မေလ ၆ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် အုတ်မြစ်ချ၍ ဦးစိန်ချောက ဖွင့်လှစ်ခဲ့ပါသည်။ မြိတ်မြို့၌ ယခင် လျှပ်စစ်ဓာတ်မီးစက်ကြီး ပျက်စီးသွားသဖြင့် မြိတ်မြို့၌ မှောင်မဲတိကျနေ သည်ကို ဦးအံ့နီကပင်ဆော်ဩ၍ သမဝါယမ လျှပ်စစ်ဓာတ်မီးအသင်းကြီး ဖြစ်မြောက် အောင်မြင်သွားသည်အထိ ဆောင်ရွက်ခဲ့ရာ ယခုအခါ မြိတ်မြို့ အတွင်း သမဝါယမ လျှပ်စစ်မီးများ အသုံးပြု ထွန်းညှိလျက် ရှိပါသည်။ ၎င်း လျှပ်စစ်အသင်း၌လည်း အတွင်းရေးမှူးအဖြစ်နှင့်ပင် ဆောင်ရွက် ခဲ့ရာ လျှပ်စစ်ဓာတ်မီးအသင်း၌ ယခုအခါ စက်ကြီးလေးလုံးရှိပြီး တန်ဖိုး ငွေ ၇,၀၀,၀၀၀ကျော် တန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအံ့နီသည် ၁၉၅၁ခုနှစ်တွင် မြိတ်မြို့ မြူနီစီပါယ်တွင် ဝင်ရောက်အရွေးခံသဖြင့် အနိုင်ရရှိသောအခါ အဆိုပါ မြူနီစီပါယ်၌ ဒုတိယဥက္ကဋ္ဌအဖြစ်နှင့် တင်မြှောက်ခြင်းခံရပြီး ၁၉၅၂ခုနှစ်နှင့် ၁၉၅၃ခုနှစ်များ၌တွင် ဥက္ကဋ္ဌအဖြစ် နှစ်နှစ်ဆက်၍ ရွေးချယ်တင်မြှောက်ခြင်းကို ခံခဲ့ရပါသည်။ ၎င်းနောက် ဦးအံ့နီသည် ၁၉၅၁–၅၂ခုနှစ်တွင် ခရိုင် ဖဆပလ အမှုဆောင်အနေဖြင့်လည်းကောင်း၊ ၁၉၅၆ခုနှစ်တွင် ဘဏ္ဍာရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက် လုပ်ကိုင်ခဲ့ပါသည်။ ထိုအချိန်က မြိတ်အရှေ့ပိုင်းမြို့နယ် ဖဆပလ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ၁၉၅၆ခုနှစ်တွင် ဖဆပလမှနေ၍ မြိတ်ခရိုင် လူမျိုးစု လွှတ်တော်အမတ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသူတစ်ဦးဖြစ်ပါသည်။

ဦးအံ့နီသည် သာသနာရေးဘက်၌ လည်းကောင်း၊ မြို့ရွာ၏ တိုးတက်ရာတိုးတက်ကြောင်းများ၌ ဆောင်ရွက် လုပ်ကိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ပြည်တော်သာ ၁၉၅၂–၅၃ ခုနှစ်တွင် ဆန္ဒ အလျောက်လုပ်ငန်းများ၊ လူအင်အားအတွက် ပြည်တော်သာဆု သုံးဆုကို ရရှိခဲ့ပါသည်။ ၎င်းဆုများမှာ တနင်္သာရီတိုင်း ပုဂ္ဂလဆုတွင် ပထမရရှိ၍ မြိတ်ခရိုင် ပုဂ္ဂလဆုတွင် ဒုတိယရရှိပြီး ပြည်ထောင်စု ပုဂ္ဂလဆုတွင် တတိယ ရရှိခဲ့ပါသည်။

ဦးအံ့နီသည် ၁၉၅၇ခုနှစ် စက်တင်ဘာ ၇ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး အိမ်တော်တွင် ကျင်းပပြုလုပ်သော ဆုနှင်းသဘင် အခမ်းအနားသို့ တက်ရောက်၍ ၁၉၅၂–၅၃ ခုနှစ် ပြည်ထောင်စုလူအင်အား ပုဂ္ဂလ တတိယဆုကို တက်ရောက်ဆွတ်ခူးခဲ့ပါသည်။

○

## ငွေအကူအညီ ပုဂ္ဂလဆုရသူ

## ဦးစစ်တွေ

၁၉၅၇ခု၊ စက်တင်ဘာလ ၇–ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး၏ အိမ်တော်၌ ကျင်းပသော ပြည်တော်သာ ဆုနှင်းသဘင် အခမ်းအနားတွင် ၁၉၅၂–၅၃ ခုနှစ်အတွက် ဆန္ဒအလျောက် ပြည်တော်သာလုပ်ငန်းအတွက် ပုဂ္ဂလဆု ၁၂–ဆုတွင် ဒုတိယဆုကို ဆွတ်ခူး ပိုင်ဆောင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်တွေသည် အဘ ဦးရွှယ်၊ အမိ ဒေါ်စိန်နှဲ့တို့မှ ၁၂၆၅ခုနှစ်တပို့တွဲလပြည့်ကျော် ၈-ရက် (၁၉၀၃ခု၊ ဖေဖော်ဝါရီလ ၈-ရက်)နေ့တွင် မြိတ်ခရိုင် ပုလောမြို့နယ် ပလရွှာဦး ဖွားမြင်၍ မွေးချင်းပေါက်ဖော် ၄ါးဦးတွင် အကြီးဆုံးသော သားဦးပင်ဖြစ်သည်။

ဦးစစ်တွေသည် ငယ်ရွယ်စဉ်က ပလရွှာ ဆရာဦးစိန်ထွန်း၏ စာသင်ကျောင်း၌ တတိယတန်းပညာ သင်ကြားနေစဉ် မိဘနှစ်ပါး ကွယ်လွန်အနိစ္စရောက်သွားသဖြင့် အသက် ၁၃နှစ်အရွယ်မှစ၍ ကျောင်းမှထွက်ကာ အသက် ၂၀ နှစ်အထိ လှေထိုးသမားအဖြစ် မောင်နှမ ၄ါးယောက်လူလားမြောက်အောင် ကျွေးမွေးလုပ်ကိုင်ခဲ့ရသည်။

၁၉၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အသက် ၂၀နှစ်ပြည့်သောအခါ စီးပွားရေးလမ်းစဉ် တစ်မျိုးပြောင်း၍ ပိဿာချိန် ၁,၀၀၀ပါ လှေတစ်စီးကို ငှားရမ်းပြီး ကုန်ရောင်းကုန်ဝယ်လုပ်ခဲ့ရာမှ ၁၀ဧကခန့်ရှိသော ကြက်ပေါင်စေးခြံကို ဝယ်ယူနိုင်သော အခြေဖြစ်ပြီး ထပ်မံ၍ ဆားဖိုတစ်ဖိုကို ဝယ်ယူတိုး၍ လုပ်ကိုင်နိုင်သည်အထိ စီးပွားရေး တိုးတက် ဖြစ်ထွန်းခဲ့ပါသည်။

ဦးစစ်တွေသည် ၎င်း၏ စီးပွားရေးတွင်မကဘဲ ဒေသနေ လူတန်းစားတို့၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ဆောင်ရွက်ပေးလိုသည့်ဆန္ဒ ပြင်းပြလျက်ရှိရာ နိုင်ငံတော်အစိုးရက ပြည်တော်သာ စီမံကိန်းများချမှတ်ပေးသည့်အချိန်တွင် ပလရွာ၌ အလယ်တန်းကျောင်း တစ်ဆောင်ဆောက်လုပ်ရန် သက်ဆိုင်ရာ ပြည်တော်သာအဖွဲ့ဝင်များအား သွားရောက်တိုက်တွန်းနှိုးဆော်ကာ ငွေ ၃၀,၀၀၀တန် အလယ်တန်းကျောင်း တစ်ဆောင်ကို ပလရွာလယ်တွင် ကိုယ်တိုင်ဦးဆောင်၍ နိုင်ငံတော်အစိုးရထံမှ ပြည်တော်သာငွေ ၁၀,၀၀၀ မျှတည် ယူကာ ၎င်းက ငွေ ၂၀,၀၀၀ စိုက်ထုတ်လှူဒါန်း ဆောက်တည် ခဲ့ပါသည်။ ထို့ပြင် ပလရွာကင်းရပ်၌ မူလတန်းကျောင်းတစ်ဆောင် လိုလားသဖြင့် ၎င်း ဦးစစ်တွေကပင် ငွေ ၅,၀၀၀ စိုက်ထုတ်ကာ လှူဒါန်းခဲ့ပါသည်။

ဦးစစ်တွေသည် ဤမျှနှင့် မတင်းတိမ်သေးဘဲ ပလကင်းရပ် ရေဆိပ်တွင် ငွေ ၁,၆၀၀ကုန် ရေဆိပ်တံတား လှူဒါန်းထားသေးသည်။ ၎င်းပြင် လေးဧကရှိသော မြေကွက်တစ်ခုကို ဝယ်ယူ၍ ကျောင်းကစားကွင်းအဖြစ် လှူဒါန်းခဲ့ရာ ယခုအခါ ၎င်းမြေကွက်ကို လူထုလုပ်အား အကူအညီဖြင့် ပြုပြင်ဆောင်ရွက် လုပ်ကိုင်လျက်ရှိနေခြင်းဖြင့် လည်းကောင်း၊ ငွေ ၈၀၀ မျှတည်ကာ လူထုအကူအညီဖြင့် ငွေ ၂,၀၀၀တန် စာကြည့်တိုက် တစ်ဆောင်ကိုလည်းကောင်း ဦးဆောင်၍ ဆောက်တည် လုပ်ကိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လူထုအကျိုးကို ရည်မျှော်ကာ စေတနာ ထက်သန်ခဲ့သော ဦးစစ်တွေသည် အထက်ဖော်ပြပါ ပြည်ထောင်စု ပုဂ္ဂလ ဒုတိယဆုတင်မက ၁၉၅၂-၅၃ ခုနှစ်တွင် ဆန္ဒအလျောက် လုပ်ငန်းများတွင် ပြည်တော်သာ တိုင်း ပုဂ္ဂလ ပထမဆု၊ ခရိုင် ပုဂ္ဂလ ဒုတိယဆုနှင့် ၁၉၅၃-၅၄ခုနှစ်ခရိုင် ပုဂ္ဂလ ဒုတိယဆုများကို ရရှိခဲ့သည်။

○

## အကြံကောင်း ဉာဏ်ကောင်း ပုဂ္ဂလဆုရသူ

### ဦးလွန်းခေ

မြိတ်ခရိုင် ပုလော်မြို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အဘ (အငြိမ်း စားဌာနအုပ်)ဦးဘိုးမြိုင်၊ အမိ ဒေါ်မေတို့၏သား ဦးလွန်းဧေသည် ပုလော မြို့တွင် ၁၂၆၆-ခု၊ တပို့တွဲလပြည့်ကျော် ၁၃ရက် (၁၉၀၅ ခု၊ မတ်လ ၄ရက်) သောကြာနေ့၌ မွေးဖွားပါသည်။

ဦးလွန်းဧေသည် ၁၉၅၀ ခုနှစ်တွင် လေညာရွာသို့ ယိုးဒယား လူဆိုးများ ဝင်ရောက်စီးနင်းတိုက်ခိုက်စဉ်အခါက မြိတ်မြို့ ဈေးတန်းရပ်သို့ ခေတ္တပြောင်းရွှေ့ နေထိုင်ကြ၍ နိုင်ငံတော်အစိုးရ တပ်မတော်မှ လေညာ ရွာအား ပြန်လည်သိမ်းပိုက်သောအခါ အဆိုပါ တပ်မတော်နှင့် အတူ ဦးလွန်းခေနှင့် သားအကြီးပါ လိုက်ပါသွားပြီး ယိုးဒယား လူဆိုးများ အား လိုက်လံနှိမ်နင်း တိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ပွဲ၌ ဦးလွန်းဧေ၏ သားကြီးသည် ယိုးဒယားလူဆိုးတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ပါသည်။

ယိုးဒယားလူဆိုးများသည် လေညာရွာတစ်ဝိုက်နှင့် ယခု ရတနာပုံ သတ္တုတွင်း ပြုလုပ်နေသည့် နယ်မြင်းနယ်များမှ ဆုတ်ခွာ ထွက်ပြေးသွား ကြသောအခါ ဦးလွန်းဧေသည် တပ်မတော်၏ အကူအညီဖြင့် မြန်မာပိုင် ယိုးဒယားရွာများသို့ လှည့်လည်၍ လူဆိုးများ လက်နက်ချ၍ အေးဆေး စွာ လုပ်ကိုင်စားသောက် နေထိုင်ကြရန် ရွာသူရွာသားများအား တရား ဟောပြော ဆောင်ရွက်ခဲ့ရာ ယိုးဒယားများသည် လျှို့ဝှက်ထားသော လက်နက်များကို ယူလာ၍ တပ်မတော်၌ လက်နက်ချကြပါသည်။ ထိုသို့ လက်နက်များချရာ၌(လက်လုပ်လက်နက် မဟုတ်သော) လက်နက်ပေါင်း ၄၁လက်ကို ကောင်းမွန်စွာပင် ရရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ လေညာ့ရွာ၌ ရှေးယခင်ကပင် ယိုးဒယား လူမျိုးများသည် အခြားလူမျိုးများထက် များပြားစွာ လုပ်ကိုင် စားသောက်နေထိုင်ကြပါသဖြင့် ရပ်ရွာသူကြီးများအဖြစ် ယိုးဒယားလူမျိုးများအား အဆက်ဆက်ခန့်ထား အုပ်ချုပ်စေခဲ့ပါသည်။ သို့သော် ယိုးဒယား လူဆိုးများကို တပ်မတော်မှ နှိမ်နင်းပြီးနောက် ယိုးဒယားများနှင့် အရင်းနှီးဆုံးပုဂ္ဂိုလ်အား သူကြီးရွေးကောက်ရာ ဦးလွန်းဖေသည် မြန်မာလူမျိုးများ အထဲမှ ပထမဦးစွာ လေညာ့ရွာ၌ သူကြီးဖြစ်ပါသည်။ ၁၉၅၃ ခုနှစ်မှ စတင်၍ သူကြီး အဖြစ် လုပ်ကိုင်ဆောင်ရွက်ရာ လေးနှစ် တိုင်တိုင် သူကြီးအဖြစ်နှင့် လေညာ့ရွာကို အုပ်ချုပ်လျက် ရှိပါသည်။ ၎င်းသူကြီး အုပ်ချုပ်နေသော လေညာ့ရွာသည် အိမ်ခြေပေါင်း ၃၆၀ ကျော်ရှိ၍ လူဦးရေအားဖြင့် ဂ၆၃ ယောက် ရှိပါသည်။ ၎င်းနောက် လေညာ့ရွာတစ်ပိုက်ရှိ သူကြီးပေါင်း ဂ-နေရာရှိရာတွင် ၎င်း ဂ-နေရာရှိ သူကြီး အားလုံးက လေညာ့ရွာသူကြီး ဦးလွန်းဖေအား ၎င်းတို့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေ၍ ၎င်းတို့ကျေးရွာ တိုးတက်ရေး၊ အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အမှုအခင်း ကြီးငယ်များကို တိုင်ပင်၍ စီမံအုပ်ချုပ်လျက်ရှိပါသည်။

ဦးလွန်းဖေသည် လေညာ့သူကြီးအဖြစ် တာဝန် ဝတ္တရားများကို လွှဲပြောင်းယူပြီးနောက် ၎င်းအုပ်ချုပ်သော ကျေးရွာတစ်ပိုက် တိုးတက်စေရန် ပြည်တော်သာ လုပ်ငန်းများကို အကောင်အထည် ဖော်ရာ၌ လူအင်အားအကူအညီ၊ အကြံကောင်းဉာဏ်ကောင်း ပေးခြင်းအားဖြင့် လုပ်ကိုင်ခဲ့ရာ ၁၉၅၃-၅၄ ခုနှစ်တွင် လေညာ့ရွာ၌ မူလတန်းကျောင်း တစ်ဆောင်ကို ဆောက်လုပ်ပြီးသည့်ပြင် လေညာ့ရွာ တံတားကိုလည်း ဆောက်လုပ်ခဲ့ပါသည်။

ထိုနှစ်မှာပင် အကြံကောင်း ဉာဏ်ကောင်း ခရိုင်ပုဂ္ဂလဆု ပထမ တစ်ဆုနှင့် တတိယဆုရရှိပြီး ပစ္စည်းအကူအညီမှု နယ်ပုဂ္ဂလဆု ပထမ တစ်ဆု ပေါင်း သုံးဆု ရရှိပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အိမ်စောင့်အစိုးရနှင့် အထွေထွေရွေးကောက်ပွဲ

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကွယ်လွန်ခဲ့ပြီးနောက် ဦးနု၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ပူးပေါင်းဦးစီးသည့် ဖဆပလအဖွဲ့ချုပ်ကြီးမှာ သက်တမ်း(၁၀)နှစ်တာ ကာလအတွင်း သန့်ရှင်းဖဆပလနှင့် တည်မြဲဖဆပလဟူ၍ နှစ်ပိုင်းကွဲထွက်သွားလေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် ၂၆-၉-၅၈ ရက်နေ့တွင် မြန်မာ့အသံမှနေ၍ တစ်နိုင်ငံလုံးသို့ မိန့်ခွန်းတစ်ရပ် ပြောကြား၊ အသံလွှင့်ခဲ့သည်။

ထိုသည်နှင့်အမျှ ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ်ဖြင့် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းကာ ၁၉၅၉ ခုနှစ် ဧပြီလမကုန်မီ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်စေရန် လိုအပ်သည်များ ဆောင်ရွက်ပေးရန် သန့်ရှင်းဖဆပလ ဗဟိုကော်မတီက အထူးလိုလားလျက်ရှိကြောင်း ပါရှိသည့် စာတစ်စောင်ကို ဗိုလ်ချုပ်ကြီးနေဝင်းထံ ရေးသားပေးပို့ခဲ့လေသည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရက ၂၈-၁၀-၅၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကိုယူလျက် လု

www.burmeseclassic.com



လပ်၍ တရားမျှတသော အတွေ့တွေ့ ရွေးကောက်ပွဲကြီး ကို ၆-၂-၆၀ ရက်နေ့တွင် ပြုလုပ်ပေးခဲ့လေသည်။

မြိတ်ခရိုင်တွင် ပြည်သူ့လွှတ်တော် အတွက် မဲဆန္ဒနယ်ကို
မြိတ်အရှေ့မဲဆန္ဒနယ်၊
မြိတ်မြောက်ပိုင်းမဲဆန္ဒနယ်နှင့်
မြိတ်တောင်ပိုင်း မဲဆန္ဒနယ်
ဟူ၍သုံးနေရာခွဲခြား သတ်မှတ်ပြီး ရွေးကောက်တင်မြောက်ရာတွင်-
မြိတ်အရှေ့မဲဆန္ဒနယ်တွင်-
တည်မြဲဖဆပလမှ ဦးဘထွန်း၊
သန့်ရှင်းဖဆပလမှ ဦးလှသင်၊
ပမညတမှ နိုင်လ်တွန်းစိန်တို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် အနက် သန့်ရှင်းဖဆပလမှ ဦးလှသင်က အနိုင်ရရှိခဲ့သည်။
မြိတ်မြောက်ပိုင်း မဲဆန္ဒနယ်တွင်-
တည်မြဲဖဆပလမှ ဦးဘီးရှိန်၊
သန့်ရှင်းဖဆပလမှ ဦးမောင်မောင်၊
တစ်သီးပုဂ္ဂလ ဦးကြည်တင်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အနက် တည်မြဲဖဆပလမှ ဦးဘီးရှိန်က အနိုင်ရရှိခဲ့သည်။
မြိတ်တောင်ပိုင်း မဲဆန္ဒနယ်တွင်-
တည်မြဲဖဆပလမှ ဦးကျော်အေး၊
သန့်ရှင်းဖဆပလမှ ဦးရွှေကြာတို့ ဝင်ရောက် ယှဉ်ပြိုင် ကြသည့် အနက် သန့်ရှင်းဖဆပလမှ ဦးရွှေကြာက အနိုင်ရရှိခဲ့သည်။
အလားတူပင် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ရာ-
တည်မြဲဖဆပလမှ ဦးဘပေါ၊
သန့်ရှင်းဖဆပလမှ ဦးကြင်ဇ၊
ပမညတမှ ဦးကြစ်မလှိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အနက် တည်မြဲဖဆပလ ဦးဘပေါက အနိုင်ရရှိခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ကျင်းပသည့် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အမတ်ဦးရေ အားလုံးလိုလိုရပြီး အစိုးရဖြစ်လာသော ဦးနုအစိုးရသည် ၁၉၆၀ပြည့်နှစ်တွင် ပြည်ထောင်စု ပါတီဟူသော အမည်ဖြင့် ကြိုးပမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြဿနာ မျိုးစုံတို့ကို ရင်ဆိုင်လာရပြန်ကာ မိမိအဖွဲ့အတွင်း ဦး၊ ဗိုလ်၊ သခင်ဟူ၍ ကွဲကြပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## တော်လှန်ရေးကောင်စီနှင့် နောက်ပိုင်းအခြေအနေများ

နောက်ဆုံးတွင် ယိုယွင်းလာသော ပြည်ထောင်စုကြီး၏ အခြေအနေကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့တွင် ထိန်းသိမ်းလိုက်ရပြန်လေတော့သည်။

တော်လှန်ရေးကောင်စီသည် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကို ဖွဲ့စည်းခဲ့ရာ ၂၉-၃-၆၂ ရက်နေ့တွင် မြိတ်ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများကို ဖွဲ့စည်းခဲ့သည်။

၃၀-၃-၆၂ ရက်နေ့တွင် တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းကြည်နှင့် အဖွဲ့ဝင်များ မြိတ်မြို့သို့ ရောက်ရှိလာကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံကာ တော်လှန်ရေးကောင်စီ၏ ဝါဒနှင့် စည်းမျဉ်းများကို ရှင်းလင်း ညွှန်ကြား သွားလေသည်။

ထိုစဉ်က ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းခဲ့လေသည်။

### မြိတ်ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး ဇေယျကျော်ထင်ထွန်းနောင် | | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်မောင်(၁) | ခရိုင်ဝန်(မြိတ်) | အဖွဲ့ဝင် |
| ၃။ | ဦးညဏ်လွင် | ခရိုင်ဝန်(မြိတ်) | ။ |
| ၄။ | ဒု-ဗိုလ်စိုးဟန် | အမှတ်(၂)ပြည်စောင့်ရဲတပ် | အတွင်းရေးမှူး |

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
(မြိတ်အရှေ့မြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးဘရှိန် | မြို့ပိုင် | ဥက္ကဋ္ဌ |
| ၂။ | ဒု-ဗိုလ်အောင်စောလှ | အမှတ်(၂)ပြည်စောင့်ရဲတပ် | အဖွဲ့ဝင် |
| ၃။ | ဦးပေါ်ဝက် | ရဲမှူး | ။ |
| ၄။ | ဦးမောင်တင် | လက်ထောက်မြို့ပိုင် | အတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
### (မြိတ်အနောက်မြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးဌေးညွန့် | နယ်ပိုင်(မြိတ်) | ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်ကြီးတင်အေး | အမှတ်(၂)ပြည်စောင့်ရဲတပ် | အဖွဲ့ဝင် |
| ၃။ | ဦးရွှေသိုင်း | ရဲဝန်ထောက် | ။ |
| ၄။ | ဦးကျော်အေး | အလုပ်သင်မြို့ပိုင် | အတွင်းရေးမှူး |

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
### (ပလောမြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးကျော်လွင် | မြို့ပိုင် | ဥက္ကဋ္ဌ |
| ၂။ | ဒု-ဗိုလ်သောင်းညွန့် | အမှတ်(၂)ပြည်စောင့်ရဲတပ် | အဖွဲ့ဝင် |
| ၃။ | ဦးစောညွန့် | ရဲမှူး | ။ |
| ၄။ | ဦးအောင်မြိုင် | လက်ထောက်မြို့ပိုင် | အတွင်းရေးမှူး |

BURMESE CLASSIC .com

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
### (တနင်္သာရီမြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးဘညွန့် | မြို့ပိုင် | ဥက္ကဋ္ဌ |
| ၂။ | ဒု-ဗိုလ်သန်းစိန် | အမှတ်(၂)ပြည်စောင့်ရဲတပ် | အဖွဲ့ဝင် |
| ၃။ | ဦးသိန်းအောင် | ရဲမှူး | ။ |
| ၄။ | ဦးစံသိန်း | လက်ထောက်မြို့ပိုင် | အတွင်းရေးမှူး |

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
### (ဘုတ်ပြင်းမြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းရီ | မြို့ပိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင် | ရဲဌာနအုပ် | အဖွဲ့ဝင် |
| ၃။ | ဦးထွန်းဝင်း | လူဝင်မှုကြီးကြပ်ရေးအရာရှိ | အတွင်းရေးမှူး |

### မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ
### (ကော့သောင်းမြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဦးလှတင် | နယ်ပိုင်ဝန်ထောက် | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းမြင့် | ရဲဌာနအုပ် | အဖွဲ့ဝင် |
| ၃။ | ဦးမြ | ရဲမှူး | အတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



မြိတ်ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသည် ၁၉၆၇ ခုနှစ် အတွင်း ခရိုင်၊ မြို့မ၊ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

မြိတ်ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဒုတိယ ဗိုလ်မှူးကြီး မင်းလွင် | တင်ရင်းမှူး(ရတရ-၁) | ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူး ခင်မောင် | ဒု ။ | အဖွဲ့ဝင် |
| ၃။ | ဦးအယ်မောင် | ခရိုင်ဝန် | ။ |
| ၄။ | ဦးစံ | ကြီးကြပ်ရေးမှူး-ရဲ | ။ |
| ၅။ | ဗိုလ်ကြီး တင်ဝင်း | တပ်ခွဲမှူး(ရတရ-၁) | အတွင်းရေးမှူး |

BURMESE CLASSIC .com

မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ကြီး ဟန်ထွန်းအောင် | ဗလက | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ဦး | မြို့မဂန်ဒကောက်ကြီး | အဖွဲ့ဝင် |
| ၃။ | ဦးတင်အောင် | ဒု-ကြီးကြပ်ရေးမှူး-ရဲ | ။ |
| ၄။ | ဦးသန်းမြင့် | သမဝါယမဌာန | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဦးတင်မြင့် | ခရိုင်မီးသတ်တာဝန်ခံ | အတွင်းရေးမှူး |

မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ (မြိတ် အရှေ့မြို့နယ်)

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ကြီးဟန်ထွန်းအောင် | ဗလက | ဥက္ကဋ္ဌ |
| ၂။ | ဦးဇော်ဝင်း | နယ်ပိုင်ဝန်ထောက် | အဖွဲ့ဝင် |
| ၃။ | ဦးခင်စိုး | မြို့ပိုင် | ။ |
| ၄။ | ဦးအောင်သိန်း | လုံခြုံရေးမှူး | ။ |
| ၅။ | ဦးစိုးလွင် | သမဝါယမဌာန | ။ |
| ၆။ | ဦးတင်အုန်း | အမျိုးသားမှတ်ပုံတင်ဌာန | အတွင်းရေးမှူး |

လုပ်သားပြည်သူတို့၏အကျိုးကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်ရန်နှင့် ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရား တပ်ဆင်ရေးအတွက် အရန်သင့်ဖြစ်စေရန် တော်လှန်ရေးကောင်စီသည်(၁၅-၃-၇၂)ရက်နေ့တွင် အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းပြီး ဆိုရှယ်လစ် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သစ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဤသို့ ထုတ်ပြန်ရာတွင် ဗျူရိုကရေစီ ယန္တရား၏ အခြေခံဖြစ်သည့် အတွင်းဝန်များကို ရုပ်သိမ်းခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ဝန်ကြီးဌာနများကိုပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းခဲ့သည့်အပြင် အစိုးရ၏ အုပ်ချုပ်ပုံ စနစ်များကိုသည်း အသစ် ပြုပြင်ခဲ့သည်။ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ အဆင့်ဆင့်ကိုလည်း ပြုပြင်ဖွဲ့စည်းခဲ့သည်။

မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများကို ၁-၈-၇၂ ရက်နေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကိုယ်စားလှယ်၊ ပြည်သူ့တောင်သူလယ်သမားကောင်စီ ကိုယ်စားလှယ်၊ ပြည်သူ့ အလုပ်သမားကောင်စီ ကိုယ်စားလှယ်များဖြင့် အလုပ်အမှုဆောင် ကော်မတီဝင်များ ဖွဲ့စည်းခဲ့ရာ မြိတ်အရှေ့မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

| | | |
|---|---|---|
| ၁။ | ဦးလေးကြည် | ဥက္ကဋ္ဌ |
| ၂။ | ဦးကျော်မင်း | အဖွဲ့ဝင် |
| ၃။ | ဦးစိုးမြင့် | ။ |
| ၄။ | ဦးသောင်းရွှေ | ။ |
| ၅။ | ဦးအုန်းရှိန် | အတွင်းရေးမှူး |

တို့ ဖြစ်ကြသည်။ သို့သော် တစ်နှစ်နီးပါးခန့် ကြာသောအခါ ဥက္ကဋ္ဌ ဦးလေးကြည်၏နေရာတွင် ဗိုလ်မှူး ကျော်ဆန်းအား လည်းကောင်း၊ အတွင်းရေးမှူး ဦးအုန်းရှိန်၏နေရာတွင် ဦးဘွန့်ညွှန့်အားလည်းကောင်း ပြောင်းလဲ အစားထိုး တာဝန်ပေးခဲ့သည်၊

ခရိုင်အဆင့် ခရိုင်ဝန်ရုံးနှင့် ဇရိုင်ခွဲ အဆင့် နယ်ပိုင်ရုံးများကို ၇-၈-၇၂ ရက်နေ့တွင် အပြီးတိုင် ရုပ်သိမ်းခဲ့ပြီးဖြစ်ရာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်းတွင် မြိတ်ခရိုင်ကို ကြီးကြပ်အုပ်ချုပ်ခဲ့ကြသည့် ခရိုင်ဝန်များနှင့် ၎င်းတို့ အုပ်ချုပ်ခဲ့ကြသည့် အချိန်ကာလကိုအောက်ပါအတိုင်း တွေ့ရှိနိုင်လေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး အပြီး
အုပ်ချုပ်ခဲ့သော
မြိတ်ခရိုင်ဝန်များ

| | | | | |
|---|---|---|---|---|
| ၁။ | ကပ်ဒေါ့အမဘာရီ | ၁- ၁-၄၆ | မှ | ၁၇-၈-[illegible] |
| ၂။ | ဦးသွန်းသောင်း | ၁၈- ၈-၄၇ | မှ | ၃၁-[illegible]-၄၇ |
| ၃။ | ဦးသိ | ၁-၁၁-၄၇ | မှ | [illegible]-၂-၄၈ |
| ၄။ | ဦးနန်းညွှန့် | ၄-၁၂-၄၈ | မှ | [illegible]- ၂-၅၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၅။ | ဦးဒွေး | ၃- ၂-၅၀ | မှ | ၁၄- ၉-၅၁ |
| ၆။ | ဦးတင်ဘိုး | ၁၅- ၉-၅၁ | မှ | ၁၀- ၂-၅၂ |
| ၇။ | ဦးထွန်းဖေ | ၁၁- ၂-၅၂ | မှ | ၃၀-၁၁-၅၂ |
| ၈။ | ဦးချစ်ခိုင် | ၁-၁၂-၅၂ | မှ | ၁၇- ၅-၅၃ |
| ၉။ | ဦးညိုပု | ၁၈- ၅-၅၃ | မှ | ၂၀- ၅-၅၄ |
| ၁၀။ | ဦးချစ်ခိုင် | ၂၁-၁၀-၅၄ | မှ | ၁၆-၁၁-၅၄ |
| ၁၁။ | ဦးမြခင် | ၁၇-၁၁-၅၄ | မှ | ၁၀- ၈-၅၆ |
| ၁၂။ | ဦးကျော်ဘင် | ၁၁- ၇-၅၆ | မှ | ၁၀- ၈-၅၆ |
| ၁၃။ | ဦးခင်ဝ | ၂၅- ၈-၅၆ | မှ | ၁၂-၁၀-၅၇ |
| ၁၄။ | ဦးသန်းဖေ | ၁၃-၁၀-၅၇ | မှ | ၃၁-၁၀-၅၇ |
| ၁၅။ | ဦးဘရှင် | ၁-၁၁-၅၇ | မှ | ၂၄- ၄-၆၀ |
| ၁၆။ | ဦးတင်မောင်(၁) | ၂၅- ၄-၆၀ | မှ | ၄- ၈-၆၃ |
| ၁၇။ | ဦးတင်ဦး(၆) | ၇- ၈-၆၃ | မှ | ၁၅- ၉-၆၃ |
| ၁၈။ | ဦးမောင်မောင်(၅) | ၁၆- ၉-၆၃ | မှ | ၂၇-၁၀-၆၅ |
| ၁၉။ | ဦးဆယ်မောင် | ၂၈-၁၀-၆၅ | မှ | ၁- ၇-၆၈ |
| ၂၀။ | ဦးဝင်းဖေ | ၂- ၇-၆၈ | မှ | ၃၁-၁၂-၆၈ |
| ၂၁။ | ဦးဘသိန်း | ၃၁-၁၂-၆၈ | မှ | ၂၉- ၁-၆၉ |
| ၂၂။ | ဦးတင်ထွဋ် | ၃၀- ၁-၆၉ | မှ | ၇- ၈-၇၂ |

(ကြားကာလအတွင်း မြို့ပြန်ဆောင်ကြီး ဦးအောင်ခင်က ခေတ္တတာဝန် ဆက်သွားသည်။

## ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် တာဝန်ယူခဲ့သူများ

၁၉၇၃ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ အတွင်း ကျင်းပခဲ့သည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူတို့က ထောက်ခံ ဆန္ဒပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းပွဲစည်းပုံ အခြေခံဥပဒေနှင့်အညီ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယအကြိမ် ပါတီညီလာခံက ချမှတ်ခဲ့သည့် ရွေးလုပ်ငန်းစဉ် နှစ်ရပ်အနက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ အောင်မြင်စွာကျင်းပ၍ ဆိုရှယ်လစ်ဒီမိုကရေစီ ယန္တရားကို ပီပြင်စွာ အကောင်အထည်ဖော်သွားရမည်ဖြစ်ရာ မြိတ် အရှေ့မြို့နယ် ပြည်သူ့ကောင်စီ အာဏာပိုင်အဖွဲ့အစည်း သုံးရပ်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို အောက်ပါအတိုင်း သက်တမ်းအလိုက် ရွေးချယ်ခဲ့ကြသည်။

## ပထမလေးနှစ်သက်တမ်း

## (၁၉၃၄-၃၈)

## မြိတ်အရှေ့မြို့နယ်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

၁။ ဦးအုန်းစိန်
(မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်၁)

၂။ ဦးကျော်စိန်
(မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် [illegible])

(ဦးကျော်စိန်မှာ ပထမ လေးနှစ်သက်တမ်းအတွင်း [illegible] တိုင်းမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နိုင်ငံတော် [illegible]ကောင်စီဝင် ဗိုလ်မှူးကြီးကျော်ဝင်း ကွယ်လွန်ခဲ့သဖြင့် ယင်းနေရာ[illegible] နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။)

www.burmeseclassic.com

www.burmeseclassic.com



မြိတ်အရှေ့မြို့နယ်

အာဏာပိုင်အဖွဲ့အစည်းသုံးရပ်

(က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်များ

| | | |
|---|---|---|
| ၁။ | ဦးအေးမောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးထက်ရွှေ | အဖွဲ့ဝင် |
| ၃။ | ဦးစိုးမင်း | ။ |
| ၄။ | ဦးကြင်ညွန့် | ။ |
| ၅။ | ဦး အင်ဟုတ် | ။ |
| ၆။ | ဦးမြမောင် | ။ |
| ၇။ | ဦးဘွန်ကြည် | အတွင်းရေးမှူး |

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးကောင်းသိန်း | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်သန်းရွှေ | အဖွဲ့ဝင် |
| ၃။ | ဦးညာဏ်ဖွေ | ။ |

(ဂ) မြို့နယ်လုပ်ငန်းစစ်ဆေးရေး

| | | |
|---|---|---|
| ၁။ | ဦးမောင်ကြီး | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်သန်း | အဖွဲ့ဝင် |
| ၃။ | ဦးချင်မို | ။ |

တို့ ဖြစ်ကြလေသည်။

သက်တမ်းမပြည့်မီ မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးအေးမောင် ကွယ်လွန်ခဲ့ရာ သက်တမ်းကုန်ဆုံးချိန်အထိ အတွင်းရေးမှူး ဦးဘွန်ကြည်က ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ခဲ့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယလေးနှစ်သက်တမ်း

## (၁၉၇၈-၈၂)

မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

၁။ ဦးတင်ဖွန်း
(မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၁)

၂။ ဦးကျော်စိန်
(မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂)

မြိတ်အရှေ့မြို့နယ် အာဏာပိုင်အဖွဲ့အစည်းသုံးရပ်

(က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်များ

| | | |
|---|---|---|
| ၁။ | ဦးဘဂွပ် | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သန်း | အဖွဲ့ဝင် |
| ၃။ | ဦးမြမောင် | ။ |
| ၄။ | ဦးကြီးတင် | ။ |
| ၅။ | ဦးကြင်ဇာမောင် | ။ |
| ၆။ | ဦးကျော်နိုင်မိုး | ။ |
| ၇။ | ဦးခင်ကြွေ | အတွင်းရေးမှူး |

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးရွှေမြိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးအေးသွင် | အဖွဲ့ဝင် |
| ၃။ | ဦးညာဏ်ဖေ | ။ |

(ဂ) မြို့နယ်လုပ်ငန်းစစ်ဆေးရေး

| | | |
|---|---|---|
| ၁။ | ဦးအောင်သိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးကြူရှင် | အဖွဲ့ဝင် |
| ၃။ | ဦးဘခက် | ။ |



www.burmeseclassic.com

www.burmeseclassic.com

## တတိယလေးနှစ် သက်တမ်း

(၁၉၈၂–၈၆)

ဗြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

၁။ ဦးတင်ထွန်း
(ဗြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၁)

၂။ ဦးကျော်စိန်
(ဗြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂)

ဗြိတ်အရှေ့မြို့နယ် အာဏာပိုင်အဖွဲ့အစည်း သုံးရပ်

(က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်များ

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူး အုန်းမောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးမြမောင် | အဖွဲ့ဝင် |
| ၃။ | ဒု-ဒ.ရဲဝိုလ် ဝင်းမောင် | ။ |
| ၄။ | ဦးအေးသွင် | ။ |
| ၅။ | ဦးကြင်ညွန့် | ။ |
| ၆။ | ဦးကြူရှင် | ။ |
| ၇။ | ဦးခင်ကြွေ | အတွင်းရေးမှူး |

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးအောင်သိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးငေ်မောင်လေး | အဖွဲ့ဝင် |
| ၃။ | ဦးကြီးတင် | ။ |

(ဂ) မြို့နယ်လုပ်ငန်းစစ်ဆေးရေး

| | | |
|---|---|---|
| ၁။ | ဦးကြင်ဇမောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးဘကော် | အဖွဲ့ဝင် |
| ၃။ | ဦးချစ်ငွေ | ။ |



www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထ လေးနှစ်သက်တမ်း

(၁၉၇၆—၈၀)

မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

၁။ ဦးတင်ဝှန်း
(မြိတ်အရှေ့မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၁)

၂။ ဗိုလ်မှူးကြီး သန်းမြင့်(ရေ)
(မြိတ်အရှေ့မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂)

မြိတ်အရှေ့မြို့နယ် အာဏာပိုင်အဖွဲ့အစည်း သုံးရပ်

(က) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင် များ

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး တင်မြင့် | ဥက္ကဋ္ဌ |
| ၂။ | ဦးမြမောင် | အဖွဲ့ဝင် |
| ၃။ | ဦးအေးသွင် | " |
| ၄။ | ဦးကြွင်ညွှန့် | " |
| ၅။ | ဦးကြူရှင် | " |
| ၆။ | ဦးမောင်မောင်လေး | " |
| ၇။ | ဦးခင်ကြွေ | အတွင်းရေးမှူး |

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဗိုလ်ကြီး သိန်းမောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်လေး | အဖွဲ့ဝင် |
| ၃။ | ဦးလှအေး | " |

(ဂ) မြို့နယ်လုပ်ငန်းစစ်ဆေးရေး

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူး ဘလှ | ဥက္ကဋ္ဌ |
| ၂။ | ဦးဘခက် | အဖွဲ့ဝင် |
| ၃။ | ဦးချစ်ငွေ | " |

○

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတင်ဖွဲ့စည်းခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဘက်ဘက်မှ ယိုယွင်း၍ အဆိုးရွားသော အခြေအနေသို့ ရောက်ရှိလာသဖြင့် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၂ရက် နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံကို တိုင်းသိမ်း စောင့်ရှောက်ခဲ့ရသည်။ ထို့နောက် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော ဆိုရှယ်လစ် ရည်မှန်းချက်များကို အခြေခံသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို တပ်မတော် တပ်မှူးများ ညီလာခံတွင် ပြဋ္ဌာန်း၍ ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (အမြုတေပါတီ)၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြေညာပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို စတင် တည်ထောင်သည်။

ထို့နောက် လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ကိုးနှစ်တိုင်တိုင် စည်းရုံး ဖွဲ့စည်း ပျိုးထောင်လာခဲ့သည်မှာ ဗဟိုဦးစီးစနစ် အခြေပြုသော အမြုတေပါတီဖြစ်လာ မြိတ်မြို့တွင် ၁၉၆၄ ခုနှစ်၌ စတင်ခဲ့ပါသည်။

မြိတ်မြို့နယ် ပါတီစည်းရုံးရေး ကော်မတီတွင် ဦးစုဒ ဗိုလ်မှူး မြင့်လှိုင်၊ တင်ကြုပ်စံဝင်း၊ တပ်ကြပ် စောချစ်မောင်၊ ဦးညိုမောင်နှင့် ဦးမြင့်ရှင်တို့ဖြစ်ပြီး ဗိုလ်မှူး မြင့်လှိုင် ပြောင်းရွှေ့သွားပြီးနောက် ဗိုလ်မှူး ကြည်က ခေတ္တ တာဝန်ယူခဲ့သည်။

ထို့နောက် ဆက်လက်၍ ပါတီစည်းရုံးရေးကော်မတီများအဖြစ်....

| | | |
|---|---|---|
| ၁။ | ဗိုလ်ကြီး သန်းဝင်း | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းထွန်း | အတွင်းရေးမှူး |
| ၃။ | ဦးစိုးရှင် | |
| ၄။ | ဦးအေးသောင် | |
| ၅။ | ဦးဖေကြွယ် | |
| ၆။ | ဦးသာထူးအုံ | |
| ၇။ | ဦးဘကြွယ် တို့ကလည်းကောင်း၊ ထို့နောက်- | |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁။ ဗိုလ်ကြီးသန်းယု | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်ကြီး စိုးမောင် | အတွင်းရေးမှူး |
| ၃။ ဦးအေးဘောင် | |
| ၄။ ဦးသာထူးဆုံ | |

| | |
|---|---|
| ၁။ ဗိုလ်ကြီး သာညွှန့် | ဥက္ကဋ္ဌ |
| ၂။ ဦးညက်ရှိန် | အတွင်းရေးမှူး |

တို့ ပါဝင်ခဲ့လေသည်။

အမြဲတမ်းပါတီမှတစ်ဆင့် ဒီမိုကရေစီ ဗဟို ဦးစီးဗန်စ် အခြေခံသော ပြည်သူ့ပါတီအဖြစ် ကူးပြောင်းသွားရန် ပထမဆုံးအကြိမ်မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ မြို့နယ် ပါတီယူနစ် မျက်နှာစုံညီ အစည်းအဝေးကို ၁၃၃၂ ခုနှစ် နယုန်လဆန်း ဖြစ်ရက်နေ့တွင် အမှတ်(၃) အစိုးရ အထက်တန်းကျောင်း၌ ပြုလုပ်ရာ ပါတီညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စန်းယုနှင့် အဖွဲ့ဝင်များ ဖြစ်ကြသော ပါတီ ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းစိန်၊ ဒုတိယ ဗိုလ်မှူးကြီး ထွန်းလင်း၊ ဦးသန်းခေွ၊ တိုင်းမှူး ဗိုလ်မှူးကြီး တင့်ဆွေ၊ ပါတီတိုင်း ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ငြိမ်းတို့ကြွရောက်ကြသည်။ အဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီး ဝှနေမောင်းကြီးကြပ်ခရ ဥက္ကဋ္ဌ ဗိုလ်ကြီးထောင်နှင် တို့က မိန့်ခွန်း ပေးနည်းကို ရှင်းလင်းပြသည် ထိုရွေးချယ်ပွဲတွင် ရွေးချယ်ခြင်း ခံရသူများမှာ....

ပထမအကြိမ် ဗဟိုနှစ်ညက်တမ်း

| | |
|---|---|
| ၁။ ရဲဘော် သာညွန့် | ဥက္ကဋ္ဌ |
| ၂။ ရဲဘော် အေးကြည် | အတွင်းရေးမှူး |
| ၃။ ရဲဘော် ကင်ဒွန်း | အဖွဲ့ဝင် |
| ၄။ ရဲဘော် ဟန်တင် | 〃 |
| ၅။ ရဲဘော် ထွန်းမြင့် | 〃 |
| ၆။ ရဲဘော် တင်ထွန်း | 〃 |
| ၇။ ရဲဘော် အေးဆောင် | 〃 |
| ၈။ ရဲဘော်မင်းလွင် | |

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ အကြိမ် လေးနှစ်သက်တမ်း

| | | |
|---|---|---|
| ၁။ | ဦးတင်ထွန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအုန်းမြင့် | အတွင်းရေးမှူး(ပထမပိုင်း) |
| ၃။ | ဦးမေးင်မောင်နိုင် | ။ (ဒုတိယပိုင်း) |
| ၄။ | ဦးမြမောင် | အဖွဲ့ဝင် |
| ၅။ | ဦးဘစိန် | ။ |
| ၆။ | ဦးသိန်းရွှေ | ။ |
| ၇။ | ဦးဘိုသိန်း | ။ |
| ၈။ | ဦးတင်လှိုင် | ။ |

တတိယအကြိမ် လေးနှစ်သက်တမ်း

| | | |
|---|---|---|
| ၁။ | ဦးတင်ထွန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်နိုင် | အတွင်းရေးမှူး |
| ၃။ | ဦးမြမောင် | အဖွဲ့ဝင် |
| ၄။ | ဦးဘစိန် | ။ |
| ၅။ | ဦးသိန်းရွှေ | ။ |
| ၆။ | ဦးဘိုသိန်း | ။ |
| ၇။ | ဦးတင်လှိုင် | ။ |

စတုတ္ထအကြိမ် လေးနှစ်သက်တမ်း

| | | |
|---|---|---|
| ၁။ | ဦးမောင်မေးင်နိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးဘစိန် | အတွင်းရေးမှူး |
| ၃။ | ဦးမြမောင် | အဖွဲ့ဝင် |
| ၄။ | ဦးသိန်းရွှေ | ။ |
| ၅။ | ဦးဘိုသိန်း | ။ |
| ၆။ | ဦးတင်လှိုင် | ။ |
| ၇။ | ဦးသန်းဇော် | ။ |

တို့ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


## စနစ်သစ် အုပ်ချုပ်ရေးအရ

မြို့တော်ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌများ။

၁။ ဗိုလ်မှူး ထွန်းနောင်
၂။ ဗိုလ်မှူး သိန်းထူး (ကြည်း)
၃။ ဗိုလ်မှူး မင်းလွင် (ခရ)
၄။ ဒုတိယ ဗိုလ်မှူးကြီး ကျော်ခိုင် (ကြည်း)
၅။ ဗိုလ်မှူး ခိုးလှိုင် (ကြည်း)
၆။ ဗိုလ်မှူး လှမောင် (ကြည်း)

## စနစ်သစ် အုပ်ချုပ်ရေးအရ

မြို့တော်နယ်မြေ လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌများ။

၁။ ဗိုလ် သိန်းနိုင်
၂။ ဗိုလ်ကြီး သန်းထွန်းအောင်
၃။ ဗိုလ်မှူး ဟန်ထွန်းအောင်
၄။ ဗိုလ်ကြီး အောင်သန်း
၅။ ဗိုလ်ကြီး လေး ကြည်
၆။ ဗိုလ်မှူး ကျော်ဆန်း

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ

မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူများ။

| | |
|---|---|
| ၁။ ဦးအေးမောင် (ကွယ်လွန်) | ပထမ လေးနှစ်သက်တမ်း |
| ၂။ ဦးတွန်ကြည် | ပထမ လေးနှစ်သက်တမ်း |
| ၃။ ဦးဘကွမ် | ဒုတိယ လေးနှစ်သက်တမ်း |
| ၄။ ဗိုလ်မှူး အုန်းမောင် | တတိယ လေးနှစ်သက်တမ်း |
| ၅။ ဒု-ဗိုလ်မှူးကြီး တင်မြင့် | စတုတ္ထ လေးနှစ်သက်တမ်း |

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပြောင်း ဘောသုန်ခရုး ထင်နဲ့ရာတွင်
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စည်းရုံးရေးအတွက်
အမြဲတမ်းပါတီကာလ
စည်းရုံးရေးကော်မတီဥက္ကဋ္ဌများ

၁။ ဗိုလ်မှူး မြင့်လွင်
၂။ ဗိုလ်မှူး ဗိုလ်ကြည်
၃။ ဗိုလ်ကြီးသန်းယု
၄။ ဗိုလ်ကြီး သန်းဝင်း
၅။ ဗိုလ်ကြီး သာညွန့်

ပြည်သူ့ပါတီနှဲ့စည်းပြီး မြိတ်အခြေ့မြို့နယ် ပါတီ သူနစ် ဥက္ကဋ္ဌများ

၁။ ဦးသာညွန့်
၂။ ဦးတင်ထွန်း
၃။ ဦးမောင်မောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပုံစံပြောသော
ငြိတ်သမိုင်း မှတ်တိုင်များ

# တတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## သီပေါမင်းတရားကြီး၏ သမီးတော်လေးပါး

၁၈၈၅ခုနှစ် သီပေါဘုရင်လက်ထက် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီးတွင် မြန်မာနယ်အလုံးကို ဗြိတိသျှတို့ သိမ်းယူခဲ့သည် သာမက မြန်မာအသျှင် သီပေါဘုရင်ကို နန်းပလ္လင်မှ ဆွဲချခဲ့ပြီး အိန္ဒိယပြည်သို့ ပို့ခဲ့သည်။ စာရေးသူ၏ ပယ်တော် ဆင်ပြူမရှင် ငိုရှာနှင့် အစ်မတော် စုဖုရားကြီးတို့ကို ထားဝယ်မြို့သို့လည်းကောင်း၊ အိမ်ရှေ့စံ ကနောင်မင်း၏ သားတော် သမီးတော်တစ်ချို့ကို မြိတ်မြို့သို့လည်းကောင်း ပို့လေသည်။

ထို ကနောင်မင်းသားကြီး၏ အနွယ်တော် များမှာ ယနေ့တိုင် မြိတ်မြို့ သန်းဖိုရင်ဂူ့ကျွန်းတွင် ခနထိုင်လျက်ရှိပေသေးသည်။ သီပေါ ဘုရင့် သမီးတော်များနှင့် လက်ဆက်ရန်အတွက် ရည်ရွယ်လျက် မြန်မာပြည်ရှိ အသက် ၂၀ပြည့် ပြီးသော မင်းသားများစာရင်းကို ဗြိတိသျှ အစိုးရက ကောက်ယူခဲ့ရာ ထိုစာရင်းတွင် မြိတ်မြို့နေ ကနောင်မင်းသားကြီး၏အနွယ် တော်များသည်။ အောက်ပါအတိုင်း ပါရှိလေသည်။

၁။ မောင်ကြီး(ခ) မင်းသားကြီး၊ အသက်(၂၆)နှစ်၊ မြိတ်တွင် နေသည်။ ဖခင်မှာ အိမ်ရှေ့မင်း၏သားတော် မောင်ပို၊ မိခင်မှာ အိမ်ရှေ့မင်း၏သမီးတော် မယ်ဆွေစော။

၂။ မောင်မောင်(ခ) မောင်တင်မောင်၊ အသက် (၂၀)နှစ်၊ မြိတ်တွင် နေသည်။ ဖခင်မှာ မြိတ်မြို့နေ ပန်းထိမ် ဆရာ မောင်သန်းခိုင်၊ မိခင်မှာ အိမ်ရှေ့မင်း၏ သမီးတော် မယ်ဆွေ စော။

၃။ မောင်ဦး၊ အသက်(၂၀)နှစ်၊ မန္တလေးတွင်နေသည်။ ဖခင် မှာ မောင်သန်းခိုင်၊ မိခင်မှာ အိမ်ရှေ့မင်း၏ သမီးတော် မယ်ဆွေစော။

တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သမီးတော်၄ပါး



၁။ ထိပ်စုမြတ်ဖုရားကြီး



၂။ ထိပ်စုမြတ်ဖုရားလတ်



၃။ ထိပ်စုမြတ်ဖုရား



၄။ ထိပ်စုမြတ်ဖုရားလေး

www.burmeseclassic.com

www.burmeseclassic.com

ကျောက်နံရံပေါ်ကပန်းချီကားချပ်



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်နံရံပေါ်က ပန်းချီကားချပ်

မြိတ်ပင်လယ်ပြင်သည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက် အိန္ဒိယသမုဒ္ဒရာ၏ အစွန်းအပိုင်းတစ်ခု ဖြစ်သည်။ ကျွန်းကြီးကျွန်းငယ်များ မြင့်ကြွလျက် ငှက်သိုက်ကျွန်းများလည်း ရှားရှားပါးပါး တည်ရှိနေသည်။ ရှေးက ဤပင်လယ်ပြင်တစ်ဝိုက်တွင် လူမျိုးစုံတို့စားကျက် ခဲ့ကြသည်။ ဤဒေသကို ယခင်က မြန်မာနှင့် ယိုးဒယားတို့ ဘတစ်ပြန် ကျားတစ်ပြန် သိမ်းပိုက် အုပ်ချုပ်ခဲ့ကြသည်။ ပသျှူး၊ ဆလုံ၊ ဟိန္ဒူနှင့် မဟာမေဒင် ဘာသာဝင်များလည်း ကြီးစိုးခဲ့ကြသည်။ အရှေ့တိုင်းနှင့် အနောက်တိုင်း တို့မှ ကုန်သည်တို့လည်း ကူးလူးဆက်ဆံခဲ့ကြသည်။ ၁၂-ရာစု မတိုင်မီ ဘပင် ထိုဒေသတစ်ဝိုက်၌ မြန်မာနိုင်ငံ ပုဂံနေပြည်တော်သားများလည်း ခြေချ ခဲ့ဖူးကြသည်။

မြိတ်အနောက်ပိုင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာ တစ်ရွာဖြစ်သော ရေကန်အော်ကျေးရွာမှာ မြိတ်မြို့မှ (၃၀)မိုင်ခန့် ကွာဝေးသည့်နေရာတွင် တည်ရှိနေသည်။ ထိုကျေးရွာ၏ မျက်နှာစာ ကျောက်နံရံပေါ်တွင် ပန်းချီကားကြီးတစ်ချပ် တည်ရှိနေသည်။ ပင်လယ်ဘက်သို့ မျက်နှာမူနေသော အဆိုပါ ကျောက်နံရံကြီး၏ မျက်နှာစာသည် မတ်စောက်ညီညာ ပြားချပ်ကာ မိုးကောင်းကင်ဆက်သို့ထိုး ထောင်ထွက်နေသည်မှာ ပေ ၁၂၀ကျော် မည်ဟု ခန့်မှန်းရပါသည်။ ထိုကျောက်နံရံ ကမ်းစပ်ပိုင်း အောက်ခြေ၌ ၁၀ ပေကျော် အမြင့်တွင် ကျောက်သားကို တစ်ခကြောင်းချက် ထွင်းမှု ရေးဆွဲထားသော ရုပ်ပုံကားချပ်ကြီးကို တအံ့တဩ တွေ့မြင်ရမည် ဖြစ်လေသည်။ ထိုရုပ်ပုံကားချပ်ကြီးတွင် လူရုပ်ပုံများ၊ စက်ယန္တရားနှင့်တူသည့် ပုံများ၊ မြွေဦးခေါင်းပုံများ၊ လှေကြီးတစ်စင်း၏ပုံများကို ထင်းရှားစွာ တွေ့ရှိရသည့် အပြင် အနီရောင်ချော့ချော့ ဆေးခြယ်ထားသည်ကို လည်းကောင်း၊ ခရမ်းရောင်ပြေးနေသည့် အစင်းကြောင်းကြီးများကို လည်းကောင်း တွေ့ရှိရမည် ဖြစ်လေသည်။

ယင်းလက်ရာမှာ မည်သည့်လူမျိုးစု၏ လက်ရာဖြစ်မည်နည်း။ မည်သည့်အကြောင်းအရာကို ဖော်ညွှန်းထားလေသနည်း။ မည်သည့် ခေတ်လောက်က တည်ရှိခဲ့ပါသနည်း။ အဖြေကို ယနေ့တိုင် တိတိပပ မဖော်ထုတ်နိုင်သေးပေ။ ရွာခံ မြန်မာတစ်ချို့ကမူ ဥစ္စာစောင့်တို့၏ 'သိုက်' ဟု ယူဆထားကြဟန်ရှိပါသည်။ အမှန်ဆိုရပါမူ ဤပန်းချီကားချပ်ကြီး သည် မြန်မာတို့၏ အစွဲအလန်းနယ်ပယ်ထဲသို့ ကျရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မြိတ်မြို့ ကမ်းနားလမ်း

မြိတ်မြို့ကမ်းနားလမ်းကို အင်္ဂလိပ်အရေးပိုင် မစ္စတာဗွီဒင် လက်ထက် ၁၉၂၂-၂၄ခုနှစ်တွင် ကျောက်တန်းများ စနစ်တကျ တည်လုပ်၍ သောင်ချတ်ခြင်း၊ သဲမှုတ်ခြင်းဖြင့် မြိတ်မြို့အား ဆိပ်ကမ်းမြို့တစ်မြို့အဖြစ် တင့်တယ်စေခဲ့သည်။

ထိုကျောက်တန်းကို ကံထရိုက်စနစ်ဖြင့် ဆောက်လုပ်ခဲ့ရာကံထရိုက်မှာ ဦးအရီဖြစ်လေသည်။ ထိုနှစ်တွင် မြိတ်မြို့တင်းဘက်ကမ်းရှိ ပထက်တောင်၌ ကျောက်တွင်းကွာရီကို စတင်ခဲ့ပြီး (PWD) လက်အောက်ခံ (Sdo Sea Wall Reclamation) က တာဝန်ခံ၍ လုပ်ဆောင်ပေးခဲ့သည်။ အုပ်ချုပ်သူမှာ (PWD SDO Mr Tait) နှင့် (PWD EE Mr Smith)တို့ ဖြစ်ကြသည်။ အိုဗာစီယာများမှာ အင်္ဂလိပ် ကပြားနှင့် ပန်ချာပီများဖြစ်ပြီး အစတွင် ဥရောပတိုက်သား တစ်ဦးနှင့် အိန္ဒိယတိုက်သားတစ်ဦး ပါဝင်ခဲ့သည်။ တစ်နှစ်ကျော်ခန့် ကြာသောအခါ ဥရောပတိုက်သား နုတ်ထွက်သွား၍ လုပ်ငန်းပြီးဆုံးချိန်အထိ (Mr Shazad Khan)က လုပ်ဆောင်ခဲ့လေသည်။ ထိုသို့ ကျောက်တန်း တည်ဆောက်ရာတွင် နေ့စဉ် အားလပ်ရက်မရှိ လုပ်သားပေါင်း ၅၀၀နီးပါးဖြင့် လုပ်ဆောင်ခဲ့ကြသည်။ အလုပ်သမားများမှာ ပထန်၊ ဆိုလီယာ၊ ကူနီရုရိ လူမျိုးများနှင့် မြန်မာအနည်းငယ်တို့ ပါဝင်ခဲ့ကြသည်၊ ထိုသို့ (Sea Wall) ကျောက်တန်းမြှလုပ်ပြီး သဲသောင်များရှင်းလင်း၍ ကျောက်တန်းပေါ်၌ သဲများ မှုတ်တင်ခဲ့ကြသည်။ လုပ်ငန်းစတင်ချိန်မှ ပြီးဆုံးသည်အထိ အလုပ်ကာလမှာ ငါးနှစ်နီးပါး ကြာမြင့်ခဲ့သည်။ ထိုသို့ ကျောက်တန်းဆယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့ကမ်းနားလမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကမြိတ်တွင်ခေတ်စားခဲ့သည့်လှန်ချား



လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က
ဆိပ်ငယ်တံတား



မြို့စေတော်သာတံတား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၃၀ ကျော်ကဆိပ်ငယ်ရပ်ကွက်



နှစ်ပေါင်း ၄၀ ကျော်ကဘုရင်မယ်နိခြံအနီးတိုက်ကြီးကွင်း
ဆိပ်ငယ်ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com






တောင်ကုန်းပေါ်ကတာရှေ့ခြောက်သည့်အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(၁၀)နှင့်ခန့်မျကြား‌မှ အင်ပ ာခြေကုက်များ၊ ငုတ်ပြီး အဆောက်အဦများ ဆောက်လုပ်နိုင်ခဲ့သည်။ (ပုံ)မှာ ကျောက်တန်းဆယ်သဲမှတ်ပြီး အခြေအနေပြစ်သည်။ ကျောက်တန်းအင်ပုည်မှာ ဆင်ယေဖော်တားမှ ဂုက်သစ်ရပ်ဒ ထိ နှစ်ဖောင်ခန့် ဖြစ်လေသည်။

မြို့ဝမြို့ ကမ်းနားလမ်း တစ်လျှောက် ကုတ္တိုလင်ကြီး များကို ဦးဖုန်ဘီးဓါဖင်ဦးငွမ်ငိန်က ငိုက်ပျို့ ခဲ့သည်ဟု သိရသည်။

တစ်ဖန် ကမ်းနားလမ်းတစ်လျှောက် သသယာစိုပြည်ရေးနှင့် လုပ်သားပြည်သူများ၊ စိတ်အေးချမ်းသာစွာ အပန်းဖြေ နားနေနိုင်ရေးအတွက် မြို့နယ်ပါတီ ကောင်စီတို့၏ ဦးဆောင်မှု၊ မြို့နယ် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပေါ် ၁၂ရပ်ကွက် ပြည်သူ့ကောင်စီဝင်များ၊ ဂုဏ်ခြေတပ်ပွဲဝင်များနှင့် မီးသတ်တပ်ပွဲဝင်များသည် ၁၀-၇-၈၁ ရက်နေ့နံနက် ၆နာရီမှ ၉နာရီအထိ ငှေတမာ ၁၁၂-ပင်ကို အိုးစည်ဒိုးပတ် အကအခုန်များဖြင့် မိုးထဲလေထဲတွင် တစ်ပျော်တစ်ပါး စိုက်ပျိုးခဲ့ကြသည်။

www.burmeseclassic.com

## မီးပုံးပျံဦးကျော်ရင်

ဦးကျော်ရင်သည် ထားဝယ်သားဖြစ်သည်။ အသက် (၅၆)နှစ်အရွယ်တွင် မီးပုံးပျံကို ပထမဦးဆုံး စီးပြခဲ့သူဖြစ်သည်။ ရင်းကိုယ်တိုင် စီမံထားသော မီးပုံးပျံမှာ အနောက်နိုင်ငံဖြစ် မီးပုံးပျံမျိုးမဟုတ်ဘဲ အဘောင် ဂဝါရှည်သော ပိတ်ချင် ၂၄ ခုကို တွဲစပ်ချုပ်ထားသည့် ဧရာမ ဈေး မွှိုင်းသွင်း ဘက်ရှာသော မီးပုံးပျံမျိုးဖြစ်သည်၊ လေယဉ်း ငြိမ်သည်၊ မိုင်းလည်း ၁မည် ပိုပါက အမြင့် ၂မိုင်ခန့်အထိ တက်နိုင်သည်။ မီးပုံးပျံ၏ အောက်တွင် သံဘားတန်းတစ်ခုကို ကြိုးဖြင့်ဆွဲထားသည်။ ဦးကျော်ရင်သည် ထိုဘားတန်းပေါ်၌ ကျွမ်းအမျိုးမျိုးထိုးရင်း လိုက်ပါသွားလေ့ရှိသည်၊ ထို့ပြင် မြစ်ချောင်းပင်လယ်ဆီသို့ ကျသွားပါက ဖော့ကွင်းအဖြစ် အသုံးပြုနိုင်ရန် မော်တော်ကား တာယာကျွတ်တွင် လေထိုး၍ ဘားတန်းအောက်၌ ဆွဲထားသည်၊ ထိုတာယာကျွတ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် မိမိနာမည်ကို ဆေးဖြင့် ရေးထားသည်။

မြန်မာပြည်အနှံ့ လှည့်လည်စီးပြရာတွင် မြို့တိုင်းလိုလိုသည်၊ လာရောက်စီးပြခဲ့သည်၊ မြိတ်မြို့တွင် လာရောက်စီးပြစဉ်က မြိတ်အရေးပိုင်မှာ မောချစ်ဘာသာ သင်ဖြစ်ပြီး ထိုအရေးပိုင်က အောက်ပါအတိုင်း မှတ်တမ်းတင် ရေးသားခဲ့ပါသည်။

``အရှက်မတက်မီ မြို့သဲမှအသံများကို ကြားရ၏။ အချက်မတက်မီ အခမှောင်ဘုဘဲမှ ညံအသံတို့သည် သာယာကြည်နူးဖွယ်ကောင်းလှ၏။' မီးပုံးပျံစီး၍ ကျော်ရင်တက်သည်ကို ကြည့်ရန် နေရာမှူယို အသျှင်အမြန်သွားသာနေကြသည့် လူထုပ်ပွက်သာသည့် အသံများဖြစ်၏။ ဥနာရီထိုးလျှင် အကျွန်ုပ်တို့ ဘောင်

www.burmeseclassic.com



ကုန်းမှ ဆင်းခဲ့၏။ ထိုအချိန်လောက်တွင် လူတစ်သောင်းခန့် စုရုံးပြီးသား ဖြစ်နေချေပြီ။ တောင်ကုန်းပေါ်တွင် တောက်ပသည့် အဝတ်အစားတို့ကို ဝတ်ဆင်ထားကြသည့် လူများနှင့်ပြည့်နှက်လျက်ရှိရာ တောင်ကုန်းကို ပန်းများဖြင့်ဖုံးအုပ်ထားသကဲ့သို့ရှိနေလေသည်။

ပင်လယ်ကမ်းခြေမှ မြေပြင်ကွက်လပ်၌မူ လူများအားလုံး စုဝေးလျက်ရှိ၏။ ကွက်လပ်အလယ် ဝါးချွန်များ စိုက်ထားသည့် ခံတပ်၏နောက်၌ အမည်းရောင် အဝတ်များဖြင့် ချုပ်ထားသည့် မီးပုံးပျံကြီးသည် ဖောင်းလျက်ရှိ၏။ ကျွန်ုပ်သည် ခံတပ်အတွင်းသို့ ဝင်လိုက်၏။ မီးပုံးပျံကြီးအောက်၌မီးဖိုကြီးတစ်ခုရှိထားရာ မီးပုံးပျံကြီးသည် ပူသောမှိုင်းဖြင့်ပြည့်လျက်ရှိ၏။ ထိုနေရာသို့ ရောက်နေကြသည့် လူကြီးလူကောင်းတို့က ကျွန်ုပ်အား ကျော်ရင်ကို ရွေတံဆိပ်တစ်ခုပေးရန် ပြောကြ၏။ မကြာမီ မီးပုံးပျံကြီးသည် တင်းလာ၍ ကျော်ရင်သည် ကောင်းကင်အရင်လေးမုက်နှာသို့ဝင်ရပြီးနောက် ခေါင်းလုံတစ်ခုပေါ်၌ ဒူးထောက်လျက် ခန်းမြင့်ကိုကိုင်ကာ သူ့လူများအား ကြိုးများကို လွှတ်လိုက်ရန် ပြောလိုက်၏။ သို့နှင့်သူသည် သူ၏အားပေါ်မှ ဦးခေါင်းကိုအောက်သို့ငိုက်လျက် အထက်သို့ အမြန်ပါသွားလေ၏။ လေတိုက်သဖြင့် သူသည် အထက်သို့တည့်တည့်တက်သွားလေ၏။ သို့ရာတွင် ပေ၂၅၀ကျော်လျှင် သူ့မီးပုံးပျံမှ လေသည် အေးသွားရာ သူသည် အောက်သို့ သက်လာသည်။ ခပ်ပြည်းပြည်းတိုက်လာသည့် လေကြောင်းတစ်ကြောင်းက သူ့ကိုပင်လယ်ပြင်သို့ လွင့်တိုက်သွားလေ၏။ လူအုပ်ကြီးက အော်ဟစ်ကာ ကမ်းဆီသို့ တစ်အားပြေးလာကြ၏။ သို့ရာတွင် ကျွန်ုပ်က ဆိပ်ကမ်းက ဗလင်ဂါသင်္ဘောအား ကျွဲကဲ့သို့ အရေးကိစ္စဖြစ်ပေါ်လာက သူ့နောက်သို့လိုက်ရန်အမိန့်ပေးထားပြီးဖြစ်၍ သူသည် ပင်လယ်ထဲသို့ တစ်ဟုန်ထိုး ကျဆင်းသွားရာ သင်္ဘောသားများက သူ့အားကယ်တင်လိုက်ကြ၏။ မီးပုံးပျံကြီးသည် ပင်လယ်ပြင်တွင် သေလုလု နဂါးကဲ့သို့ အခိုးအငွေ့တစ်ထောင်းထောင်းထွက်လျက်ရှိ၏။ မကြာမီ ကျော်ရင်သည်ဗလင်ဂါသင်္ဘောအမိုးပေါ်၌ ရပ်လျက် ကမ်းသို့ရောက်လာ၏။ လူအုပ်ကြီးက သူ့အားကောင်းချီးပြုသော အကြီးအကျယ်ပေးကြ၏။ လူများသည် အလွန်ပျော်ရွှင်ကြ၏။ ဆိပ်ငြိမ်လှသော မြို့တော်အတွက် ရှေမကြည့်ရှုစရာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရင်သည် ကျွန်ုပ်၏ ကားပေါ်သို့ ကျွန်ုပ်ထိုင်ခုံနေရာသို့ လူအုပ်ကြီးထဲမှ တိုးဝှေ့၍ လာလေသည်။ ကျွန်ုပ်က သူ့အား ကျွန်ုပ်လက်ကိုကမ်းလိုက်ရာ သူသည် အချိန်အတော်ကြာ သူ၏ နှုတ်ခမ်းများနှင့် ဖော့ထားလိုက်ပါသည်။

အရပ်လေးမျက်နှာသို့ လှည့်လည်၍ရှိခိုးရင်း ကျော်ရင်သည် လောကပါလ နတ်မင်းကြီးလေးပါးထံ ဆုတောင်းနေခြင်း ဖြစ်၏။ ဤစတုလောကပါလနတ်တို့ကို အိန္ဒိယပြည်နှင့် တရုတ်ပြည် တို့ကလည်း ကိုးကွယ်ယုံကြည်ကြ၏။ သို့မှာ ဒွင် ဟိန္ဒယာန် ဗုဒ္ဓ ဘာသာအရ လက်မခံချေ။ သို့နှင့်ပင် လူများက ရှိသည်ဟု အသိ အမှတ်ပြုကြ၍ သူတို့၏ ဖကာအကွယ် အစောင့်အရှောက်တို့ကို လျှောက်ထား တောင်းခံကြ၏။ ဤနတ်မင်းကြီး လေးပါးကိုယ် တိုင်ကလည်း အကျွတ်တရားရကြ၍ ဗုဒ္ဓကို ကိုးကွယ်ကြည်ညိုကြ၏။ ဤ အများ သဒ္ဓါတူ လိုက်နာ ကျင့်သုံး နေကြသည့် ဓလေ့ ထုံးတမ်းအရ ဘုမ္မတ္တဒေဝလောကသည် ဗုဒ္ဓဘာသာအယူဝါဒနှင့် ယှဉ်ပြိုင်လျက် တည်မြဲလျက်ရှိ၏။ ဒေါင်းအလံသည် ဗမာပြည်၏ အမျိုးသားအလံဟောင်းဖြစ်၏။ မမှန်အားဖြင့် ထိုစဉ်ကအသိအမှတ် မပြုခဲ့ချေ။ ကျော်ရင် ထိုအလံပေါ်သို့ ဒူးထောက်လိုက်သည်မှာ ဗမာပြည် တစ်နည်းအားဖြင့် ဗမာလူမျိုးတို့သည် အထက်သို့တက် ရမည်ဟူသော အတိတ်နိမိတ်ကို ဆောင်လိုက်ခြင်းဖြစ်၏။ နံနက် ဝေဝေစောစော များသောအားဖြင့် လေမတိုက်တတ်၊ တိုက်ပြန်သော် လည်း ပင်လယ်နှင့် အလှန်နီးကပ်စွာ ပျံလိုက်ခြင်းသည် သူ့ အတွက် စွန့်စားမှုတစ်ရပ်ဖြစ်၏။ သူ့ကို ပင်လယ်ထဲသို့ လွင့်တိုက် သွားသည့် လေကြောင်းသည် အံ့ဩစရာဖြစ်၍ ပီရေသည် အမြန် ကျူလျက်ရှိရာ သူသည် ရေနစ်သွားဖို့ရာဖြစ်၏။ သူအန္တရာယ်မှလွတ် မြောက်ခဲ့သဖြင့် တုန်လှုပ်သွားပြီး သူ့အားအများက ကောင်းချီး ပြဘာပေးကြသဖြင့် စိတ်တွင်ထိခိုက်သွားဟု ကမ်းပေါ်သို့ရောက် သောအခါ သူ့ စိတ်ဓာတ်သည် အပြင်းအထန် လှုပ်ရှားလျက် ရှိ၏။ ကြည့်နေသူများ အားလုံးကလည်း သူ၏ ရဲရဲဝံ့ဝံ့လုပ်မှု သည်ကို အလွန်ကျေနပ်နှစ်သိမ့်ကြပြီး သူအန္တရာယ်မှ လွတ်မြောက် ခဲ့သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကာ သူတို့ကဲ့သို့ ရင်တစ်ဒိတ်ဒိတ်နှင့်ခုန်နေကျ၏။ အရေးပိုင်၏လက်ကို ပေါင်မျှား တစ်ခုယောက် နမ်းလိုက်သည်မှာ ထုံးစံမဟုတ်၊ သို့ရာတွင် သူ၏ စိတ်ဓာတ် မည်မျှပြင်းပြလျက်ရှိကြောင်း၊ ဖော်ပြလိုက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုမျှမက ဤအရေးကိစ္စတစ်ရပ်လုံးမှ အတိတ်နိမိတ်တို့ကို ကောက်လေ၊ ဖတ်လေ ရှိသော အရှေ့တိုင်းသူအုပ်တစ်အုပ်အတွက် အတိတ်နိမိတ် ကောက်နိုင်၊ ယူနိုင်လောက်အောင် ထင်ရှားလျက်ရှိကြပြီး ပရိသတ်ကလည်း ပြင်ပြလှသည့် စိတ်ဓာတ်အဟုန်ကို မနည်းထိန်းချုပ်ထားနေရရာ ကျော်ရင်သည် သူ့မနော၏မှ ဒုတင်ရှုံးကန်ထွက်လာသည့် ဇောကိုမတားနိုင်၊ မပိတ်ပင်နိုင်တော့ဘဲ ကျွန်ုပ်၏လက်ကို နမ်းလိုက်ခြင်း ဖြစ်ပါသည်။”

ဟူ၍ ဖြစ်ပါသည်။

○

## တောင်ကုန်းပေါ်က တစ္ဆေခြောက်သည့် အိမ်ကြီး

“ကျွန်ုပ်၏ ဇနီးနှင့် ကလေးများသည် မြိတ်မြို့၌ မရှိကြပါလအနည်းငယ်ကြာမှလိုက်လာကြပါသည်။ ကျွန်ုပ် ပြောခဲ့သည့် အတိုင်း ဘယ်ကိုယ်း ပန်းခြံဆရာသည် ကျွန်ုပ်နှင့် အတူ နေစဉ်အခါ၌ ကျွန်ုပ်၏အိမ်တွင် ဗထဆုံးအကြိမ် ထူးဆန်းသော ဇ ရေးကိစ္စတစ်ရပ်ကို ကျွန်ုပ်တွေ့ကြုံခဲ့ရ၏၊ ၁၀ နာရီထိုးပြီး မကြာမီ ကျွန်ုပ်သည် အိပ်ရာဝင်၍ ငိုက်မျဉ်းစပြုတွင် ရိုးရိုးအသံနှင့် မတူသော အသံတစ်မျိုးကို ကြားရ၏။ ကျွန်ုပ်အိပ်ခန်း၊ လရောင်မြင့်မြင့်၌ လေးလံသော အရာတစ်ခုနှင့် ပြင်းပြင်းထန်ထန် ပိုနေရာ ဒီနေရာကို လျှောက်ထုနေသကဲ့သို့ ထင်ရ၏။ ပ်းကိုဖွင့်ရန် မီးခလုတ်ရှိရာ တံခါးဆီသို့ သွားရမည်ဖြစ်၍ ကျွန်ုပ်သည် တံခါးဆီသို့ မသွားချင်လောက်အောင် အိပ်ချင်မူးတူး ဖြစ်နေ၏။ တစ်ဒါးခုန်းနှင့် တသံကို ဆက်ကြားနေရပြီး အသတ်အစားထည့်သည့်သေတ္တာကြီးကို ခပ်ပြင်းပြင်း ခေါက်နေသည့် ခေါက်သံကိုပါ တစ်ခါတစ်ခါ ကြားနေရပြန်၏။ သို့ရာတွင် ကျွန်ုပ်သည် ဤအသံတို့ကို အလျင်းပင် ဂရုမစိုက်ပါ။ ဘာဖြစ်နေသည်ဟူ၍လည်း မသိချင်။ အံ့လည်းမအံ့ဩမိ။ သို့ရာတွင် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေ၏။ တစ်နည်းအားဖြင့် အိပ်ဆေး အခတ်ခံရသူ သို့မဟုတ် ဇောဘဝင်တစ်ပိုင်း ဆိုက်နေသူကဲ့သို့ ဖြစ်နေ၏။ အန္တရာယ်၊ သို့မဟုတ် ရန်သူရှိသည်ဟု ရိပ်မိလျှင် ကျွန်ုပ်ခိုင်စိတ်သည် ပြေလွင့်သွားမည်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်မှာကြောက်စိတ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ တာချွန်ဖြစ်သကဲ့သို့ပင် ထုသံ ခေါက်သံတို့ကို ကြားရ၏။ သို့သော် သင်္ဂါရုံလည်းမဟုတ်၊ သတိသည်း ထားမိ၏။ သို့ရာတွင် ညာဘက်ယုတ်နှင့် ဤသတိကယုံ၌မနေချေ။ အိမ်ကြီးကို ဆွဲခင်း ဆင့်ကိုင်ထားနိုင်သည့် အင်အားကြီး၊ တစ်ခုခုက ဆွဲကိုင်လှုပ်လိုက်သကဲ့သို့ သိမ့်သိမ့်တုန်နေသည်ဟု ထင်၏။ ယခုတစ်ခန် ကျွန်ုပ်၏ခေါင်းခေါ်မှ ကျွေးသစ်ကဲ့သို့သော လေး လုံး၌ ခြေ၀ါးနှင့်သည့် သဏ္ဍာ ၀ါကျိုးသည် မြူးထူးစုံ၌ခေါက်လျှင် ကြားရသည့် အသံမျိုးကို အမိုးပေါ်က ကြားနေရပြန်၏။ ဤအသံများနှင့် ခုန်ဆူ၊ သွှင်နာ့ကို ဘွင် ပါသ၊ သည့် အိပ်ခမ့်ခေတ်သည် အလွန်ပြင်းပြလှရကား၊ ကျွန်ုပ်သည် အိပ်မပျော်တပျော် အဖြစ်ကို ရောက်ကာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားပြန်လေ၏။ ဤကိစ္စသည့် အစမှ အဆုံးတိုင် ငါးမိနစ်သာကြာ၏။ ထို့နောက် ကျွန်ုပ်သိရသည့် အချက်မှာ ကျွန်ုပ်၏ သွေ့သည် ဘာသ်ဂျီသန် ပနီးချိဆရာက ကျွန်ုပ်အား နိုးလိုက်ခြင်းပင်ဖြစ်၏။ သူ၏အိပ်ခန်းသည် အိမ်၏ အခြားတစ်ဘက်၌ရှိ၏။ သူသည် အသိတ်ဘသန့် အတုန်လှုပ်ကြီး ထိတ်သန့်တုန်လှုပ်လျက်ရှိ၏။ မီးကိုထွန်းပြီး

"အား ခင်ဗျား၊ ဘာမှမဖြစ်ဘူးနော်၊ သိပ်ကြောက်စရာကောင်း တာပဲဗျာ။ သူ ခင်ဗျားအခန်းထဲ ၀င်သွားတယ်။ ခင်ဗျား အိပ်နေဟန်း ၀င်ပြီး လည်ချိုကိုညှစ်ပြီလို့ ထင်နေတာ၊ ပြာမခတော့ ပိန်းတန်းပိန္နပ်စီးပြီး လမ်းလျှောက်သံ ကြားတယ်၊ အဲဒီနောက် နောက်ဖေးလှေကားက တစ် ခုခုဘက်ပြီး အိမ်ထဲ၀င်လာတယ်။ ပြီးတော့ ကျပ်ခုစောင်ကို လာလှုပ်ပြီး အခန်းထဲဖြတ်သွားတယ်၊ ၀ရံတာဘက်ထွက်ပြီး ခင်ဗျား အိပ်ခန်းထဲ ၀င် သွားတယ်။ ကျုပ်ကသန့်ပြီး၊ သခုန်လိုက်တော့ အိမ်ရှေ့လှေကားက ခြေသံ တွေ ကြားရပြီး ဥယျာဉ်ထဲက လေချွန်သံ ကြားရတော့တာပဲ"ဟု အကြောက်ကြောက်အရွံ့ရွံ့ ကျွန်ုပ်အား ပြောပြ၏။

ကျွန်ုပ် ဇနီ နှင့် ကလေးများ ရောက်လာသောအခါ ကျွန်ုပ်သည် ကလေးနှစ်ယောက်နှင့် ကလေးထိန်း မိန်းကလေးကို ဘာသ်ဂျီယန်လူကြီး ပန်းချီဆရာနေခဲ့သည့်အခန်းတွင် ထားလိုက်၏။ သူတို့တစ်တွေရောက်ရှိ၍ မကြာမီ တစ်ညနေ၌ ကျွန်ုပ်နှင့်ကျွန်ုပ်ဇနီးတို့သည် ကလေးထိန်း မိန်းကလေး ၏ ဝူးရှသည့်အသံကို ကြားရသဖြင့် သူ့ထံသို့ကယ်ရန် ပြေးကြ၏။ သူသည် အလွန်အသိတ်လန့် တုန်လှုပ်လျက်ရှိသည်ကိုတွေ့ရ၏။ သူ့အိပ်ရာကို ပြင်းပြင်း ထိန်သန်လာလှုပ်သဖြင့် နိုးရသည်ဟု ပြော၏။ ထို့နောက် တစ်ယောက် သောက် သို့မဟုတ် တစ်ခုခုက သူနှင့်ကလေးနှစ်ယောက်အိပ်နေ ကြသည့် ခြင်ထောင်အားမှ ပတ်ကာပတ်ကာ လမ်းလျှောက်နေသံကို ကြားရ၏။ ဘာမျှတော့ မမြင်ရချေ။ ၎င်းသည် ပိန်းတန်းဖို့နပ်ကိုစီးထား၍ ပြီးနပ် သံကို အမိုးပေါ်မှ ကြားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ၌မူ ကျွန်ုပ်ဇနီးသည် အရှေ့ မတက်မီအချိန် အနည်းငယ် အတွင်း၌ သူ့အိပ်ရာခြေရင်း၌ လူတစ်ယောက်သဏ္ဌာန်ကို မြင်ရ၏။ ထိုသဏ္ဌာန်သည် ၎င်းတရက် ပျောက်ကွယ်သွားသော်လည်း ဗမာအင်္ကျီ အစားနှင့် လူတစ်ယောက်ဖြစ်သည်ဟု သူ့စွဲ့ခံ့တင်ပါ၏။ ခြေသံလည်း ကြားရ သဖြင့် ပိန်းတန်းဖိနပ်များနှင့် လေးဟန်မတူပါ။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်သည် ထိုသဏ္ဌာန်ပေါ် မလာမီ ကြားနေကျဖြစ်သည့် ထူးဆန်းသည့် အသံများကို နှစ်ညကြားရပြန်၏။ ယင်းက ကဲ့သို့ပင် အိပ်မွေ့ချသည့် သဘောပါသဖြင့် ခြေသံများကို ကြားပြီ အိပ်ပျော်သွားပါတော့သည်။ ကျွန်ုပ်သည် ကာတာနာသတော်နှင့် နယ်ထွက်သောအခါ ကျွန်ုပ်၏ အိမ်ထောင်ကို ခေါ်သွားလေ့ရှိသော်လည်း တစ်ခါတစ်ရံ သူတို့ချည်းအိမ်၌ ထားခဲ့၏။ ကျွန်ုပ်၏ဇနီးသည် နောက်ဖေးလှေကားသို့သွားသည့် တံခါး အနီး၌ မီးအိမ်တစ်လုံးကို ထွန်းထားခဲ့လျှင် ဘာမှမကြားရ၊ မတွေ့ရ၊ မမြင်ရပါ။ အိမ်နောက်ဖေးကပ်နေသည့် အစေခံများနေအိမ်၌ နေသည့် ထမင်းချက်ကား အတော်ပင် အခြောက်အလန့်ခံရရှာ၏။ ကျွန်ုပ်က သူ့အား ဓာတ်စက်တစ်လုံးကို လက်ဆောင်ပေးထား၏။ သူသည် ဓမ္မသီချင်း ဓာတ်ပြားအချို့ကိုရှာ၍ ဓမ္မသီချင်းသံများက မကောင်းသူ မကောင်း သားတို့ကို အမှန်မုချ နှင်ထုတ်ပစ်လိမ့်မည်ဟု ယုံကြည်လျက် ကျွန်ုပ် မရှိသောအခါများ၌ မရပ်မနား ဖွင့်နေတတ်၏။ သူသည် ဘုရင်ကိုဘာသာကို ကိုးကွယ်သူတစ်ယောက်ဖြစ်၍ တမန်တော်စိန့်သောမတ်စ် ကွယ်လွန်သည်ဟု ထင်ရှားလျက်ရှိသော မဒရင်မြို့အနီးမှ တောင်ကုန်းနားတွင် သူ၏ အိမ်သည် တည်ရှိ၏။ တစ်အိမ်သားလုံး ခရီးထွက်ကြပြီး သူတစ်ယောက်တည်းအိမ်ကို စောင့်ရှောက်ရန် တာဝန်ကျသည့်အခါများ၌ သူ့ကို ပုလိပ်သားနှစ်ယောက်က ကူညီရ၏။ ထိုပုလိပ်သားနှစ်ယောက်သည် အိမ်ရှေ့ဆင်ဝင်၌ ညအချိန်တွင် စခန်းချကြ၏။ တစ်ကြိမ်က ကျွန်ုပ် ခရီးထွက်ရာမှ ပြန်အလာ သူတို့သည် ခြေသံများနှင့် အခြားအသံများကြောင့် မည်မျှ ထိတ်လန့်ခဲ့ရပုံကို တိုင်တမ်းခဲ့သည်ကို သတိရမိ၏။ ၁၉၃၃ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလတို့တွင် ကျွန်ုပ်၏သားငယ်သည် အငြင်းအထန် ဖျားနာသဖြင့် ကျွန်ုပ်၏အိမ်ထောင်ကို အင်္ဂလန်သို့ ပြန်ပို့လိုက်ရ၏။"

အထက်ပါ အကြောင်းရပ်များမှာ ဗြိတိသျှအရေးပိုင် မေဂျာရစ်ဆင်လင်၏ အတွေ့အကြုံများနှင့် ရင်ဆိုင်မှုတမ်း၌ ဖော်ပြထားရက်များဖြစ်၏။ ဤအိမ်ကြီးတွင် မေဂျာရစ်ကေးလစ်ပေါ်ပိုင်မှ အရေးပိုင်မှ မေဂျာရစ်ကေးလစ်ပြီးနောက် ဆက်လက် တာဝန်ထမ်းရသည့် အရေးပိုင်များ နေထိုင်ခဲ့သည့်အိမ်ကြီးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို အိမ်ကြီး၏ မြောက်ဘက် သိမ်တော်ကြီး စေတီ အနီးတွင် အဆောက်အဦတစ်ခု ရှိသေး၏၊ ငှက်ရိပ်သာပင်ဖြစ်ပြီး အောက်ဘက်တွင် စက်ရှင်တရားရုံး ဖွင့်ခဲ့ဖူး၏။ ထိုအိမ်ကြီးတွင်လည်း အခြောက်အလန့်များ ရှိပြန်၏။ ခြောက်လန့်သူမှာ အမျိုးသမီးတစ်ဦးနှင့် လေးငါးနှစ်ခန့် ကလေးငယ်တစ်ဦးဖြစ်၏။ ခြောက်လန့်ခံရသူ များလှပြီ။ မှတ်မှတ်ရရ တိုင်းမှူးမြန်မာ သခင်းတော်အဖွဲ့ မြိတ်သို့ လာရောက်စဉ်က ပုဂ္ဂိုလ်တစ်ဦး အခြောက်ခံရပြီး စာရေးဆရာ မင်းသိင်္ခသည်း အခြောက် ခံခဲ့ရဖူးလေသည်။

○

## မြိတ် မိခင်နှင့်ကလေးကျန်းမာရေး

၁၉၂၂-ခုနှစ်တွင် မြိတ်အရေးပိုင်အဖြစ် ဆောင်ရွက်လျက်ရှိသော မစ္စတာ ဗွဲဒင်နှင့် ထိုစဉ်က ခရိုင်ဆရာဝန်ကြီး ဒေါက်တာမီးနွန်းတို့ကြီးမှူး ပြုလုပ်ခဲ့သည့် ကလေးပြပွဲပြိုင်ပွဲမှ မြိတ် ကိုယ်ဝန်ဆောင် မိခင်နှင့် နို့စို့ ကလေးငယ်များ စောင့်ရှောက်ရေး အသင်းကြီး ပေါက်ဖွားလာခဲ့သည်။ အသင်း၏ဘည်ဆာဌာနကို ၁၉၃၇-ခုနှစ်က မြိတ်မြို့ ဈေးတန်းရပ်ကွက် ဒေါ်ရှူးစု၏နေအိမ်တွင် ဖွင့်လှစ်ခဲ့ပြီး လာရောက်ပြသကြသော ကလေး သူငယ်များကို အခွဲဝင်တို့က နို့ဆီ၊ အဝတ်အထည်များနှင့်ဆေးဝါးများ ပေးကမ်းဝေငှခဲ့ကြသည်။ ၁၉၃၈-ခုနှစ်တွင် ကလေး ပြပွဲပြိုင်ပွဲ အပြီး၌ အသင်းတည်ဆာဌာနကို မြိတ်မြို့ မြူနီစီပါယ်ခုံးအောက်ဘက်သို့ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်၊ အသင်း၏အတွင်းရေးမှူးမှာ ဒေါက်တာ ဒေါ်ရွှေကြည် ဖြစ်ပြီး၊ ၎င်းကိုယ်တိုင် မြိတ်မြို့ ဆေးရုံ၌ ကိုယ်ဝန်ဆောင်များအား တစ်ပတ်လျှင်တစ်ကြိမ်ကျ စမ်းသပ်ကြည့်ရှုပေးခဲ့သည်။ ဂျပန်ယာက်ခ္ဗာစစ်ကြီး အတွင်း အသင်းမှာ ရပ်နားသွားခဲ့ပြီး စစ်ပြီးကာလ ၁၉၄၅-ခုနှစ်တွင် ပြန်လည်အသက်ဝင်လှုပ်ရှားလာခဲ့သည်။ ထိုစဉ်က မြိတ်အရေးပိုင် မစ္စတာ မေဘာရီ၏ဇနီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာ ဒေါ်ရွှေကြည်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

လက်ရှိ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတိုက်ကြီးမှာ ခရိုင် ရဲဝိုင်မှူးကြီး ဦးဘငြိမ်း၊ ဆရာဝန်ကြီး ဦးခကျော်ဘ၊ ဆရာဝန် ဦးကိုမောင်၊ မြိတ်မြို့ မျက်နှာဖုံး လူကြီးများ ဖြစ်ကြသော ဦးဘ... တန်ဘခိန်၊ ဦးရွှေဝမ်၊ မစ္စတာ ဟာဂျီယူစွတ်နှင့် မြိတ်မြို့သူများ၏ ပြုပင်း ချက်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြိတ်မိခင်နှင့်ကလေးကျန်းမာရေး
ပထမဆုရကလေး(မြိတ်)



မှတ်မြှားပြထားသည့်အဆောက်အအုံမှာ
မိခင်နှင့်ကလေးစောင့်ရှောက်ရေး
အသင်းတိုက်ကြီးဖြစ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

မြစ်လှေကြီးပြိုင်ရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒွတ်ထိုက် ဒွတ်မှူးသူဆန်ရွာသာရောက်နေထိုင်သည့်အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မြိတ်လေဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ကရေးပိုင် အမ်အေမေဘာရီ ပြောင်းရွှေ့သွားသောအခါ မြိတ်မြို့ဘိဆိုပ်ကိုယ်စားလှယ် သူဌေးကတော် ဒေါ်သင်းညွှာက လည်းကောင်း၊ ခရိုင်ဝန် ဦးနန်းညွှန့်၏ဇနီး ဒေါ်ခင်စိန်၊ ခရိုင်ဝန် ထိပ်တင်မွေး၏ဇနီး ဒေါ်တင်တင်၊ ခရိုင်ဝန် ဦးတက်တိုး၏ဇနီး၊ ခရိုင်ရဲပိုလ်မှူးဦးဘဦး၏ဇနီး ဒေါ်စိန်းရင်၊ ထို့နောက် ဒေါ်ညွှာစိ၊ ဒေါက်တာ ဒေါ်ရွှေကြည်တို့က အသီးသီး ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

မှတ်တမ်းခေတ်ပုံမှာ ၁၉၃၈–ခုနှစ် ကလေးပြပွဲပြိုင်ပွဲ အမှတ်တရပုံ ဖြစ်လေသည်။ ထိုပြိုင်ပွဲတွင် ဒေါ်အေးမယ်ခင်၏ သား မောင်တင်လှ (မြားပြထားသူ)မှာပထမဆုအဖြစ် ငွေ(၁၅–ကျပ်)ချီးမြှင့်ခြင်းခံခဲ့ရသည်။

၀

## မြိတ်ဗလကြံခိုင်ရေးအဖွဲ့

မြိတ် ဗလကြံ့ခိုင်ရေးအဖွဲ့ကို ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၈–ခုနှစ်ခန့်တွင် ဖွဲ့စည်းထားခြင်း ဖြစ်ပြီး၊ မြိတ်မြို့ ကန်ခေါင်းရပ် မန္တလေးကျောင်းလမ်းတွင် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံရေးနှင့် တိုးတက်သော အတွေးအခေါ် ပျံ့နှံ့နေချိန်ဖြစ်၍ ကိုယ်ကာယကြံ့ခိုင်မှုကို ရည်မှန်းချက်ထားပြီး မြိတ်လူငယ်တစ်စုက ဦးဆောင်တည်ထောင်ထားခြင်း ဖြစ်သည်။ သပိတ်မှောက် ကျောင်းသား သခင်ဗေသန်း၊ ကိုဗသော် စသည့် တိုးတက်သော လူငယ်များ ပါဝင်သည်။ ရှေ့ဆုံးတန်းတွင်လက်ပိုက်၍ခါးမတ်ပြီး ထိုင်နေသူမှာ ကိုစိုးမောင်ဖြစ်သည်။ ကိုစိုးမောင်မှာ ယခုအခါ ရှပ်ရှင်ဒါရိုက်တာ ဦးကျော်စိုး (ခေါ်) ဘိုတ်ကလာတဲ့ ငပြာရည်ပင်ဖြစ်သည်။

ဗလအဖွဲ့နှင့်ကပ်လျက် ဘုံဝါဒစာဖတ်အသင်း ရှိသည်။ ဘုံဝါဒစာဖတ်အသင်းမှ ကိုဗသော်၊ ကိုမောင်မောင်၊ ကိုသောင်းစိန်၊ ကိုကျင်စိန်၊ ကိုစိုးမောင်တို့မှာ ဗလအဖွဲ့တွင်လည်း ပါဝင်ကြသည်။ ဘုံဝါဒ စာဖတ်အသင်းသည်ဘုံဝါဒလက်ရေးမဂ္ဂဇင်းကိုလစဉ်ထုတ်ဝေရာ ဂျပန်ခေတ်တွင် ဆိုရှယ်လစ်ခေတ်ဦးကို မျှော်မှန်းသော ဘုံဝါဒစာဖတ်အသင်းနှင့် မဂ္ဂဇင်းမှာ တိမ်မြုပ်သွားရသည်။ ထိုအခါ ဗလအဖွဲ့မှ ဒို့လက်ရုံးမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ သခင်ဗေသန်းမှာ တို့ဗမာအစည်းအရုံးတွင် အရေးပါသူဖြစ်ရာ စစ်ဖြစ်တော့မည့်ဆဲဆဲတွင် ဗလအဖွဲ့၏ ကာယ လေ့ကျင့်နေခိုက် ဗြိတိသျှအစိုးရ ဖမ်းဆီးခြင်းကိုခံလိုက်ရပြီး နေ့ကုန်ထောင်ကြီးသို့ အပို့ခံရသည်။ ဗလအဖွဲ့မှာ ဂျပန်ခေတ်နှင့်အတူ ပျောက်ကွယ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ငှက်သိုက်ငှက်

### (ငှက်သိုက်ငှက်များ ထူးဆန်းစွာလာရောက်နေထိုင်သည့် အိမ်ကြီး)

ငှက်သိုက်သည် ပျံလွှားငှက်မျိုးတွင်ပါဝင်သော ငှက်က လုပ်သည့် အသိုက်ဖြစ်၏။ ထိုငှက်မျိုးသည် မိမိတို့၏အသိုက်ကို အခြားငှက်များကဲ့သို့ သစ်ချက်သစ်ကိုင်းများဖြင့် မပြုလုပ်ကြဘဲ ထူးဆန်းစွာ အာခေါင်မှ အစေးတစ်မျိုးကို အန်ထုတ်၍ အသိုက်ပြုလုပ်ကြသည်၊ အစဦးတုံး ထွေးထုတ်သော အာခေါ်မှာ ဖြူစင်၏၊ ထွေးရဖန်များသော အခါ၌ကား ညွှေးပင်ပါသာတက်သည်၊ ငှက်သိုက်သည် ဆေးဘက်ဝင်၍ အာဟာရ ဓာတ် ပြည့်ဝသောအစာတစ်မျိုး ဖြစ်သည့်အပြင် အရသာမှာ အထူးပင် ကောင်းမွန်သေသည်။ ထို့ကြောင့်ငှက်သိုက်ကို တန်ဖိုးကြီးစွာ၍ ဝယ်ယူကြရသည်။

ငှက်သိုက် ထုတ်ပေးနိုင်သော ငှက်မျိုး သုံးမျိုးခန့် ရှိသည်၊ ယင်းတို့ကို မိုးစာငှက်၊ ပြီလဲငှက်၊ ဇီဝိုးငှက်ဟူ၍ ခေါ်ကြသည်။ မြန်မာနိုင်ငံ၌ ရရှိသော ငှက်သိုက်မှာ ဇီဝိုးငှက်မျိုးကလုပ်သော ငှက်သိုက်ဖြစ်သည်။ ငှက်သိုက်ကို ထားဝယ်ကမ်းခြေရှိ ကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုသိမ်မြို့ အနောက်ဘက်ရှိ ကျွန်းများတွင်တွေ့ရသည်၊ ထို့ပြင် မလွှဲယူကျွန်းဆွယ်၊ ယိုးဒယား၊ ဖိလစ်ပိုင်နိုင်ငံ အနီးရှိ ကျွန်းများတွင်သည်း တွေ့ရသည်ဟု မြန်မာ့စွယ်စုံ ကျမ်း အတွဲ(၃)တွင် ဖော်ပြမှတ်သားခဲ့ရပါသည်။

မြိတ်ကျွန်းစုမှ ငှက်သိုက်သည် ပင်လယ်ကမ်းခြေဘေးမှ မိုင် ၃၀ ကျော် အကွာ ပင်လယ်ပြင်အတွင်းရှိ ကျွန်းကြီးများ၌ဖြစ်သည်။ ထိုကျွန်းများမှာ ပခေသာမြို့နယ်ရှိ မလိကျွန်း၊ မြိတ်အနောက်မြို့နယ်(ယခု ကျွန်းစုမြို့နယ်)ရှိ ဇရဒေ၊ ပန်းသုံးကျွန်းစု၊ ဘုတ်ပြင်းမြို့နယ် ပုလုတ်ကျွန်းစု၊ ကော့သောင်းမြို့နယ်အတွင်းရှိ ကဆိုင်းလှနှင့် ကော့နေကျွန်းစုများတွင် ဖြစ်လေသည်။

ငှက်သိုက်ဆိုတ်သူရှိန်ဖြစ်သည့် ဇန်နဝါရီလ၊ မေလအတွင်းတွင် ငှက်သိုက်များရှိသည့် ကျောက်ဂူဘာင်ပိုက်ခေါင်းအတွင်းသို့ဝင်ရောက်၍ ထိုနေ့ဘစ်ဆင့် အတွင်း ကျောက်နံရံကို ခဲကပ်၍၊ တက်ရောက်ဆွတ်ယူကြရကြောင်း၊ မေလကုန်၍ မုန်လအ ရွှင်းသို့ ရောက်လျှင် ငှက်အသေးများမှာ ထိုကျောက်ဘာဝ်သိုက်ခေါင်းကို စွန့်ခွာ၍ အစုလိုက်အအုပ်လိုက် ပျံသန်းထွက်ခွာသွားတတ်ကြကြောင်း၊ သို့တစေ ဒီဇင်ဘာလ၌မူ မိမိတို့ ... နေထိုင်ရာဖြစ်သော ကျောက်ဘာင်သိုက်ခေါင်း အတွင်းသို့ ... လည်း ရောက်ရှိလာကြမြဲဖြစ်ကြောင်းကိုသည်း မှတ်သားခဲ့ရဖူးပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုငှက်ကလေးများ နှင့် ပတ်သက်၍ ထူးခြားချက် တစ်ရပ်မှာ မြိတ်မြို့၌ တွေ့ရှိရပေသည်။ ယင်းအချက်မှာ လူသူကင်းဝေးသည့်ပင်လယ် ပြင်အတွင်း၊ ကျွန်းအချို့၌သာ ကျက်စားလေ့ရှိသည့် အဆိုပါငှက်ကလေး များမှာ တစ်မူထူးခြားစွာ လူနှင့်အနီးစပ်ဆုံး လူနေအိမ်၌ လူနှင့်အတူ နေထိုင်လျက် အသိုက်များပြုလုပ်ခြင်း၊ ရာသီမရွေး အိုးကော့ အိမ်ကော မည်သည့်ဒေသသို့မျှ ပျံထွက်သွားလာခြင်းမရှိဘဲ တစ်စိုက်မတ်မတ်နေထိုင် လာခဲ့ခြင်းတို့ကြောင့်ပင်ဖြစ်ပေသည်။

ထိုငှက်ကလေးများ ပျော်မွေ့စွာ နေထိုင်သည့် အိမ်ကြီးမှာ မြိတ်မြို့ ဗဟိုနားလမ်းက နှင်ထင်ထုတ်ကြီး တင်ဆောင် ဖြစ်လေသည်။ အိမ်ရှင်မိသားစုက အိမ် အပေါ်ထပ်နှင့် အောက်ထပ် နောက်ဖေးနေကို ငှက်ကလေးများ အတွက် သီးခြား စီစဉ်ပေးထားပြီး မိမိတို့က မူ အိမ် အောက်ထပ် အရှေ့ပိုင်းတွင် နေထိုင်ကြသည်။ ငှက်ကလေး များမှာ တစ်နေ့လုံးတစ်ညလုံးဖွင့်ပေးထားသော အိမ်ကြီး အပေါ်ထပ် ပြူတင်း ပေါက်မှလည်းကောင်း၊ အိမ်အောက်ထပ် တံခါးကြီးမှ လည်းကောင်း ဥဒဟို ဝင်ထွက်လှုပ်ရှား ပျံသန်းနေတတ်ကြပြီး ညနေပိုင်းတွင် ဝက် ကောင်းကင်၌ မြူးတူးပျံသန်းနေတတ်ကြသည်။

၎င်းတို့၏ အသိုက်များကိုကား အိမ်အတွင်း မျက်နှာကြက်နှင့် ထုတ်တန်းတို့၌ပြုလုပ်ကြသဖြင့် ငှက်သိုက်နှင့်ငှက်ကလေးများ၏ လှုပ်ရှားမှု ကို အလွန်နီးကပ်စွာ လေ့လာအကဲခတ်နိုင်လေသည်၊ ငှက်ကလေးများမှာ ထိုအိမ်ကြီးတစ်အိမ်ထဲ၌သာ နှစ်ပေါင်းများစွာ နှင့်ပြည့်ပြည့် နေထိုင်လာခဲ့သည် မှာ အံ့ဩရာဖြစ်နေသည်။

ထိုအိမ်ကြီး၏မူလပိုင်ရှင်မှာ ဦးတိုးတင်ဝွမ်နှင့်ညီအစ်ကိုမောင်နှမများ ဖြစ်၏။ ထိုအိမ်ကြီးတွင် ဦးတိတ်ဝွမ်နေထိုင်ခဲ့ပြီး ၎င်းကွယ်လွန်သောအခါ ညီဖြစ်သူ လူပျိုကြီး ဦးတင်ဂျက က ဆက်လက်နေထိုင်ခဲ့သည်။ ၎င်းကွယ်လွန် ပြန်သောအခါ ၎င်း၏အစ်မဖြစ်သူ ဒေါ်သဲလေး က ဆက်လက် ထိန်းသိမ်း ခဲ့သည်။ လက်ရှိတွင် ထိုအိမ်ကြီးအား ဦးရန်အောင်နှင့်မိသားစုတို့ကပိုင်ဆိုင် ၍ ငှက်ကလေးများနှင့်အတူ နေထိုင်လျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြိတ်လေဆိပ်

မြိတ်လေယာဉ်ကွင်းကို ဒုတိယကမ္ဘာစစ် မတိုင်မီက ဗြိတိသျှအစိုးရက တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး၍ ၁၉၄၈ခုနှစ်ကပင် ချိုးဖြူလေယာဉ်ငယ် ခြောက်စီးဖြင့် လေကြောင်းပို့ဆောင်မှုကို စတင်ခဲ့ရာ ပြည်တွင်းစခန်း ၁၉မြို့သို့ ပျံသန်းခဲ့ရာ မြိတ်လေဆိပ် ပါဝင်လေသည်။

၁၉၄၈ခုနှစ်တွင် အမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေး အမိန့်တစ်ရပ်ထုတ်ပြန်၍ ပြည်တွင်း လေကြောင်း သယ်ယူပို့ဆောင်မှုကို စတင်ခဲ့ပြီး ၁၉၅၂ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးဥပဒေကို ပြဋ္ဌာန်းလျက် 'ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးအဖွဲ့'ကို ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က မြိတ်ခရီးစဉ်တွင် ဒါကိုတာ လေယာဉ်များကို အသုံးပြုခဲ့သည်။

၁၉၇၂ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်အရ ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး 'လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း'အဖြစ် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၆ခုနှစ်တွင် ဒါကိုတာလေယာဉ်ဖြင့် ပျံသန်းမှုကို လုံးဝရပ်ဆိုင်းခဲ့သည်။ ထိုခရီးစဉ်တွင် ၄၄ဦးတင်ဆောင်၍ တစ်နာရီ ပျမ်းမျှမိုင် ၁၇၀ကျော်နှုန်း ပျံသန်းနိုင်သည့် ပန်ကာနှစ်လုံးတပ် ဖော်ကာအက်ဖ် ၂၇ အမျိုးအစားလေယာဉ်ကို အစားထိုး ပျံသန်းခဲ့သည်။ သို့သော် မြိတ်လေယာဉ်ကွင်းသည် နောက်ပိုင်းတွင် ယင်းလေယာဉ်များ ဆင်းသက်အသုံးပြုနိုင်သည့် အခြေအနေ မရှိတော့သဖြင့် ၁၉၇၇ခုနှစ်တွင် ခရီးသည် အနည်းဆုံး(၁၈)ဦးမှ အများဆုံး (၂၀)ဦးအထိ တင်ဆောင်နိုင်ပြီး တစ်နာရီ ပျမ်းမျှ ၁၂၀မိုင်ခန့် ပျံသန်းနိုင်သည့် 'တွင်အော်တာ' လေယာဉ်ငယ်များကို အစားထိုးခဲ့ရသည်။

နိုင်ငံတော်အစိုးရသည် မြိတ်လေယာဉ်ကွင်းသစ် တည်ဆောက်ရေးအတွက် ကျပ်ငွေ ၂၂သိန်း လျာထား သတ်မှတ်ပေးခဲ့သဖြင့် ၁၉၇၈ခုနှစ်တွင် မြိတ်လေယာဉ်ကွင်းသစ် ဆောက်လုပ်ရေးကို စတင်ခဲ့ရာ ၂၂-၁၁-၇၈ ရက်နေ့ နံနက် ၇နာရီအချိန်တွင် မြိတ်လေယာဉ်ကွင်း တည်ဆောက်ရေး လုပ်အားပေး ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်း ဒေသကောင်စီ ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးသန်းဌေးက ပေါက်တူးဖြင့် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်း ဒေသပါတီကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းဌေး၊ မြိတ်အရှေ့၊ မြိတ်အနောက်မြို့နယ်မှ ပါတီ၊ ကောင်စီ၊ လမ်းစဉ်လူငယ်များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်တွင်း၊ ကုန်တင်ကုန်ချ လုပ်သားကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက် ကျေးရွာ ၁၄အုပ်စု အပါအဝင် အဖွဲ့အစည်း ၁၉ဖွဲ့ရှိ လုပ်အားပေးတပ်ဖွဲ့ဝင်အား ၁၆၆၀၀ တို့ တက်ရောက်ခဲ့ကြသည်။ လေယာဉ်ကွင်းသစ် ဆောက်လုပ်ရေး ပထမအကြိမ် လုပ်အားပေး လုပ်ငန်းကို လမ်းခင်းရန် ၈၀၀ ကျော် တို့က ပေ ၅၀ ပတ်လည်ရှိ မြေကွင်းပေါင်း ၄၅ကွင်းကို နှစ်လကြာ တူးဖော် လုပ်အားပေးခဲ့ကြသည်။

ထိုသို့ တည်ဆောက်၍ နှစ်နှစ်ခန့်ကြာသောအခါ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်အောင်နှင့် ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှမြတ်တို့သည် ၁၄-၆-၈၀ ရက်နေ့ တွင် ဘီအေစီလေယာဉ်ဖြင့် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ် တွင် တနင်္သာရီတိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်သန်းနှင့်အဖွဲ့က ကြိုဆိုခဲ့ကြပြီး ထားဝယ်လေဆိပ်မှ မြိတ်လေဆိပ်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

မြိတ်လေဆိပ် ဆောက်လုပ်ရေး ရုံးခန်းတွင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့အား ဆောက်လုပ်ရေး အင်ဂျင်နီယာများက လုပ်ငန်း ဆောင်ရွက် ချက်များကို ပုံစံကားချပ်များဖြင့် အသေးစိပ် ရှင်းလင်း တင်ပြကြပြီး လမ်းညွှန်မှု ခံယူကြသည်။ ထိုနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှစ်ဦးတို့သည် ဆောက်လုပ်ရေးကော်ပိုရေးရှင်းနှင့် ဆိပ်ကမ်းကော်ပိုရေးရှင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများကို ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး နှစ်ဦးနှင့် အဖွဲ့သည် ၁၅-၆-၈၀ရက်နေ့ နံနက်တွင် မြိတ်လေဆိပ် လေ ယာဉ်အဆင်းအတက်လမ်းပေါင်းများကို စစ်ဆေးကြည့်ရှုပြီး၊ ညနေပိုင်း တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

မြိတ်လေယာဉ်ကွင်းသစ်ကို လေယာဉ်ပြေးလမ်း အရှည်ပေ ၅၅၀၀ အသားတင် လေယာဉ် ပြေးလမ်း အကျယ်ပေ ၁၀၀ အပါအဝင် စုစုပေါင်း ပေအကျယ် ၆၀၀ရှိဖြင့် ၁၉၇၇-၇၈ ဘဏ္ဍာတော်နှစ်တွင် စတင်တည်ဆောက်စေခဲ့ရာ ထိုသို့တည်ဆောက်ရာတွင် လူနေအိမ်ခြေ (၇၇)အိမ်၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် သစ်ပင်ကြီးငယ် ပေါင်း ၇၀၀၀ကျော်ကို ဖုတ်တွင် ရှင်းလင်းခဲ့ရလေသည်။

www.burmeseclassic.com



မြိတ်သေသာဉ်ဘွင်းသစ် တည်ဆောက်ရေးလုပ်ငန်း ပြီးဆုံးပြီးနောက် မြိတ်သလဗိုင်ရှင့်ပွဲကို ၂၉-၄-၈၃ ရက်နေ့ နံနက် ၈ နာရီ အချိန်တွင် မြိတ်သေသဘိပ်အသစ် ဒေသသာဉ်ပြုသင်းကြောင်း၊ မြောက်ဘက် ဒိဝိ်ကျွဲးပဆု တနင်္သာရီတိုင်းပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးအုန်းညွှန့်ကဖွဲ့ကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းဖွင့်ပွဲ အခမ်းအနားသို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးစောဖြူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစောလှဖြူ၊ တနင်္သာရီတိုင်း ဒေသပါတီ ကော်မတီ ဥက္ကဋ္ဌ ဦးရဲခင်၊ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသောင်းညွန့်၊ အိပ်ကမ်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝိုး၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျင်လှိုင်၊ မြို့ပြ ဒေသကြောင်း၊ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညွန့်၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း အင်ဂျင်နီယာညွှန်ကြားရေးမှူး(သင်း)ဦးခင်မြိတ်စသည့်နှင့် အခြားကော်မြို့နယ်များမှပါတီ၊ ကောင်စီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် မြို့မှ ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ယခုအခါ မြိတ်သေသကြောင်းခရီးစဉ်တွင် ဖော်ကာအက်ဖ် ၂၇ အပြင် ခရီးသည် ၆၅ဦးတင်ဆောင်၍ တစ်နာရီမျှမ်းမျှပိုင် ၃၁၀ကျော်နှုန်း ပျံသန်းနိုင်သည့် ဖော်ကာ အက်ဖ် ၂၈ ဂျက်လေယာဉ် တို့ဖြင့် အစားထိုး ပျံသန်းလျက်ရှိပေသည်။

မြိတ်သို့ ဂျက်လေယာဉ် စတင် ပျံသန်းသည့်ရက်မှာ ၂၉-၄-၁၉၈၃နေ့ ဖြစ်သည်။

○

www.burmeseclassic.com

www.burmeseclassic.com

# မီး

မီးသည် လူသားတို့၏ မိတ်ဆွေလည်းဖြစ်၏၊ ရန်သူလည်းဖြစ်၏။ သက်ရှိလူသားမှန်သမျှ သတိတရားနှင့်အသိတရား ဆင်ခြင်ပေါင်းစပ်လုပ်ကိုင်ကာ မှန်ကန်စွာအသုံးချတတ်ပါက မီးသည် အကျိုးပြုမိတ်ဆွေလည်းဖြစ်၏။ အသိတရားနှင့် သတိတရား ချွတ်ချော်တိမ်းပါးပြီး မှန်ကန်စွာ အသုံးမချတတ်ပါက မီးသည် အနိုင်ကျင့်ရန်သူကြီး ဖြစ်၏။ ထို့ကြောင့် 'မီးဘေးရှောင် မလောင်စေတား' 'မီးသည် လူ့ရန်သူ' 'သင့်ကြောင့် မီးမလောင်ပါစေနဲ့'ဟူသော ဆောင်ပုဒ်များဖြင့် စည်းကမ်းမပြတ် ရာသီမရွေး သတိပေး နှိုးဆော်နေခြင်း ဖြစ်၏။

မီးသည် ရာသီမရွေးလောင်တတ်သည်။ မီးလောင်မှုများကို သုံးသပ်လျှင် ပေါ့ဆမီး၊ ရှို့မီး၊ တောမီး၊ လျှပ်စစ်သုံးစွဲမှု ချို့ယွင်းမှုကြောင့် လောင်သောမီး၊ အလိုအလျောက် လောင်ဘေးဟူ၍ရှိရာ ပေါ့ဆမှုတည်းဟူသော မီးသည် မီးလောင်မှုများ၏ ရာနှုန်းမြင့်မားနေသည်။ မြို့ပြရပ်ကွက်များသည် လူဦးရေ အဆောက်အဦ ထူထပ် ပေါများလာခြင်း၊ လောင်စာဆီလှောင်ခြင်းတို့ကြောင့် နွေဦး၊ နှင်းသောရာသီတွင် လည်းကောင်း၊ ခြောက်သွေ့သော ဆောင်းရာသီတွင်လည်းကောင်း၊ ပို၍ သတိထားကြရန် လိုအပ်လှပါသည်။

မြိတ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် အကြိမ်ပေါင်းမှာ မရေမတွက်နိုင်တော့သော်လည်း အကြီးအကျယ် လောင်ကျွမ်းခဲ့သည့်မီးမှာ လေးကြိမ်ဖြစ်ကြောင်း လေ့လာသိရှိရပေသည်။

၁၈၅၆ ခုနှစ်တွင် မြိတ်မြို့ တစ်ဝက်နီးပါးမျှ မီးလောင်ကျွမ်းခံခဲ့ရသည်မှာ ပထမအကြိမ်ဖြစ်၏။ ဒုတိယအကြိမ်မှာ ၁၉၁၈ ခုနှစ်တွင်ဖြစ်လေသည်။ တွေ့မြင်ရသော စာတိုပေစတမ်းများမှာ နောက်လယ်ရပ် ဦးမြ၏နေအိမ်မှ စတင်လောင်ကျွမ်းခဲ့သော ၁၉၄၀ ပြည့်နှစ် တတိယအကြိမ် မီးလောင်ကျွမ်းမှု ဖြစ်လေသည်။

ထိုမီးမှာ ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ရောက်မလာမီ လောင်ကျွမ်းခဲ့ခြင်းဖြစ်ရာ မြိတ်အရေးပိုင် ဗိုလ်စီတန်နဲ့လက်ထက်တွင် ဖြစ်လေသည်။

အနိဋ္ဌာရုံများသည် အလုပ်တရားများ မဟုတ်။ ၁၈၅၆ ခုနှစ်နှင့် ၁၉၃၁ ခုနှစ်က လောင်ကျွမ်းခဲ့သည့် မီးအန္တရာယ်မှာ အသိတရားကို မီးမောင်းထိုးပြသည့်နှယ် ရှိပြီး သတိတရား လက်ကိုင်ထားကြရန် တပ်လန့်နိုးခဲ့သည်ဖြစ်ရာ မီးလောင်လျှင် ဖြစ်သလိုငြိမ်းသတ်ကြသည့် နေ့စဉ်မှ တစ်ဆင့်တက်ကာ စနစ်တကျ ငြိမ်းသတ်ရေးသို့ ရှေ့ရှုလာခဲ့သည်။ ထို့ကြောင့် ဦးရွှေသင် ရှေ့ဆောင်ရှေ့ရွက်ပြုသည့် လူငယ်အစုတို့က ၁၉၃၂ ခုနှစ်တွင် မြို့မမီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးသတ်တပ်ဖွဲ့မှာ မီးဘေးတားဆီးရေးနှင့် မီးငြိမ်းသတ်ရေးကို ရှုပ်ရှုပ်ချချ ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်ပင် ဗြိတိသျှ အစိုးရက မီးသတ်တပ်ဖွဲ့ခေါင်းဆောင် ဦးရွှေသင်အား အခမ်းအနားဖြင့် ကြေးသွန်း မီးသတ် ဦးထုပ်တစ်လုံးနှင့် မီးသတ်ရာတွင် အသုံးပြုသည့် ပေါက်ဆိန် တစ်ခုကို ချီးမြှင့်ခဲ့လေသည်။ ဦးရွှေသင်သည် မီးသတ် အခမ်းအနားများ တွင်လည်းကောင်း၊ မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ အဆိုပါဦးထုပ် ကို အမြဲတစေ ဆောင်းလေ့ရှိပြီး မီးသတ်ပေါက်ဆိန်ကို အသုံးပြုလေ့ ရှိသဖြင့် 'ရွှေသင်ကြေးခေါင်း'ဟူသော အမည်မှာ လူတိုင်း ပါးစပ်များ တွင် ရေပန်းစားလျက်ရှိပေတော့သည်။

ထိုနောက် ၁၉၃၅ခုနှစ်တွင် ထားဝယ်စု မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ၁၉၈၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့က ထိုမီးသတ် တပ်ဖွဲ့၏ အနှစ်၅၀ ရွှေရတုသဘင်ကို ကျင်းပ ပြုလုပ်ခဲ့ပြီး ဖြစ်လေသည်။

နောက်ပိုင်းတွင် မြို့ကွက်ရပ်ကွက်တိုင်းလိုလို မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ ခေတ်နှင့်စနစ်နှင့် တိုးတက်လာသော မီးသတ် တပ်ဖွဲ့ များမှာ မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် ငြိမ်းသတ်ရေး တို့တွင်သာမက လူမှုရေးနှင့် တိုင်းပြည်ကာကွယ်ရေး လုပ်ငန်းတို့တွင်ပါ တဘက်တအား ပါဝင်လှုပ်ရှားခဲ့ကြသည်။

စတုတ္ထအကြိမ် မီးကား ၁၉၇၂ခုနှစ် ဒီဇင်ဘာလ ၆ရက်နေ့တွင် နောက်လယ်ရပ်ကွက် ဒေါ်လှနု၏ နေအိမ်မှ စတင်လောင်ကျွမ်းခဲ့သော မီးဖြစ်လေသည်။ မီးလောင်ချိန်တွင် လေပြင်းတိုက်ခတ်နေမှုနှင့် မီးသတ် ကားများ မဝင်နိုင်လောက်အောင် လမ်းများ ကျဉ်းမြောင်းနေသဖြင့် မီးမှာ တစ်အိမ်နှင့်တစ်အိမ်သို့ လျင်မြန်စွာ ကူးစက် လောင်ကျွမ်းခဲ့သည်။ ထိုမီးကြောင့် နောက်လယ်ရပ်ကွက်၊ တလိုင်းစုရပ်ကွက်၊ ဈေးတန်းရပ်ကွက် နှင့် အလယ်ကျွန်းရပ်ကွက်များ မီးသင့်ခဲ့ရာ အဆိုပါ ရပ်ကွက်လေးခု မီးဘေးသင့်သူများ၏ အဆောက်အဦနှင့် ပစ္စည်းဆုံးရှုံးမှု ခန့်မှန်း တန်ဖိုး မှာ အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ရလေသည်။

| | | |
|---|---|---|
| ၁။ နောက်လယ် ရပ်ကွက် | ၃၂၁၄၁၉၅၀ | ကျပ် |
| ၂။ တလိုင်းစု ရပ်ကွက် | ၈၁၀၉၃၀၀ | ကျပ် |
| ၃။ ဈေးတန်း ရပ်ကွက် | ၃၄၀၃၀၀၀ | ကျပ် |
| ၄။ အလယ်ကျွန်း ရပ်ကွက် | ၃၂၉၀၅၉၀ | ကျပ် |
| စုစုပေါင်းတန်ဖိုး | - ၄၇၃၄၉၈၄၀ | ကျပ် |

ဖြစ်လေသည်။ မီးသင့်ခံရသည့် ဒုက္ခသည်များစာရင်းကိုကြည့်လျှင်

၁။ မီးသင့်လောင်ကျွမ်းသည့်
အိမ်ပေါင်း ၁၈၇၂ ...

www.burmeseclassic.com

မီးသတ်ဗိုလ်မှူးသင်





ဦးမှူးသင်အားမြို့တော်သူအစိုးရက ချီးမြှင့်ခဲ့သည့်
မီးသတ်ဦးထုပ်နှင့်ဆပ်ကော်တံဆိပ်







မြို့တော်မီးသတ်တပ်ဖွဲ့ဝင်များအား ဤသို့အခမ်းအနားဖြင့်
၁၃-၁၁-၆၀ ရက်နေ့ကလက်နက်များ
တပ်ဆင်ပေးခဲ့သည်

www.burmeseclassic.com
www.burmeseclassic.com

အချို့နေရာများသည်အလှယာရသေးသည် မြို့ကြမ်းနှင့် ၁၉၁၀ ခုနှစ်တလောက်ကမြို့ကြီးအများအပြားမှာ အဆင်တရားကိုမီးလောင်ခဲ့ပြီဟုသည်









၁၉၄၂ ခုနှစ်
တတွဲတွဲအကြိမ်ကြိမ်မီးလောင်ခြင်းမြင်ကွင်းအာ
နောက်ကလယ်ရပ်ကွက်ဖြို့ဖျက်ခံရသည်ကိုတွေ့နိုင်သည်



www.burmeseclassic.com



| | |
|---|---|
| ၂။ မီးသင့်လောင်ကျွမ်းသည့် အိမ်ထောင်စုပေါင်း | ၂၆၄၉ စု |
| ၃။ မီးသင့်လောင်ကျွမ်းသည့် လူဦးရေပေါင်း | ၁၃၄၅၁ ဦး |
| ၄။ မီးသင့်လောင်ကျွမ်းသည့် အစိုးရအဆောက်အဦနှင့် ပစ္စည်းတန်ဖိုး | ၁၁၀၃၆၃၅၉ ကျပ် ၄၃ပြား |
| ၅။ မီးသင့်လောင်ကျွမ်းသည့် သာမဝါယမပိုင်းဆောက်အဦ နှင့် ပစ္စည်းတန်ဖိုး | ၂၆၂၃၉၀ ကျပ် ဂ၅ ပြား |
| ၆။ မီးသင့်လောင်ကျွမ်းသည့် အစိုးရမှငှားရမ်းထားသည့် အဆောက်အဦတန်ဖိုး | ၁၄၅၅၀၀၀ ကျပ် ၀၀ |
| ၇။ မီးသင့်လောင်ကျွမ်းသည့် လုပ်သားပြည်သူတို့၏ ထိုးအိမ်နှင့်ပစ္စည်းတန်ဖိုး | ၄၇၃၄၉ဂ၄၀ကျပ် ၀၀ |
| ဂ။ မီးသင့်ခံရသည့် စုစုပေါင်းတန်ဖိုး- | ၆၀၁၀၃၅၉၀ ကျပ် ၃၂ |

ဖြစ်ကြောင်း တွေ့ရှိနိုင်လေသည်။

အရာခပ်သိမ်း ပေါ်ပေါက်လာသမျှသော မီးဘေး၊ ရေဘေး၊ လေဘေး စသည့် သဘာဝဘေးအန္တရာယ်များကို ယနေ့ နိုင်ငံတော်သည် အဘက်ဘက်က စီမံကိန်းချ၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသကဲ့သို့ ဘေးအန္တရာယ်ကြုံလာလျှင် ပြည်သူလူထု လှုပ်ရှားမှုအသွင်ဖြင့် ပူးပေါင်း ဖြေရှင်းဆောင်ရွက်သည်ကို တွေ့ရမည်ဖြစ်ပေသည်။ သို့သော် မီးရန်သုကို သတိမမူလျှင်၊ မီးဘေးရှောင် မလောင်ခင် မတားလျှင် ဤသို့ ဤနယ် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရပေလိမ့်ဦးမည်။

မီးလောင်ပြီဆိုလျှင် ဝိုင်းဝန်းငြိမ်းသတ်ခြင်းထက် ပစ္စည်းယူ မီး လွတ်ရာ ပြေးကြသူ များလှလေရာ မိနစ်ပိုင်းအတွင်း အရှိန်ပြင်းစွာလောင် သောမီးသည် လူကမနိုင်တော့ပဲ ပို၍အရှိန်ကြီးသွားရသည်။ မီး မီးဆိုလျှင် ဝိုင်းကြည့်ချင်သူများကြောင့်လည်း မီးငြိမ်းသတ်ရာတွင် များစွာ အနှောင့် အယှက်ဖြစ်ကြရသည်။ တကယ်မီးကြီး လာလေ မီးကြည့်ပရိသတ်များလေ ဖြစ်ရာ မီးလောင်လျှင် လမ်းရှင်းရေး၊ လုယက်မှု မရှိရအောင် ထိန်းသိမ်းရသည့် အလုပ်မှာ မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်ပွားဖြင့် တာဝန်သိသိ နေရာယူတတ်ဖို့လည်း အထူးလိုအပ်လှပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## မြစ်ကြီး စည်ပင်သာယာဈေးကြီး

"စည်ပင်သာယာဈေးကြီး"ဟူသော အခေါ်အဝေါ်မှာ လက်ရှိ အခေါ်အဝေါ်ဖြစ်လေသည်။ လွန်ခဲ့သောအချိန်များကမူ ထိုဈေးကြီးကို "ပြည်တော်သာဈေးကြီး"ဟူ၍ လည်းကောင်း၊ "မြူနီစီပါယ်ဆိုင်ငယ် ဈေးကြီး"ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြလေသည်။

ထိုမတိုင်မီမူ မြစ်ဈေးကြီးမှာ မြစ်ကြီး ဈေးတန်းရပ် (ယခု ဆောက်လုပ်ရေးဝင်းကြီး) နေရာ၌ ဖြစ်လေသည်။ ထိုဈေးကြီးကို အကြောင်းပြု၍ ဈေးတန်းရပ်၊ ဈေးခေါင်းရပ် ဟူသော အရပ် အမည် နာမများ ပေါ်ပေါက်လာရလေသည်။

မြစ်ကြီး ကမ်းနားလမ်း ကျောက်တန်းဆည်ဖို့၍ ပြီးသောအခါ လက်ရှိ စည်ပင်သာယာဈေးကြီးနေရာတွင် မြူနီစီပါယ်ဆိုင်ငယ်ဈေးကြီး ဆောက်လုပ်ရန်အတွက် မြေကွက်ကြီးကို နိုင်ငံတော်အစိုးရထံမှ မြေငှား ပတ္တာဖြင့်ရယူခဲ့ပြီး ၁၉၃၉-၄၀-ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့လေ သည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ ဆက် လက် ဆောက်လုပ်နိုင်ခြင်းမရှိတော့ဘဲ ဆောက်လုပ် ပြီးစီးခဲ့သည့် ဇာရုံ၊ ဘီရုံ၊ စီရုံနှင့် ငါးရုံ နှစ်ရုံ၊ ဝက်သားရုံတို့အပြင် အမဲသားရုံ၊ ဆိတ်သားရုံ တို့နှင့်အတူ ဆောက်လုပ်ရန် ရည်ရွယ်ထားဆဲ ဖြစ်သော အထည်ရုံ၊ အခြောက်အခြမ်းရုံ၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ဖွယ်ရုံတို့ကို ဆက် လက် အကောင်အထည်ဖော် ဆောက်လုပ်နိုင်ခြင်း မရှိတော့ပေ။ စစ်ကြီး အကုန်း အဆိုပါ ဆောက်လုပ်ပြီးစီးခဲ့သော ဈေးရုံများအနက် ဇာရုံ၊ ဘီရုံတို့မှာ ဗုံးဒဏ်ကြောင့် များစွာ ပျက်စီးခဲ့ရသဖြင့် စစ်ပြီး၍ မြူနီ စီပါယ်အဖွဲ့ ပြန်လည်ဖွဲ့စည်းသောအခါ ပျက်စီးသွားသော အဆိုပါရုံ နှစ်ရုံကို ယာယီ အသုံးပြုနိုင်ရုံမျှသာ ပြုပြင်ခဲ့ပြီး အထည်ရုံ၊ အခြောက် အခြမ်းရုံ၊ ဟင်းသီးဟင်းရွက်ရုံ နှင့် စားသောက်ဖွယ်ဆိုင်များ အတွက် ရုံများကိုသာ ဆက်လက်ဆောက်လုပ်ခဲ့လေသည်။


ပြည်တော်သာခေတ်သို့ ရောက်သောအခါ ခေတ်မီပြည်တော်သာ ဈေးကြီးအဖြစ် ပွမ်းမံဆောက်လုပ်သွားနိုင်ရန် အစီအစဉ်များ ချမှတ်ပြီး စီမံချက်များ စနစ်တကျရေးဆွဲကာ လိုအပ်လျက်ရှိသော ငွေ ရှစ်သိန်း ကျော်ကို မြစ်ကြီး မြူနီစီပါယ်အဖွဲ့အနေဖြင့် နိုင်ငံတော် အစိုးရထံမှ ချေးငှားရန် တနည်းရတိုင်း ပြည်တော်သာအဖွဲ့မှတစ်ဆင့် လျှောက်ထား တောင်းခံဆောက်လုပ်ခဲ့လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



လင်းပင်ထိပ်တင်ဒွေး နှင့် ဇနီး



www.burmeseclassic.com

www.burmeseclassic.com



## လင်းပင် ထိပ်တင်ဒွေး

လင်းပင် ထိပ်တင်ဒွေးသည် မကွယ်လွန်မီ တစ်ရက်အထိ မြိတ်ခရိုင်ဝန် အဖြစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်လေသည်။ ၃-၂-၅၀ မှ ၁၄-၉-၅၁ ရက်နေ့အထိ ဖြစ်၏။ ဇနီးမှာ ဒေါ်နု့သာဒေါ်တင်တင် ဖြစ်လေသည်။

၁၉၅၁-ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်၊ စနေနေ့ နံနက် နှစ်နာရီအချိန်တွင် မြိတ်မြို့အား ကေအင်ဒီအိုသောင်းကျန်းသူတို့ ဝင်ရောက်စီးနင်းခဲ့ကြသည်။ သောင်းကျန်းသူများမှာ အုပ်စု နှစ်စုခွဲလျက် ၁-စုက ခရိုင်ဝန်၏နေအိမ်နှင့် ငွေတိုက်အား လည်းကောင်း၊ ကျန်တစ်စုမှာ မြို့မပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့လည်းကောင်း၊ ဝင်ရောက်စီးနင်းကြခြင်း ဖြစ်ခဲ့လသည်။

ခရိုင်ဝန်၏နေအိမ်သို့ဝိုင်းသည့် သောင်းကျန်းသူများမှာ ခရိုင်ဝန်အိမ်ဝင်းအတွင်း၌နေထိုင်သည့် ကရင်ရေးရာအရာရှိ စောအေးမြင့်၏မျက်နှာအညီဖြင့် ဝင်ရောက်ကြခြင်းဖြစ်သည့်အတွက် ရှေ့ဦးစွာ စောအေးမြင့်အား ဖမ်းဆီးဟန့်ပြုပြီး ခရိုင်ဝန်၏နေအိမ်တံခါးကိုဖွင့်ပေးရန် အော်ဟစ်တောင်းဆိုစေသည်။ သို့သော် ခရိုင်ဝန်အနေဖြင့် အိမ်တံခါးကိုဖွင့်ပေးခြင်း မပြုသည့်အပြင် သေနတ်ဖြင့်ပြန်လည်ခုခံသောကြောင့် ကေအင်ဒီအိုတို့က နေအိမ်တံခါးကိုရိုက်ချိုးပြီး အိမ်အတွင်းသို့ ဝင်ရောက်ကြကာ ခရိုင်ဝန်အား လက်ရဖမ်းဆီးလိုက်ကြသည်။ ထို့နောက် မော်တော်ကားဖြင့် ခရိုင်ဝန်အားတင်ဆောင်လျက် ငွေတိုက်ရှိရာသို့ ကားကိုမောင်းစေသည်။ ငွေတိုက်အရှေ့သို့အရောက်တွင် ခရိုင်ဝန်အား ငွေတိုက်အစောင့်များ လက်နက်ချ၍ ငွေတိုက်ကို အသာတကြည်ပေးအပ်ရန် အမိန့်ပေးစေသည်။ ထိုအခါ ခရိုင်ဝန်သည် ငွေတိုက်အစောင့်များ လက်နက်ချရန် အမိန့်မပေးရုံမျှမက ခုခံတိုက်ခိုက်ကြရန်အမိန့်ပေးပြီး မိမိကိုယ်တိုင်လည်း ကားပေါ်မှလှိမ့်ချကာ ရှောင်တိမ်းပေးသည်။ သောင်းကျန်းသူများမှာ ခရိုင်ဝန်အား သေနတ်ဖြင့်လှမ်းပစ်ရာ ခရိုင်ဝန်တွင် သေနတ်ထိမှန်သွားပြီး တောင်စောင်းအောက်သို့ လိမ့်ဆင်းသွားသည်။ ထိုအချိန်တွင် ငွေတိုက် အစောင့်များထံမှ ခုခံတိုက်ခိုက်သံများပေါ်လာပြီး တစ်ဘက်နှင့် တစ်ဘက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ကြတော့သည်။ သောင်းကျန်းသူများမှာ အရှက်ကျင်း၍အလင်းသို့ရောက်လာသည့်တိုင် ငွေတိုက်တွင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်းမပြုနိုင်ဘဲ ဆုတ်ခွာသွားရလေတော့သည်။

မြို့မပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ဝင်ရောက်စီးနင်းကြသည့် ကရင်အုပ်စုမှာလည်း ရဲဌာနဝင်းတံခါးပိတ်ထားသဖြင့် လွယ်လင့်တကူ ဝင်ရောက်

www.burmeseclassic.com



နိုင်ခြင်းမရှိဘဲ ရဲဌာနအရှေ့မြောင်းကြီးတင်လျှောက်၍သာအကာအကွယ်ယူကာ လက်နက်ချရန် အော်ဟစ်ပြောဆိုနေကြသည်။ ထိုအချိန်တွင် တောင်ကုန်းပေါ် ငွေတိုက်ဘက်မှ သေနတ်သံများကြားရသည်နှင့်ရဲစခန်းမှ ရဲဘပ်သားများက စတင်ပစ်ခတ်တော့ရာ အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ ကျေကြာလျှင် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ဦးသတ်တပ်ဖွဲ့ဝင်များပါ အကူအညီရောက်လာ၍ခုခံတိုက်ခိုက်ကြရာ သောင်းကျန်းသူများ ဂ စဉ္စကလျှားဆုတ်ခွာ ထွက်ပြေးကြရလေတော့သည်။

မနက်လင်းသည်နှင့် ငွေတိုက်သို့ တက်ရောက်ကြည့်ရှုရာ ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးနေပြီး တောင်စောင်းအောက်တွင် မကွယ်လွန်သေးဘဲ သေနတ်ဒဏ်ရာဖြင့် လဲကျနေသော ခရိုင်ဝန်ကို တွေ့ရသည်နှင့်ချက်ချင်းပင် ဆေးရုံသို့တင်ပို့လိုက်ကြသည်။ သို့သော် ခရိုင်ဝန်မှာ နံနက် ၁၀-နာရီခန့်တွင် ကွယ်လွန်သွားခဲ့လေသည်။

ထိုတိုက်ပွဲတွင် အစိုးရဘက်မှ ခရိုင်ဝန်တစ်ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် နှစ်ဦး ဆုံးရှုံးခဲ့လိုက်ရပြီး သောင်းကျန်းသူဘက်ကမူ ၂၀-ဦးအသေရ၍ ၁၀-ဦးကို အရှင်ဖမ်းဆီးရမိခဲ့သည်။ ထို ၁၀-ဦးထဲတွင် မြိတ်အနောက်မြို့နယ် ဝါရစ် ရွာသူလေးများ ဖြစ်ကြသည့် အသက် ၂၀-နှစ်အရွယ် ခေတ်ပညာတတ် ကျောင်းဆရာမ မတိုးနှင့် ပြည်သူ့ဆေးရုံကြီး၌ သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အသက် ၂၄-နှစ်အရွယ် လုံးကြီးပေါက်လှ နော်ကော်ဥတို့ ပါဝင်ကြလေသည်။

လင်းပင်ထိပ်တင်ဖွေးသည် နယ်ပိုင်ဘဝဖြင့် အင်စိန်မြို့တွင်တာဝန်ထမ်းဆောင်နေရစဉ်ကလည်း ကေအင်ဒီအိုသောင်းကျန်းသူများ အင်းစိန်ကို ဝင်စီးသည်နှင့်ကြုံ၍ အစိုးရတပ်များနှင့်အတူ တိုက်ပွဲတွင် ပါဝင်ခဲ့ရသေးသည်။ ထိုစဉ်က အသက်အန္တရာယ်မရှိခဲ့ပေ။ ယခုအချိန်တွင်မူ ကေအင်ဒီအို သောင်းကျန်းသူများကို အနည်းငယ်မျှ တုန်လှုပ်ချောက်ချားမှု မဖြစ်ဘဲ အသက်စွန့်ကာ ကာကွယ်သွားခဲ့လေသည်။

သူ၏ရုပ်ကလာပ်ကို ၁၉-၉-၅၁ ရက်နေ့ ညနေ ၄-နာရီအချိန်တွင် သူ၏ခမည်းတော်၊ မယ်တော်များ ဂူသွင်းမြှုပ်နှံရာ ရန်ကုန်မြို့ ငါးထပ်ကြီး၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့လေသည်။

သူကျဆုံးရာနေရာ၊ သွေးမြေကျခဲ့သည့်နေရာတွင် အထိမ်းအမှတ်ကျောက်တိုင်တစ်ခုကို ပုံတွင်မြင်ရသည့်အတိုင်း စိုက်ထူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## "ယု"မဂ္ဂဇင်း

"ယု"မဂ္ဂဇင်းကို ငွေဖလားကိုင်ထားသော မျက်နှာဖုံး ခေါင်ပုံဖြင့် မြိတ်မြို့ မြစ်ငယ်ရပ်နေ ဦးလုထူး၊ ဒေါ်သီးစိန်တို့၏ ပထမသမီး၊ ကျောင်းဆရာမ မမြင့်၏ပုံဖြင့် တာဝန်ခံစာတည်း မြိတ်ရင်သွေး၊ တွဲဘက်စာတည်း ကြည်မွန်ထွေး၊ တိုက်အုပ် ပန်းချီအောင်လှတို့က ထုတ်ဝေခဲ့သည်။ ထုတ်ဝေသည့် ရက်စွဲကို တိတိပပ ဖော်ပြမထားသော်လည်း ၁၉၆၁-ခုနှစ် အတွင်း ထုတ်ဝေခဲ့သည်ဟု ခန့်မှန်းနိုင်လေသည်။

ထိုမဂ္ဂဇင်းကို မြိတ်မြို့ ထားဝယ်စုရပ် ရွှေဆောင်ရုံလမ်းမြို့မေတ္တာ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး မြိတ်မြို့ ကန်ကြီးရပ် ဘုရားဇေဒီလမ်း ဦးအောင်ကြွယ်က တာဝန်ခံ ထုတ်ဝေ ဖြန့်ချိခဲ့လေသည်။ အတွဲ-၁၊ အမှတ် ၁၊ တန်ဖိုး ၃/-ဖြစ်၏။

ထိုမဂ္ဂဇင်း စာစောင်တွင်....

| | | | |
|---|---|---|---|
| ၁။ | ဆန္ဒမွန် | အဖွင့်ကဗျာ | ကံ့ကော် |
| ၂။ | ကျွန်ုပ်တို့၏ရည်ရွယ်ချက် | ခေါင်းကြီး | - |
| ၃။ | သင်သိလိုသောမြိတ်ရာဇဝင် | | - |
| ၄။ | အသည်းစေလွှာ ယုကဗျာများ | | ကဗျာရှင်များ |
| ၅။ | အလံတော်ဆောင်ယူခြင်း | ဆောင်းပါး | ဦးကျော်သန်း |
| ၆။ | မချိုတဲ့အပြုံး | စာနဲ့ | ရွှေသန်း |
| ၇။ | ဘဝတူလူလူချင်း | ဝတ္ထု | မြိတ်ရင်သွေး |
| ၈။ | ကျွန်တော်သိသော ဗန်းမော်တင်အောင် | | ရဲဘော်ဘဂွမ် |
| ၉။ | အပျိုးသမီးကဏ္ဍ | | |
| | (က) မေသိပါစေ | | မနှန်းနွယ် |
| | (ခ) မိုးထန်မှအပြန်နှောင်းလေခြင်း | | ခင်မြင့်ဝေ |
| | (ဂ) ဒါတွေ မေ သတိထားရဲ့လား | | မခင်မင် |
| ၁၀။ | ဘုရားငါးဆူဆရာတော်ရှာပုံအမယ် အနား | | - |
| ၁၁။ | ချစ်သောမိုး | စာချ | မြိတ်သက်နှောင်း |
| ၁၂။ | အလင်းဝယ်ကြို့ဆိုခြင်း | ဝတ္ထု | ကြည်မွန်သွေး |

စသည်တို့ ပါရှိလေသည်။

ထို"ယု"မဂ္ဂဇင်းမှာ အတွဲ-၁၊ အမှတ်-၁ ဖြင့် နိဂုံးချုပ်ခဲ့ပြီး ဆက်မထွက်ဖြစ်တော့ပေ။

○

www.burmeseclassic.com

www.burmeseclassic.com



## ဆလုံ

"ဆလုံ" သို့မဟုတ် "မော်ခင်" လူမျိုးတို့၏ မူလဒေသမှာ မလေးကျွန်းဆွယ်ဖြစ်ဟန် တူပြီး ၎င်းတို့၏ ရုပ်ရည်မှာ မလေးလူမျိုးနှင့် လည်းကောင်း၊ မြန်မာလူမျိုးနှင့် လည်းကောင်း ခပ်ဆင်ဆင်တူလေသည်။

မောရစ်ကောလစ် ရေးသည့် "ယိုးဒယားဝိုက်" စာအုပ် တွင် ၁၆၇၅-ခုနှစ်၌ ဗောင်းရေးဆိုသူ ရေးသားသော ခရီးစဉ် မှတ်တမ်းတစ်ခုကို ကိုးကား၍ ဆလုံတို့ကို ကိုဆီလီတာ ဟု ခေါ်ကြောင်း ဖော်ပြထားလေသည်၊ ၁၈၉၁-ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာတွင်မူ ဆလုံ ကို ဆီလုန်ဟု ဖော်ပြထားလေသည်။

ဆလုံတို့သည် မလေးကျွန်းဆွယ်တွင် နေထိုင်ခဲ့ရာမှ မလေးလူမျိုးတို့ ဝင်ရောက်လာသောအခါ မူလဇာတိဒေသကိုစွန့်ခွာ၍ ပင်လယ်ပြင်ရှိ ကျွန်းကြီးကျွန်းငယ်တို့တွင် လှည့်လည်နေထိုင်ကြသည်ဟု ယူဆနိုင်ဖွယ်ရာ ရှိပေသည်။

ထို့ကြောင့် "မြန်မာနိုင်ငံရှိ လူမျိုးများ" စာတမ်းတွင်လောင်းဝစ်ဆိုသူက ဆလုံသည် တိဗက်မြန်မာလူမျိုး၊ မွန်ခမာလူမျိုး၊ ယိုးဒယားတရုတ်လူမျိုး ဟူသော လူမျိုးအုပ်စုကြီး သုံးစုအထဲတွင် မပါရှိဘဲ မလေးလူမျိုးအဆက်အနွယ်ဖြစ်သည်ဟု ရေးသားထားလေသည်။

ဆလုံလူမျိုးတို့သည် မလေးကျွန်းဆွယ်ရှိ ဂျာကွန်လူမျိုးနှင့် ဆက်စပ်နေသည်ဟူသော အယူအဆကြောင့် လူမျိုးတို့၏ သမိုင်း အကြောင်းကို လေ့လာသော "စကီ" နှင့် "ဗလက်ဂဒင်" ပညာရှိကြီး နှစ်ဦးက လွန်လေပြီးသောအခါက ဒေ ငိုရိုချိုင်းနား တောင်ပိုင်းဒေသ၌ ဆလုံနှင့် မွန်ခမာလူမျိုးတို့သည် လူမျိုးချင်း အဆက်အသွယ် ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ထင်မြင်သဘောရရှိခဲ့ကြလေသည်။ ဂျာကွန်တို့မှာ မလေးကျွန်းဆွယ်ရှိ ခေတ်ဦး မလေးလူမျိုးများ ဖြစ်ကြလေသည်။ ၎င်းတို့တွင် တောင်ကုန်းသား "ဩရုန်ဗုကက်" နှင့် ပင်လယ်သား "ဩရုန်လောက်" ဟူ၍ ရှိရာ ဆလုံတို့မှာ ပင်လယ်သားများဖြစ်ကြသည့် "ဩရုန်လောက်" လူမျိုးအထဲတွင် အပါအဝင်ဖြစ်ခလသည်။ မလေးလူမျိုးတို့ကိုယ်တိုင်က ဆလုံလူမျိုးတို့ကို "ဩရုန်ဗီဆင်" ဟု ခေါ်ကြသည်။ ထို "ဩရုန်ဗီဆင်" ဟူသော ဝေါဟာရမှာ ဆီလန်ဝါနှင့် မလက္ကာကမ်းခြေရှိ ဂျာကွန်လူမျိုး အပါအဝင် "ဩရုန်ဗီဆီဆီ" ခေါ် ပင်လယ်သားတို့နှင့် အနည်းငယ် ဆင်ခလသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်မှုပလေးဆုံထုတ်ဝေသည့်မှုင်း



ဆလုံရွာငယ်



www.burmeseclassic.com

www.burmeseclassic.com

ဆလုံလူမျိုး



ဆလုံလူမျိုးတို့၏လှေ



www.burmeseclassic.com

www.burmeseclassic.com



ဆလုံတို့သည် မြိတ်ဒေသအတွင်း မြိတ်ကျွန်းစု နေရာအနှံ့အပြားတွင် နေထိုင်ကြပြီး တာရှည်သဖြင့်တစ်နေရာတည်း၌တွင်နေထိုင်လေ့မရှိဘဲ မိမိတို့ကိုယ်တိုင် တည်ဆောက် ထားသည့် "ကပန်း" ခေါ် လှေငယ်ဖြင့် တစ်နေရာမှ တစ်နေရာသို့ ကူးလူး သွားလာ နေထိုင်တတ်ကြလေသည်။ ၎င်းတို့ကို မြိတ်မြို့ ဆိပ်ငယ်ရပ် ရေစပ်ပိုင်း၊ မြိတ်အနောက် (ကျွန်းစုမြို့နယ်)၊ ကဘန်ကျွန်း၊ ဇရော့ဖွဲ့၊ ဘုတ်ပြင်းမြို့နယ် လမ်းပိကျွန်း၊ ပလောမြို့နယ် ဖုံးကျွန်း၊ ကော့သောင်းမြို့နယ် လင်နီးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ကော့သောင်းမြို့နယ် ကမ်းနားပိုင်းတွင် တစ်ချို့ ကိုးတွေ့ရှိရလေသည်။

၎င်းတို့သည် ဆိုခဲ့သည့်အတိုင်း "ကပန်း" ခေါ် လှေငယ်ဖြင့် တစ်ကျွန်းမှ တစ်ကျွန်းသို့ လှည့်ပတ် သွားလာ နေထိုင်ကြပြီး အရှေ့မြောက် ထုသီလတိုက်ခတ်ချိန် ဆောင်းနှင့် နွေရာသီတို့တွင် လှေငယ်များ အပေါ်၌အနေများပြီ မိုးရာသီတွင်မူ ဖြစ်ကတတ်ဆန်း ကြိမ်ဝါးတို့ဖြင့် ဆောက်လုပ်ထားသော ခြေတံရှည်အိမ်ကလေးများ၌ ယာယီနေထိုင်ကြကာ မိုးရာသီကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ရှိသမျှပစ္စည်းပစ္စယများနှင့်အတူ မွေးမြူထားသော ခွေး ကြောင်၊ ကြက်၊ ငှက်များပါမကျန် တစ်ပါတည်း ခေါ်ဆောင်လျက် ပင်လယ်အတွင်း လှည့်ပတ် သွားလာရင်း အချိန်ကို ကုန်လွန်စေလေသည်။ ဆလုံတို့တွင် ကိုးကွယ်ရာနတ်များဖြစ်ကြသော ကောင်းကျိုးပြု "ခြီးဒါး" ခေါ် နတ်နှင့် ဆိုးကျိုးကိုဖြစ်စေတတ်သော "ကဘူ့ ဝ်" ခေါ် နတ် နှစ်မျိုးရှိသည်အနက် ကောင်းကျိုးပြုသော နတ်ကို မပထလို က မပ,သဘဲနေနိုင်ကြသော်လည်း ဆိုးကျိုးပေးတတ်သော နတ်ကိုမူ တစ်နှစ်လျှင်တစ်ကြိမ်ကျ မြန်မာသကြံန် အခါများ၌ အရက်၊ ဖေါက် ပေါက်၊ ဆေးကွမ်း၊ တိရစ္ဆာန် အသွေးအသားတို့ဖြင့် ပူဇော်ရလေသည်။ ၎င်းတို့၏နတ်ကွန်းကို တွေ့မြင်ဖူးသူ ရှားပါးကြလိမ့်မည် ထင်ပါသည်။ ယခုမှာ ဆိုးကျိုးပြု "ကဘူ့ ဝ်" ခေါ် နတ်၏နတ်ကွန်းဖြစ်ပြီး သင်ပုန်းကျွန်း ကုန်းတွင်းတစ်နေရာတွင် တွေ့မြင်ရပါသည်။ ကုန်တစ်ပုံမှာမြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ရေစပ်တွင် ၎င်းတို့နေထိုင်သည့် ခြေတံရှည်အိမ်နှင့် ၎င်းတို့ကိုယ်တိုင် တည်ဆောက်အသုံးပြုသည့် "ကပန်း" ခေါ် လှေငယ်များ၏ ပုံဖြစ်လေသည်။

www.burmeseclassic.com



## ကြောင်ရေချိုး

"ကြောင်ငယ် ရေချိုး" "အလုပ်မရှိ ကြောင်ရေချိုး" ဆိုသည့် စကားကို ကြားဖူးကြပါသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးခေါင်သည့်အခါ လွန်ဆွဲသည့်အလေ့ တစ်ရပ်ရှိပါသည်။ ထို့အတူ ထားဝယ်နယ်တွင် တစ်မူထူးခြားကာ ဖားထီးဖားမ မိုးခေါ်ပွဲကို မိုးခေါင်သည့်အခါ ကျင်းပလေ့ရှိပါသည်။

ထိုင်းနိုင်ငံ ကျေးရွာတစ်ချို့တွင်လည်း ကြောင်ကိုရေချိုးပေး၍ မိုးခေါ်သည့် ဓလေ့တစ်ရပ် ရှိနေရာ ပုံမျှားဘွင် တွေ့မြင်ရသည့်အတိုင်း စည်ကားလှလေသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသည် ကျောချင်းနံစပ် နီးကပ်လှသော အိမ်နီးချင်းနိုင်ငံများဖြစ်သဖြင့် တစ်ဘက်နိုင်ငံမှ အယူအဆတစ်ချို့သည် မြိတ်ဒေသဝန်းကျင်တွင် စိမ့်ဝင်လျက်ရှိပါသည်။

ထိုင်းနိုင်ငံမှ ကြောင်ရေချိုးပေးသည့် မိုးခေါ်ပွဲဓလေ့မှသည် မြန်မာနိုင်ငံတွင် "ကြောင်ငယ် ရေချိုး" "အလုပ်မရှိ ကြောင်ရေချိုး" ဟူသော ဝေါဟာရဖြစ်လာရပေလိမ့်မည်ဟုဆိုလျှင် စဉ်းစားစရာ ဖြစ်ပေလိမ့်မည်။

○

## ပသျှူးလူမျိုးအကြောင်း

မကပ်ဆားလူမျိုး (ခေါ်) ပသျှူးလူမျိုးတို့သည် ဆီးလီးဗီးနပ်၊ မကပ်ဆာမြို့အား ဒတ်ချ်လူမျိုးတို့မသိမ်းပိုက်မီကပင် ယိုးဒယား၌ ခိုလှုံနေကြသူများ ဖြစ်လေသည်။

ထိုအချိန်က ပသျှူးလူမျိုးတို့မှာ ရိုင်းစိုင်းကြမ်းကြုတ်ရက်စက် သတ်ဖြတ်မှုတွင် ဗိုလ်မထား၊ လက်ရဲဇက်ရဲသူများဖြစ်၍ ၎င်းတို့အားတုပြိုင်ရန် မရှိသလောက်ဖြစ်ခဲ့လေသည်။ မကြာခဏဆိုသလို သူပုန်ထလေ့ရှိကြသဖြင့် "ဂျားဗေ့" ဆိုသူ စာရေးဆရာကြီးက ပသျှူးလူမျိုးတို့ ယိုးဒယားတွင် နေထိုင်ကြသည်မှာ လိုသည်ထက်ပင် ပိုနေကြောင်း၊ အကြောင်းကား ၎င်းတို့သည် မဟာမေဒင်များဖြစ်ကြသည့်အတွက် ထိုသို့များပြားခြင်းဖြစ်ကြောင်း၊ အင်ဒီး(စ်)ကျွန်းစုများတွင် ထိုလူမျိုးတို့သည် အဆိုးဆုံးဖြစ်ကြောင်း၊ ယိုးဒယားပြည်၌ ရာဇဝတ်မှုကျူးလွန်သမျှ ၎င်းတို့ချည်းပင်ဖြစ်၍ ပင်ကိုသဘာဝအရ ရိုင်းစိုင်းပြီး ရက်စက် ကြမ်းကြုတ်သူများ

www.burmeseclassic.com

www.burmeseclassic.com


ကြောင်ရေချိုးပွဲ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ ၎င်းတို့အား အရေးယူနိုင်ကူပ်အငြင်းခက်ပေးခြင်းမပြုပါက သူ့ပုန်ထရန်ကိုပင် လှုံ့ဆော်ပေးတတ်ကြောင်း၊ ၎င်းတို့ အများအပြား လာရောက်နေထိုင်ကြသည်မှာ ကြောက်စရာ ကောင်းလှကြောင်း၊ သူတို့သည် ကြမ်းကြုတ် ရက်စက်ပြီး ရုန်းကစေ အောက်လမ်း အတတ်များကိုပါ လိုက်စားတတ်ကြကြောင်း ဟူ၍ ရေးသားခဲ့ဖူးလေသည်။ ၎င်းတို့သည် လက်နက်များကိုမစွဲကိုင်ကြ၊လက်နက်ကိုင်လျှင်ပင် ပင်ကိုသတ္တိမရှိရာ ကျ၍ စွမ်းအားမရှိရာ၊ ဓားကိုင်မကျွမ်းကျင်ရာရောက်၏ဟု ယူဆထားကြလေသည်။

အာရှပ်အနွယ် မဟာမေဒင် ဘာသာဝင်များသည် မလေးကျွန်းဆွယ်(ခေါ်)ပသျှူးကျွန်းဆွယ်မှ ရောက်ရှိလာကြသည့် လူမျိုးများ ဖြစ်သောကြောင့် ၎င်းတို့အား ပသျှူးလူမျိုးဟု ယနေ့တိုင်ခေါ်ဝေါ်နေကြခြင်းပင် ဖြစ်ပေသည်။

ပသျှူးလူမျိုးတို့သည် မြိတ်ဒေသအတွင်း ကော့သောင်းမြို့နယ်ရှိ ဘန်ကချွန်းနှင့်တစ်ခြားကျေးရွာများတွင်လည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းမြို့၊ စတိန်၊ သံဇု၊ နိပါ၊ အုန်းတောကမ်း၊ ဗျောချောင်း၊ ချောင်းကပီ၊ ကြိမ်နီတောင်၊ ကြိမ်မဲတောင်၊ ကျားတောင်နှင့် တစ်ခြားကျေးရွာများတွင် နေထိုင်ကြလေသည်။ ၎င်းအပြင် တနင်္သာရီမြို့နယ်ရှိ အရှေ့မော်တုံး ကျေးရွာနှင့် အနောက်မော်တုံး ကျေးရွာ တို့တွင်လည်း နေထိုင်ကြသေးသည်ကို တွေ့ရှိရပြန်လေသည်။ များသော အားဖြင့် ဘာသာတူများ စုဝေး နေထိုင်တတ်ကြပြီး ဒေသအလိုက် သီးနှံများ စိုက်ပျိုးခြင်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အသက် မွေးမြူတတ်ကြလေသည်။ အတည်တကျ နေထိုင်သူများလည်း ဖြစ်ပေသည်။ သို့သော် ယိုးဒယားတွင် နေထိုင်ကြသော ပသျှူးတို့နှင့်ကား အဆက်အသွယ် မကောင်းကြသေးပေ။

၎င်းတို့သည် မဟာမေဒင်ဘာသာဝင်များပီပီ ဇာဝင်ကြီးကြသည်။ နေအိမ်များမှာ ခပ်ကုပ်ကုပ်နှင့် တစ်ထပ်တည်း ဆောက်လုပ်ကြ၍ ပြတင်းပေါက်များရှိသော်လည်း အမြဲတစေ ပိတ်ထားတတ်သည်ကို တွေ့ရှိရလေသည်။ အရှေ့အမျိုးအနွယ်မှ ဆင်းသက်လာကြသူများ ဖြစ်၍လည်း ကိုယ်ကာယ သန်မာထွားကျိုင်းကြသည်။သိုင်းပညာတွင် အထူးကျွမ်းကျင်သူများ ဖြစ်သောကြောင့် တိုက်ခိုက်ရေးတွင် ဝါသနာပါကြသည်။ အောက်မြန်မာပြည်အား အင်္ဂလိပ်များ သိမ်းပိုက်ပြီးသည့် အချိန်တွင် ပသျှူးတို့သည် "စကော်နာ" ခေါ် ရွက်လှေများဖြင့် ပင်လယ်ပြင် အတွင်း ကျက်စားသွားလာကြသည်။ ပသျှူးအမျိုးသားတို့မှာ သန်မာ

www.burmeseclassic.com

www.burmeseclassic.com



ထွားကျိုင်းသည်နှင့်အမျှ ပသျှူးအမျိုးသမီးများမှာ ကိုယ်ကာယ သေး သွယ် ပျော့ပျောင်းပြီး ပြုံဝင်းမသာ အသားအရေတို့ဖြင့် ကျော့ရှင်းလှပ သိမ်မွေ့ကြသူများဖြစ်လေသည်။ ပသျှူးအမျိုးသမီးများမှာအစဉ်အလာ အရ ခေါင်းပြီးဖွဲ့ထားရသူ များ လည်း ဖြစ်ကြသည်။ အချို့မှာ (Fascination Bewitching)ပြုစားခြင်းပြုတတ်ကြသည်ဟုဆိုကြသည် သူမတို့အခနုဖြင့် တစိမ်းတရံစာများရှိလျှင် အခန်းအောင်းနေတတ်လေ့ ရှိကြလေသည်။

စာရေးသူတိုင်ယ်စဉ်က "ပသျှူးခေါင်းဖြတ် လာပြီဟေ့"ဆိုလျှင် အသံပင် တုတ်တုတ်မလှုပ်ရဲတော့ပေ။

ထိုလူမျိုးတို့၏စာပေမှာ စုမတြား၊ ဂျာဗားမှ အာရဗီစာပေများ ပင်ဖြစ်ပြီး ဘာသာစကားမှာလည်း စုမတြား၊ ဂျာဗားတို့တွင် ပြောဆို လျက်ရှိသည့် ဘာသာစကားနှင့် အတူတူပင် ဖြစ်လေသည်။ သို့ရာတွင် ဒေသအတွင်း၊ ၎င်းတို့ပြောဆိုသော စကားများမှာ မသိမသာ ကွဲပြား ခြားနားလျက်ရှိသည်ကို တွေ့ရပေသည်။

သူတို့သည် တစ်ချိန်သောအခါက မည်သို့ပင် ဆိုးသွမ်းရက်စက် ကြမ်းကြုတ် လာခဲ့စေကာမူ မြန်မာ၊ မြန်မာ အစ္စလာမ်ဘာသာဝင် အပေါင်းတို့နှင့် ကြာရှည်လေးမြင့်စွာ ပြည်ထောင်စုသားများပီပီ ပေါင်း သင်း ဆက်ဆံနေထိုင်လာကြသောအခါ သဘာဝစရိုက်များ ပြောင်းလဲ လာခဲ့ကြလေသည်။ ရိုးသား ပွင့်လင်းသော တိုင်းရင်းသား လူမျိုးများ အဖြစ်တွေ့ရှိလာရသည်။ ခေတ်ပြောင်းလာသည်နှင့်အမျှ လွတ်လွတ်လပ် လပ် နေထိုင်လာကြပြီး အမျိုးသမီးများ၏ အဝတ်တန်ဆာများနှင့်ပါ တသီးတသန့်ဖြစ်လာကြသည်။ ၎င်းတို့သည် အလုပ်ကို အပတ်တကုပ် လုပ်ကိုင်တတ်ကြပြီး ရွှေများကိုအမြတ်တနိုး စုဆောင်းကာ ဝတ်ဆင်ထတ် ကြသည်။ သို့သော် ၎င်းတို့၏ဝတ်စားဆင်ယင်မှုမှာ အစဉ်အလာကို ပယ် ဖျက်ခြင်းမရှိကြဘဲ အထူးသဖြင့် အမျိုးသမီးများမှာ စုမတြား ဂျာဗား ဆင်ယင်ထုံးဖွဲ့မှုအတိုင်းပင်ရှိကြသေးလေသည်။ အနုသုခုမပညာမှာ မလေး ဆန်၍ အရှေ့တိုင်းအရိပ်အငွေ့မကင်းသဖြင့်ပျော့ပျောင်း နူးညံ့သိမ်မွေ့ သည်။ တူရိယာ ပစ္စည်းများမှာ ခန့်ခန့်ညားညား ဆန်းဆန်းပြားပြား မဟုတ်သော်လည်း ဝုရှည်၊ ပလွေတို၊ မောင်းတို့ဖြင့် တီးမှုတ်သီဆိုကြ သည်မှာ သာယာနာပျော်ဖွယ် ကောင်းလှပေသည်။

ပသျှူးတိုင်းရင်းသားတို့နေထိုင်ရာကျေးရွာများမှာ ပင်လယ်ကမ်းရ စပ် သဲသောင်ဘွန်းသည့်နေရာ၌ စိမ်းလဲ့ဝေဆာသော အုန်းပင်များ ရှိတတ်၍လည်း၊ မိုးသောက်ချိန်နှင့်ညနေဝင်ဆည်းဆာအချိန်များတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပသျှူးလူမျိုးတို့၏ထိုင်းချေပြကွက်



ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ပသျှူးလူမျိုးများ၏
ဝတ်စားဆင်ယင်ပုံကိုဤသို့တွေ့နိုင်သည်



စာရေးသူနှင့်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ပုလဲရေလယ်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော သဘာဝအလှမှာ ၎င်းတို့၏ဘဝကို ထင်ဟပ်ပြနေသည့်အလား ထင်မှတ်ရပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ပသျှူး တိုင်းရင်းသားတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သော နှစ်ပေါင်း၄ါးရာကျော်မှစ၍ တစ်စတစ်စ ဝင်ရောက်လာကြပြီး အခြေတကျနေထိုင်လျက် တ်ငါး၊ အလုပ်နှင့်မြေလွတ်မြေလပ်များအတွင်း ဥယျာဉ်စိုက်ပျိုးခြင်း၊ အထူးသဖြင့် ဒုန်းခြံများ၊ စိုက်ပျိုးခြင်းဖြင့် အသက်မွေးနေသော တိုင်းရင်းသားများ ဖြစ်ကြပေရာ ၎င်းတို့၏ ရိုးရာ ယဉ်ကျေးမှုကို အတွင်းကျကျ လေ့လာမှတ်တမ်းတင်ထားသင့်လှပေတော့သည်။

○

## ရေလယ်စေတီတော်

မြိတ်မြို့နှင့်မျက်နှာချင်းဆိုင်တွင် မြိတ်မြို့မှ ကိုက် ၈၀၀ခန့် ကွာပြီး ၂၂၈ ပေ မြင့်သည့် ပထက်တောင်သည် တည်ရှိ၏။

ထိုပထက်တောင်၏ မျက်နှာစာရေပြင်တွင် ဘုတ်ကျောက်တို့ဖြင့် တည်ထားကိုးကွယ်ခဲ့သော ရေလယ်စေတီတော်ကို 'ပုံ' တွင် မြင်ရသည့်အတိုင်း ဖူးတွေ့ရမည်ဖြစ်လေသည်။

ထိုစေတီတော်တည်ထားခြင်းသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ကြည်ညိုဖွယ်ဖြစ်ရုံမျှမက ပင်လယ်ကူးသင်္ဘောများ ဆိပ်ကမ်းသို့ဆိုက်ကပ်ရာတွင် ထိုစေတီတော်တည်နေရာမှာ LAND MARK (မှုလရေလယ်စေတီ)အဖြစ်လည်း အသုံးတည့်လျက်ရှိကြောင်း မိတ်ဆွေသင်္ဘောကပ္ပတိန်တစ်ဦးက ပြောပြဖူးသည်။

တစ်နေ့တွင် ပထက်တောင်ခြေရင်း ကမ်းစပ်ပိုင်းတွင်နေထိုင်သည့် ဦးပါလေးသည် ငါးနှာသဖြင့် မြိတ်ဘက်ကမ်းသို့ကူးတို့ဖြင့် ကူးလာကာ နောက်လယ်ရပ်ကွက်တွင်ဖွင့်လှစ်ထားသော ဒေါက်တာမောင်မောင်ဦး၏ ဆေးခန်းတွင် ပြသပြီး ကုသမှုကိုခံယူသည်။ ထိုပါရေလယ်စေတီအား မိမိတို့အနွယ်အလျောက် သဒ္ဓါတတ်အားသမျှ ပြုပြင်နေကြသူများဖြစ်သည့် နောက်လယ်ရပ်နေ ဒေါ်ပို့နှင့် ဒေါ်ရှားအင်တို့သည် ဆေးခန်းသို့ ဝင်၍ ဦးပါလေး၏အခြေအနေကိုမေးမြန်းကြသည်။

ထိုအချိန်တွင်ပင် နောက်လယ်ရပ်ကွက် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးသန်းညွှန့်ကလည်း လမ်းကြုံသည်နှင့် ဦးပါလေး၏ အခြေအနေကို သတင်းဝင်မေးသည်။ ထိုအခါ သူတို့တတွေ ဆေးခန်းအတွင်း၌ ဆုံဖြစ်ခဲ့ကြသည်။

www.burmeseclassic.com



ဦးသန်းညွန့်သည် ရပ်ကွက်ပြည်သူ့ကောင်စီ၏ တာဝန်အမြင် ဝါသနာအလျောက် နောက်သယ်ရပ်ကွက် လူငယ်ဥပသကာအဖွဲ့ကိုလည်း ရှေ့ဆောင်ဦးရွက်ပြုနေသူဖြစ်ရာ ယင်းကဲ့သို့ ရေလယ်စေတီ ပြုပြင်ရေးတွင် ထိုအဖွဲ့၏အင်အားကို ရယူလိုဟန်ရှိသည့် အဆိုပါ အမျိုးသမီးနှစ်ဦးက ရေလယ်စေတီပြုပြင်ရေးတွင် မိမိတို့ စေတနာနှင့် လုပ်အားမှာ အရာရောက်သင့်သလောက်မရောက်ဘဲရှိနေသောကြောင့် ဥပသကာအဖွဲ့မှ တတပ်တအား ဝင်ရောက်အကူအညီပေးပါရန် ဦးသန်းညွန့်အားကြုံကြိုက်စဉ် မေတ္တာရပ်ခံကြသည်။

ဦးသန်းညွန့်၏စိတ်ထဲ၌မူ မိမိတို့ဥပသကာအဖွဲ့မှာသံဃာတော်အရှင်သူမြတ်များအတွက် ပစ္စည်းလေးပါးဝေယျာဝစ္စကိစ္စများကိုသာ ဦးတည်ဆောင်ရွက်နေကြသူများဖြစ်ပြီး ဘုရားတည်သည့်အဖွဲ့အစည်းတစ်ခုမဟုတ်မှန်း ရှေ့ဦးမဆွကပင် သိထားသည်မှန်သော်လည်း လူမှုရေး၊ ကုသိုလ်ရေးဖြစ်နေ၍တစ်ကြောင်း၊ ၎င်းတို့နှစ်ဦး၏စေတနာကိုလည်း မထိခိုက်စေလို၍ တစ်ကြောင်းတို့ကြောင့် ရေလယ်စေတီတော် ပြုပြင်ရေး အခြေအနေကို ကြည့်ပေးပါမည်ဟု အလိုက်သင့်ပင် ပြောကြားခဲ့ရသည်။

တစ်နေ့တွင် ဦးသန်းညွန့် အနေဖြင့် ထိုရေလယ်စေတီတော်သို့ ရောက်ဖြစ်ခဲ့သည်။ အခြေအနေကိုလှည့်ပတ်ကြည့်ရှုသည်။ ထိုအခါ ရေများတိုက်စား၍ အတွင်းလိုက်ကာ စေတီတော်မှာ ၅ ရှ.အဖို့တွင် အရှည်သဖြင့် တည်တံ့နိုင်ဖွယ်ရာမရှိတော့သည့် အခြေအနေကို သဘောပေါက်လာသည်။ ထိုစေတီအား ထိုက်သင့်သလိုပြုပြင်လျှင် ကျပ်ငွေ နှစ်သောင်းခန့် ကုန်ကျလိမ့်မည်ဟုလည်း စိတ်ထဲကခန့်မှန်းလိုက်မိသည်။ ယင်းအချိန်ကာလမှာ လွန်ခဲ့သော ၅-နှစ်ကျော်ခန့်က ဖြစ်၏။

သို့သော် စေတီတော်ပြုပြင်ရေးလုပ်ငန်းကား အစမသတ်နိုင်သေးပေ။ ဘုရားဖူး လုပ်သားပြည်သူများ ကမ်းစပ်မှရင်ပြင်ပေါ် သို့ လွယ်ကူစွာ သွားရောက်နိုင်ရန် ပေါင်းကူးတံတားတစ်ခုကို ဆောက်လုပ်ရပေဦးမည်။ ထိုအတွက် ကုန်ကျမည့် ခန့်မှန်းငွေမှာ ကျပ်ငွေသုံးသိန်းခန့် ဖြစ်လေသည်။ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆဲဟု သိရပါသည်။ ဤနေရာတွင် စေတနာရှင်များ၏သဒ္ဓါတရားမှာ အရေးပါအရာရောက်လှပါကြောင်း၊ ဆိုဖွယ်ရာမရှိတော့ပါပြီတည်း။ ဦးသန်းညွန့်သည် ရပ်ကွက်အတွင်းမှ စေတနာရှင်အချို့နှင့်တိုင်ပင်ကာ ဥပသကာအဖွဲ့နှင့်လည်း အကျေအလည်ညှိနှိုင်း၍ပြုပြင်ရေးလုပ်ငန်းကို စတင်ခဲ့သည်။ ပုံမှာ

www.burmeseclassic.com

www.burmeseclassic.com

ပုံမှာကျပ်ငွေခြောက်သိန်းခန့်ကုန်ကျချိန်တွင်
ပြီးစီးမှုအခြေအနေကိုတွေ့မြင်ရပါသည်
သို့သော်စေတီအားရွှေသင်္ကန်းမကပ်လှူရသေးပေ



ရွှေသင်္ကန်းကပ်လှူပြီးနောက်
ကျပ်ငွေရှစ်သိန်းကုန်ကျခဲ့ပြီးသည့်
အခြေအနေဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



လူငယ်အားမာန်စာကြည့်တိုက်အမှုဆောင်အဖွဲ့

ရှေ့(ထိုင်) ဒေါ်သိန်းရီ ဦးသန်းညွှန့် ဦးရိုးမောင်
ဝဲမှယာ ဥက္ကဋ္ဌ နာယက နာယက

နောက်(ရပ်) ဦးကျော်ခင် ဦးခင်ရီ ဦးသောင်းထွန်း ဦးထွန်းရီ
စာကြည့်တိုက်မှူး ဘဏ္ဍာရေးမှူး ပြန်ကြားရေးမှူး ဒု-ဥက္ကဋ္ဌ

ဦးလှမြင့်
အတွင်းရေးမှူး } ပျက်ကွက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသည့်အတိုင်း ဆင်ငှပ်ကြီးပေါ်တွင် သပိတ်တော်တင်၍ အထူး သဖြင့် လဆန်း(၇)ရက်၊ ဆုတ်(၇)ရက် လပြည့်လကွယ်နေ့ကြီးရက်ကြီး များတွင် မြို့တွင်းသို့ ဥပသကာအဖွဲ့နှင့်လှည့်လည်၍ အလှူခံထွက်ပြီး ရေ လယ်စေတီပြုပြင်ရေး ငွေယိုချောင်မှုအတွက် အလှူတော်ငွေများကို စုစည်း ရှင်း လုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ရပေသည်။ ယခုသော် တက်ကြွ မတ်မတ် ပြုပြင်လာခဲ့သည့်အချိန်မှာ ၅-နှစ်မျှ ကြာညောင်းခဲ့ပြီး ဖြစ်ပေ သည်။

ခေတ်ပုံက ပြောသော

ဖြတ်သန်း မှတ်တိုင်များ

(ဒုတိယအုပ်) ဆက်လက်ထွက်ရှိပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကျေးဇူးတင်လွှာ

ဤမည်သော စာတ်ပုံကပြောသော မြိတ်သမိုင်းမှတ်တိုင်များ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်သော အကူအညီများ ပေးခဲ့ကြသည်....

၁။ ဗဟိုဘုရားရှိုးရှေ့နေ ဦးသောင်းစိန်အား လည်းကောင်း၊

၂။ လိုအပ်သော ဓာတ်ပုံမှတ်တမ်းများ ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊

၃။ ငွေကြေးအကူအညီပေးကြသူများဖြစ်ကြသည်-

(က) မြိတ်မြို့ နောက်သယ်ချပ်ခန ဦးကျော်ပွန်း-ဒေါ်ရွှင်မား

(ခ) မြိတ်မြို့ နောက်သယ်ချပ်ခန ဦးအောင်မြင့်-ဒေါ်ခင်မြင့်

(ဂ) မြိတ်မြို့ နောက်သယ်ချပ်ခန မချိချိမွန်၊ မောင်ဝင်း၊ ခွ

(ဃ) မြိတ်မြို့ နောက်သယ်ချပ်ခန ဦးမြသွင်-ဒေါ်ရွှေအင်

၄။ (င) မြိတ်မြို့ နောက်သယ်ချပ်ခန ဦးမြင့်ဝိုး-ဒေါ်သက်ရီ

တို့အား လည်းကောင်း၊

၄။ ယခင် အလုပ်အမှုဆောင်အဖွဲ့ နောက်လယ်ရပ်ကွက် ပြည်သူ့ကောင်စီ၊

၅။ နောက်လယ်ရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြိတ်မြို့၊

၆။ ဦးမျိုးဆန့်(မောင်ဆုရှင်)၊ ဦးလွင်စန်းယဉ်၊ ဦးမောင်မောင်မြင့်အေး၊ ပန်းချီ ဓအ-ဘျော်စွာ၊ ဦးသက်ကျော် (အယ်ဒီတာ—သခော်ာသား မဂ္ဂဇင်း)နှင့် စာအုပ်ဖြစ်မြောက်ထုတ်ဝေနိုင်ရေးအတွက် ပိုင်းဝန်းကူညီခဲ့ကြသော မိတ်သင်္ဂဟအပေါင်း တို့အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်ပြေချမ်း(မြိတ်)

www.burmeseclassic.com

www.burmeseclassic.com

## အကိုးအကားစာရင်း။


၁။ BURMA GAZETTEER (MERGUI DISTRICT) VOLUME A. 1962

၂။ INTO HIDDEN BURMA BY MAURICE COLLIS (တောင်တွင်း ကိုကိုကြီး၊ ဘာသာပြန်၊ 1975- MAY)

၃။ အလောင်းမင်းတရား အမိန့်တော်များ။

၄။ တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး၊ ၁၂၉၀-ခုနှစ်။

၅။ ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော် နောက်ကြောင်းများ။ (သုတေသနရဲဘော်၊ ၁၉၇၅-မတ်လ)

၆။ မြိတ်မဂ္ဂဇင်းများ။ (၁၃၃၀-ပြည့်နှစ်မှ ၈၅ ထင်နှင့်ထင်ကြင်ထုတ် သဲနေ့အထိ)

၇။ မြိတ်အရေး မြို့နယ်မှတ်တမ်း။ (၁၉၄၅-ဂဏ် ခုနှစ်)

၈။ သတင်းစာများ။

၉။ သိရှိသူများ၏ပြောပြချက်များ။

၁၀။ ကိုယ်တွေ့မှတ်တမ်းများ။

၁၁။ ဦးစိန်မြင့်၏ နှစ် ၂၀၀၀ မြန်မာနိုင်ငံသမိုင်း။ (၁၉၆၉-ခုနှစ်၊ မေလ)

၁၂။ မောင်သစ်လွင် (လူထု) ၏ ရှေးဦး မြန်မာသတင်းစာများ။ (၁၉၇၀-ဩဂုတ်)

၁၃။ တက္ကသိုလ်စိန်တင် (မြန်မာပြန်) အကျဉ်းခံသီပေါ။

၁၄။ မစ္စတာ ကိုးရိုက်ရှ (မြန်မာပြန်) ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ။

၁၅။ ဦးဝိုးကျား ဆောင်းပါးပေါင်းချုပ် (၁၉၇၅-ခု၊ ဒီဇင်ဘာလ)

၁၆။ ၁၉၅၂-၅၃ ခုနှစ်၊ မြိတ်ခရိုင် ပြည်တော်သာစာစောင်။

၁၇။ ကျောင်းသားခေါင်းဆောင် ကိုရင်ငြိမ်းဟန်၏ နေ့စဉ်မှတ်တမ်း ကောက်နှုတ်ချက်။

၁၈။ မြိတ်ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ၏ ၁၉၆၂-ခုနှစ် အစီရင်ခံစာ။

၁၉။ လွင်မောင်၏ မှတ်တမ်းသမိုင်း ဓဂု-ရော၊ တနင်္သာရီတိုင်း။
(၁၉၇၀-ခုနှစ်၊ ဩဂုတ်လ)


www.burmeseclassic.com

www.burmeseclassic.com

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၃၉ | လွတ်သပ်ရေးမရင်ချမယ် | - လွတ်လပ်ရေးမရရင်ချမယ် |
| ၈၁ | ပြေးရှင်းပြီးမှ | - ပြေရှင်းပြီး၍ |
| ၈၃ | ၁၃၀၃-၀၄ခုနှစ် အဘ ဗမာပြည် လွတ်လုပ်ရေး တိုက်ပွဲတွင် အသက်စွန့် သွားကြ သော ဗမာ့ လွတ်လပ်ရေးတပ်မတော် သားများတို့ | - ၁၃၀၃-၀၄ ခုနှစ် အဘ ဗမာပြည် လွတ်လပ်ရေး တိုက်ပွဲ တွင် အသက်စွန့် သွား ကြ သော ဗမာ့ လွတ်လပ်ရေး တပ်မတော် သားများသို့ |
| ၂၁ | သဝါမိ | - ဘဝါမိ |
| ၄၁ | သဘောထားကဲလဲ | - သဘောထားကွဲလွဲ |
| မီးဘေးစာတပ်ပုံ | မိးသတ်အရာရှိ ဦးရွှေသင် | ဦးရွှေသင် |

www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ပုံကပြောသော မြိတ်သမိုင်းမှတ်တိုင်များ" စာအုပ်ကိုပြုစုသူ ဦးသန်းမြင့်(မောင်ပြေချမ်း-မြိတ်)သည် ၁၉၆၆-ခုနှစ်တွင် မြိတ်မြို့၊ အမှတ်(၄)ဒေသစိတ် လုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး အဖြစ် လည်းကောင်း၊ ၁၉၆၆-၆၇-ခုနှစ်တွင် မြိတ် မြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း မြိတ်ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ၏ တာဝန်ပေးချက်အရ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၇-ခုနှစ်၊ ယနေ့တိုင် စဉ်ဆက်မပြတ် ထုတ်ဝေဆဲ ဖြစ်သော ...စ်မဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို ဦးသန်းမြင့်၊ ...ာင်ပြေချမ်း(မြိတ်)၊ မောင်သောကြာ၊ သရဖီဟူသည့်ကလောင်အမည် ...ဖြင့် ရေးသားခဲ့သည့် အပြင် ဖုန်းညက်တောင် စာတမ်း နှင့် မြိတ်မြို့ ...ကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဒုမ ထေရုပ္ပတ္တိကို ၁၉၇၉-...တွင် ရေးသားခဲ့ပြီး၊ မြိတ်မြို့ ကြက်သရေဆောင် လေးကျွန်း ဆိမ်း ...စေတီတော်မြတ်ကြီး၏သမိုင်းကို ၁၉၈၂-ခုနှစ်တွင် ရေးသားခဲ့သည်။

၁၉၈၄-ခုနှစ်တွင် အဖွဲ့ဝင်အမှတ်(၄၅၁၉)ဖြင့် ပြည်ထောင်စု ...လစ်သမ္မတ မြန်မာနိုင်ငံတော်...လုပ်သားအဖွဲ့ အဖွဲ့ဝင်တစ်ဦး ...အသိအမှတ်ပြုခံခဲ့ရသည်။

လက်ရှိတာဝန်မှာ မြိတ်အရှေ့မြို့နယ် အမဝ ါလာ ဦးစီးဌာနတွင် ...မှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်

www.burmeseclassic.com